ယခင်အစိုးရလက်ထက်က စတင်ဆောင်ရွက်ခဲ့ပြီး
လက်ရှိအစိုးရလက်ထက်တွင် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်နေသော
တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်
(Nationwide Ceasefire Agreement-NCA)

# NCA အကောင်အထည်ဖော်မှုဆိုင်ရာ

## အ ခြေ ခံ လ မ် း ညွှ န် ချ က် မျ ာ း

နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ညှိနှိုင်းရေးအဖွဲ့မှ
လတ်တလော သဘောတူညီချက် ရယူထားသော

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်

# THE FRAMEWORK FOR POLITICAL DIALOGUE

# ၂၁ ရာစု ပင်လုံ

## ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ မှတ်တမ်းများ

KNU-DOI နှင့် Research Institute for Society and Ecology (RISE) တို့မှ
၂၀၁၇ ဇန်နဝါရီလတွင် ထုတ်ဝေသည်။

# မာတိကာ


အမှာစာ ............................................................................................................................ ၁

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းခြင်း (NRPC).................. ၄

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန် ........... ၇

UPDJC အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းလမ်းညွှန် ...............................................................၁၀

UPDJC လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန် ..........................................................၁၂

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းခြင်း.......................................၁၅

နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင် ...........................................................................၂၂

နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်ပုံစံ (Structure) ၏ ရှင်းလင်းချက် ....................................၃၄

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ .................................၃၆

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန် .................၃၈

ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်..................၄၁

အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန် ..၄၄

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ လုပ်ငန်းလမ်းညွှန်...................၄၇

ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်များအတွက်
အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း......................၄၉

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)
အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန် .....................................................................................၅၄

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ
ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏လုပ်ငန်းတာဝန် ............................................................၅၆
တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ
ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏လုပ်ငန်းတာဝန် ............................................................၆၂
ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု
ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ..............................................................၇၅

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံ
အကြိုပြင်ဆင်ရေးကော်မတီ နှင့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း ........................................၈၄
နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း .......................................၉၂
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်း ..................၉၇
EAOs ကိုယ်စား KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ မိန့်ခွန်း...........................၁၀၁
UNFC ဥက္ကဋ္ဌ၊ KIO ဗဟိုနာယက ဗိုလ်ချုပ်ကြီး အဲန်ဘန်လ၏ မိန့်ခွန်း ...........................၁၀၄
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြောကြားသည့်မိန့်ခွန်း .............................၁၀၇
ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်း.........................................၁၀၉
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ မိန့်ခွန်း ...........................................၁၁၂
UPDJC ၏ လုပ်ငန်းအစီရင်ခံစာ ...........................................................................................၁၁၅
JMC-U မှ တင်ပြချက်များ...................................................................................................၁၁၈
နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကိစ္စ အစီရင်ခံစာတင်သွင်းခြင်း...................................၁၂၁
အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆိုင်ရာအကြောင်းအရာများ................................၁၂၃
ညီလာခံ အကြိုပြင်ဆင်ရေးကော်မတီ၏ အစီရင်ခံစာ ........................................................၁၂၆

# အမှာစာ

၂၀၁၅ အောက်တိုဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံသမိုင်း၌ သမိုင်းမော်ကွန်းတင်ခဲ့သည့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို နိုင်ငံတကာ အသိသက်သေများနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံးရှေ့မှောက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုသဘောတူစာချုပ်(NCA) သည် အပစ်အခတ်ရပ်စဲရေး တခုတည်းကိုသာ ရည်ရွယ်ရေးဆွဲထားခြင်း မဟုတ်ဘဲ မြန်မာနိုင်ငံလွပ်လပ်ရေးရရှိပြီးနောက် နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း မြန်မာနိုင်ငံသမိုင်းတွင် တကြိမ်တခါမျှ ပြုလုပ်ကျင်းပနိုင်ခွင့် မရှိခဲ့ဘူးသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရန်နှင့် ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား နှစ်ဘက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းလည်း ဖြစ်သည်။

ထိုသို့သဘောတူညီခဲ့သည့်အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ရရှိအောင် ညှိနှိုင်းရေးဆွဲခဲ့သည်။ ဆွေးနွေးရရှိခဲ့သော နိုင်ငံရေးဆွေးနွေးမှု မူဘောင်အတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ UPC ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်–စက်တင်ဘာလ တို့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံတွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် စတင်ကျင်းပပြုလုပ်သွားရန် သဘောတူခဲ့ကြသည်။

သို့ဖြစ်၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ကျင်းပမည်ဆိုလျှင် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင်အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များ၊ UPDJC ၏ လုပ်ငန်းတာဝန်များ၊ လူမျိုးအလိုက်နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များ၊ ဒေသ

အလိုက် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များ၊ အကြောင်းအရာအလိုက် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းလမ်းညွှန်များကို သိရှိရန်လိုအပ်မည် ဖြစ်ပါသည်။

အထက်ပါလုပ်ငန်းလမ်းညွှန်များကို သိရှိမှသာလျှင် မိမိတို့ ဆွေးနွေးနေသော ပြုလုပ်ကျင်းပနေသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများသည် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်အတွင်း ဆွေးနွေးသည်ဖြစ်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံဆီသို့ လမ်းကြောင်းမှန်ဖြင့် တက်ရောက် တင်ပြဆွေးနွေးသွားနိုင်မည် ဖြစ်ပါသည်။

ယခု မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် သမ္မတ ဦးသိန်းစိန် လက်ထက်နောက်ပိုင်း NLD အစိုးရ တက်လာပြီးနောက် ဆက်လက်ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးကြိုးပမ်းမှုဆိုင်ရာ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာများကို တင်ပြထားခြင်းဖြစ်ပါသည်။

အချို့သော သတင်းအချက်အလက်များသည် UPDJC ဆိုင်ရာ ကော်မတီတို့မှ သဘောတူထားမှုများ ပါရှိသလို၊ ဆက်လက်ဆွေးနွေးရန် သဘောတူထားမှုများလည်း ပါဝင်သည်။

အဓိက တင်ပြလိုသည်မှာ နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်၏ နောက်ဆုံးရောက်ရှိနေသည့် အခြေအနေကို တင်ပြထားခြင်း ဖြစ်ပါသည်။

မိမိတို့တင်ပြထားသော သတင်းအချက်အလက်မှတ်တမ်းများမှတဆင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်သွားနိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များနှင့်အညီ တိုင်းရင်းသားများအားလုံး အတူတကွယှဉ်တွဲနေထိုင်နိုင်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ် တည်ဆောက်နိုင်ပါစေကြောင်း … ။

**စောလှထွန်း**
**စည်းရုံးရေးနှင့် ပြန်ကြားရေးဌာန**
**KNU ကရင်အမျိုးသားအစည်းအရုံး**

# ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ

(Union Peace Dialogue Joint Committee- UPDJC)


အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းခြင်း (NRPC)..................၄

ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန် ...........၇

UPDJC အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းလမ်းညွှန် ...................................................................၁၀

UPDJC လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန် ..............................................................၁၂

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းခြင်း.........................................၁၅

# NRPC ဖွဲ့စည်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅၀/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)**

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းခြင်း
## (National Reconciliation and Peace Center-NRPC)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သောမူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ရန် 'အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center-NRPC)' ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်အောင်ဆန်းစုကြည်<br>နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဒေါက်တာတင်မျိုးဝင်း<br>ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-<br>(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီ | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | နိုင်သက်လွင်<br>ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးထွန်းထွန်းဦး | အဖွဲ့ဝင် |

ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် — အဖွဲ့ဝင်
အမှတ်(၂) စစ်ဆင်ရေး အထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင် — အဖွဲ့ဝင်
အမှတ်(၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဈ) ဦးခွန်မောင်သောင်း (ပင်လောင်းမဲဆန္ဒနယ်) — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်
ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ပြည်သူ့လွှတ်တော်

(ည) ဒေါ်ရှီလာနန်တောင် (ခ) ဒေါ်အမ်နန်တောင် — အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ်(၂)၊ ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ အမျိုးသားလွှတ်တော်

(ဋ) ဦးခင်မောင်တင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်အတွက်လိုအပ်သော မူဝါဒများချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ခ) ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လိုအပ်သော မူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်း အများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများချမှတ်ပေးခြင်း။

(ဃ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အင်အားစုများ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အကူအညီပေးသော အလှူရှင် အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ပြည်တွင်းပြည်ပတက်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော ဦးဆောင်လမ်းညွှန်မှု

ပေးခြင်း၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် နည်းလမ်းများရှာဖွေဖော်ထုတ်ခြင်း၊

(စ) ဗဟိုဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံး လုပ်နည်းများနှင့် ညွှန်ကြားချက်များထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသည် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သည့် အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

UPDJC လုပ်ငန်းလမ်းညွှန်

# ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန် (မူကြမ်း)

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသော ပထမအကြိမ် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ဖွဲ့စည်းပေးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ တွင် ကျင်းပသော (JICM) အစည်းအဝေးတွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

UPDJC သည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ရည်ရွယ်သည်။

## ဖွဲ့စည်းမှု

၁။ UPDJC ကို နိုင်ငံတော်အစိုးရဘက်မှ အစိုးရအဖွဲ့၊ လွှတ်တော်များနှင့် တပ်မတော်၊ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီတို့မှ ကိုယ်စားလှယ်များ အချိုးတူ ပါဝင်စေကာ ဖွဲ့စည်းသွားမည်။

၂။ UPDJC ၏ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်သည်။ (ဆက်လက်ဆွေးနွေးရန်)

(က) ဥက္ကဋ္ဌ

(ခ) ဒုတိယ ဥက္ကဋ္ဌ

(ဂ) ဒုတိယ ဥက္ကဋ္ဌ

(ဃ) ဒုတိယ ဥက္ကဋ္ဌ

(င) အဖွဲ့ဝင်များ

(စ) အတွင်းရေးမှူးအဖွဲ့

၃။ အတွင်းရေးမှူးအဖွဲ့ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများမှ ၁၅ ဦး ထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ UPDJC ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) UPDJC သည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရ

မည်။

(ခ) UPDJC သည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရန် တာဝန်ရှိသည်။

(ဂ) UPDJC သည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို NCA လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း စတင် ကျင်းပရန် တာဝန်ရှိသည်။

(ဃ) UPDJC သည် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွင် ဆွေးနွေးရမည့် အရေးကြီးသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ အခြေခံမူ (Principle) များ ညှိနှိုင်းချမှတ်ပေးရမည်။

(င) UPDJC သည် UPDJC အတွင်းရေးမှူးအဖွဲ့မှတဆင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ တင်ပြလာသော မူဝါဒအဆိုပြုလွှာများကို အကျေအလည်ညှိနှိုင်း၍ ဆုံးဖြတ်ချက်ချမှတ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံတွင် ဆွေးနွေးအတည်ပြုနိုင်ရန် တင်ပြသွားရမည်။

(စ) UPDJC သည် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအတွင်း မဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ၊ အခက်အခဲများ ရှိ၍ တင်ပြလာပါက လိုအပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးရမည်။ (Deadlock Breaking)။

(ဆ) UPDJC အနေနှင့် မဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ၊ အခက်အခဲများရှိလာပါက တနိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး (JICM) သို့ တင်ပြ၍ ဆုံးဖြတ် ချက်ရယူရမည်။

(ဇ) UPDJC သည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကိုလည်းကောင်း၊ ပြည်ထောင်စု သဘောတူစာချုပ် တရပ်လုံးကိုလည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက် ရယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်။

(ဈ) UPDJC သည် UPDJC အတွင်းရေးမှူးအဖွဲ့၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းလမ်းညွှန် (ToR) များ ချမှတ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးရမည်။

(ည) UPDJC သည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် သက်ဆိုင်သည့် လုပ်ငန်းလမ်းညွှန်များ ချမှတ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ပေးရမည်။

(ဋ) UPDJC သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ ကျင်းပမည့်ပုံစံနှင့် နည်းလမ်းများအပါအဝင် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲအတည်ပြုပြီး ညီလာခံသို့ တင်ပြရမည်။

(ဌ) UPDJC သည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်ပါက UPDJC ကော်မတီဝင် ဖြည့်စွက် ခန့်အပ်ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို JICM သို့ တင်ပြ၍ အတည်ပြုချက်ရယူကာ ဆောင်ရွက်နိုင်သည်။

**အစည်းအဝေးကျင်းပခြင်း**

၅။ (က) UPDJC စုံညီအစည်းအဝေးကို ၂ လတကြိမ် ကျင်းပသွားရမည်။
(ခ) လိုအပ်ပါက ကြားကာလတွင်လည်း အစည်းအဝေးကျင်းပရန် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

**အစည်းအဝေး အထမြောက်ခြင်း**

၆။ UPDJC အစည်းအဝေးသည် ကိုယ်စားပြုတက်ရောက်ခွင့်ရှိသည့် အစုအဖွဲ့တခုချင်းစီမှ ၇၅% တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။

**အစည်းအဝေး ဆုံးဖြတ်ချက် ချမှတ်ခြင်း**

၇။ UPDJC သည် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် အစည်းအဝေးတက်ရောက်လာသော နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ တခုချင်းစီမှ အနည်းဆုံး ၅၀% အထက် ထောက်ခံမဲရ၍ တက်ရောက်လာသူ စုစုပေါင်း၏ ထောက်ခံမဲ သုံးပုံ နှစ်ပုံဖြင့် ဆုံးဖြတ်နိုင်သည်။

**အထွေထွေ**

၈။ (က) UPDJC သည် NCA ပါ သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အဆင့်ဆင့်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော စည်းမျဉ်းစည်းကမ်းများ၊ ကြေငြာစာများ၊ လုပ်ထုံးလုပ်နည်းများအား ကော်မတီဝင်ကိုယ်စားလှယ်များနှင့် အခြားကော်မတီဝင်များ သိရှိနိုင်ရန်အတွက် ထုတ်ပြန်နိုင်သည်။
(ခ) UPDJC သည် ရုံးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကြေငြာစာများ၊ လမ်းညွှန်ချက်များနှင့် အသိပေးစာများ ထုတ်ပြန်နိုင်သည်။
(ဂ) UPDJC ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို JICM ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပိုဒ်ခွဲ(ဇ)အရ JICM အစည်းအဝေးများတွင် ပြင်ဆင်ဖြည့်စွက်နိုင်သည်။

## UPDJC အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းလမ်းညွှန်

# ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ လုပ်ငန်းလမ်းညွှန် (မူကြမ်း)

**ဖွဲ့စည်းမှု**

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC အတွင်းရေးမှူးအဖွဲ့ကို အစိုးရ၊ လွှတ်တော်များ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ၁၅ ဦးထက်မပိုသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

**တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂။ UPDJC အတွင်းရေးမှူးအဖွဲ့သည် UPDJC အစည်းအဝေးကိစ္စရပ်များ၊ ဆုံးဖြတ်ချက်များ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ အစည်းအဝေးကိစ္စရပ်များနှင့် သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၃။ အတွင်းရေးမှူးအဖွဲ့ဝင် ၁၅ ဦးအနက်မှ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများ၏ အတွင်းရေးမှူးအဖွဲ့ဝင် ၃ ဦးတို့သည် သက်ဆိုင်ရာ လုပ်ငန်းကော်မတီတခုစီကို ကြီးကြပ်ရန် တာဝန်ရှိသည်။

၄။ အတွင်းရေးမှူးအဖွဲ့သည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ UPDJC မှ ချမှတ်ထားသော မူဝါဒလမ်းညွှန်ချက်များကို လုပ်ငန်းကော်မတီတွင် ပြန်လည် ရှင်းလင်းညှိနှိုင်း ဆောင်ရွက်ရမည်။

၅။ အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းကော်မတီများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) များ၊ နည်းပညာ အထောက်အကူပြုအဖွဲ့နှင့် ရုံးအဖွဲ့တို့၏ လုပ်ငန်းရပ်များကို ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၆။ အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းကော်မတီများမှ ပေးပို့လာသော မူဝါဒအဆိုပြုလွှာများ၊ အကြံပြုချက်များကို လက်ခံစုစည်း၍ ဦးစားပေးအစီအစဉ်များ ချမှတ်ပြီး UPDJC မှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံတွင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး အတွက် တင်သွင်းရမည်။

၇။ အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းကော်မတီများ တခုနှင့်တခုအကြား ညှိနှိုင်းဆောင်ရွက် ပေးရန် တာဝန်ရှိသည်။

၈။ အတွင်းရေးမှူးအဖွဲ့သည် နိုင်ငံရေးဆွေးနွေးပွဲနှင့် ပတ်သက်သည့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု၊ နည်းပညာအထောက်အကူပြုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို ကြီးကြပ်

ရန် တာဝန်ရှိသည်။ (ဆက်လက်ဆွေးနွေးရန်)

၉။ အတွင်းရေးမှူးအဖွဲ့သည် ရုံပုံငွေနှင့် ဘဏ္ဍာရေးသတ်မှတ်ချက်များဆိုင်ရာ ကိစ္စရပ်များအား UPDJC ၏ အတည်ပြုချက်ရယူနိုင်ရန် တင်ပြရမည်။

၁၀။ အတွင်းရေးမှူးအဖွဲ့သည် UPDJC ရုံးအဖွဲ့အတွက် လိုအပ်သော ဝန်ထမ်းများအား ကျွမ်းကျင်မှုကိုအခြေခံ၍ လုပ်ငန်းလိုအပ်ချက်နှင့်အညီ UPDJC မှ ရွေးချယ်ပြီး ခန့်အပ်နိုင်သည်။ အကြီးတန်းရာထူးများခန့်အပ်ရာတွင် UPDJC ၏ အတည်ပြုချက် ရယူရမည်။

၁၁။ အတွင်းရေးမှူးအဖွဲ့သည် လုပ်ငန်းဆောင်ရွက်ချက်များကို UPDJC သို့ ပုံမှန်အစီရင်ခံတင်ပြရမည်။

**အစည်းအဝေး ကျင်းပခြင်း**

၁၁။ (က) UPDJC အတွင်းရေးမှူးအဖွဲ့ စုံညီအစည်းအဝေးကို တလတကြိမ် ကျင်းပသွားရမည်။

(ခ) လိုအပ်ပါက ကြားကာလတွင်လည်း အစည်းအဝေးကျင်းပရန် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

UPDJC လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန်

# ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန် (မူကြမ်း)

## ဖွဲ့စည်းမှု

၁။ နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်အကြောင်းအရာများအပေါ် အခြေခံ၍ ဆွေးနွေးမှုများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် ဖွဲ့စည်းရမည့် လုပ်ငန်းကော်မတီများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ

(ခ) လူမှုရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ

(ဂ) စီးပွားရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ

(ဃ) လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ

(င) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှု လုပ်ငန်းကော်မတီ

၂။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီတခုလျှင် အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများမှ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ ကိုယ်စားလှယ် ၄ ဦးစီနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း ၁၅ ဦးစီဖြင့် ဖွဲ့စည်းသည်။ လုပ်ငန်းကော်မတီများတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။ (မှတ်ချက်။ လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းကော်မတီများအား ပြင်ဆင်ဖွဲ့စည်းနိုင်သည်။)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ လုပ်ငန်းကော်မတီများသည် မိမိတို့အား တာဝန်ပေးအပ်ထားသည့် အကြောင်းအရာကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်နှင့် အဆိုပြုချက်များကို ရေးဆွဲပြီး UPDJC အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

၄။ လုပ်ငန်းကော်မတီများသည် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ တင်ပြလာသော အကြံပြုချက်နှင့် အဆိုပြုချက်များအား အကျေအလည် ဇွေစပ်ညှိနှိုင်းဆွေးနွေးပြီး ရွေးချယ်ရန်နည်းလမ်း ၃ ခုထက်မပိုသော မူဝါဒ အဆိုပြုလွှာများ (Policy Options) ကို စိစစ်ရွေးချယ်ပြုစုပြီး UPDJC အတွင်းရေးမှူးအဖွဲ့သို့ ပေးပို့ရမည်။

၅။ လုပ်ငန်းကော်မတီများ တဖွဲ့နှင့်တဖွဲ့အကြား လိုအပ်လျှင် ပူးပေါင်းဆောင်ရွက်မှုများကို

ပြုလုပ်နိုင်သည်။

၆။ လုပ်ငန်းကော်မတီတခုအတွင်း (သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထားကွဲလွဲမှုများ ရှိလာပါက UPDJC အတွင်းရေးမှူးမှတဆင့် UPDJC သို့ တင်ပြ၍ ဆုံးဖြတ်ချက်ရယူရမည်။

၇။ လုပ်ငန်းကော်မတီများသည် မိမိတို့၏ သက်ဆိုင်ရာအကြောင်းအရာအလိုက် လုပ်ငန်းကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် နိုင်ငံရေးဆွေးနွေးမှု ဆိုင်ရာမူဘောင် (The Framework for Political Dialogue) တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ လုပ်ငန်းကော်မတီများသည် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့်အကြောင်းအရာအလိုက် အစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ ရည်ရွယ်ချက် အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည်။

၉။ လုပ်ငန်းကော်မတီများသည် မိမိတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည် ဆွေးနွေးအဖြေရှာသွားရမည်။ လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆရသည့် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးသွားနိုင်သည်။

၁၀။ လုပ်ငန်းကော်မတီများသည် UPDJC က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ လုပ်ငန်းကော်မတီများသည် UPDJC ၏ အတည်ပြုချက်ဖြင့် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ကြီးကြပ်လမ်းညွှန်မှု ပေးရမည်။

၁၂။ လုပ်ငန်းကော်မတီအစည်းအဝေးများတွင် ဆွေးနွေးသော ဆွေးနွေးချက်များနှင့် အစည်းအဝေးမှတ်တမ်းများကို သတင်းထုတ်ပြန်ရန် ခွင့်ပြုချက်မရရှိဘဲ မည်သူ့ကိုမျှ ပြောကြားခြင်းမပြုရန် ကော်မတီဝင်များမှ ထိန်းသိမ်းရမည်။

၁၃။ လုပ်ငန်းကော်မတီများသည် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင် အတည်ပြုထားရမည်။

၁၄။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းအစီရင်ခံစာကို UPDJC သို့ တင်သွင်းရမည်။

**သက်တမ်း**

၁၅။ လုပ်ငန်းကော်မတီများ၏ သက်တမ်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစု

ပင်လုံ ကျင်းပသည့် သက်တမ်းအတိုင်းဖြစ်ပြီး လုပ်ငန်းကော်မတီဝင်များအား အစားထိုးလိုပါက သက်ဆိုင်ရာ ကိုယ်စားပြုအစုအဖွဲ့က UPDJC ၏ အတည်ပြုချက်ဖြင့် အစားထိုးနိုင်သည်။

**အထွေထွေ**

၁၆။ လုပ်ငန်းကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် တာဝန်အရ သွားလာရသည့် ခရီးစရိတ်၊ ချီးမြှင့်ငွေနှင့် လိုအပ်သည့် ထောက်ပံ့မှုများကို သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်း မူဝါဒများနှင့်အညီ ခံစားခွင့်ရှိသည်။

## UPDJC ဖွဲ့စည်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၄၈/၂၀၁၆**

**၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဖွဲ့စည်းခြင်း

## (Union Peace Dialogue Joint Committee- UPDJC)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ' ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee UPDJC)' ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်။

**(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့်တပ်မတော်အစုအဖွဲ့**

(က) ဦးကျော်တင့်ဆွေ — ဒုတိယဥက္ကဋ္ဌ (၁)
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ခ) ဒေါက်တာတင်မျိုးဝင်း — ဒုတိယဥက္ကဋ္ဌ (၂)
ဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ
အကြိုပြင်ဆင်ရေးကော်မတီ

(ဂ) ဦးသန့်စင်မောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးသိန်းဆွေ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(င) ဒေါက်တာ ဝင်းမြတ်အေး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
(စ) နိုင်သက်လွင် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
(ဆ) ဦးထွန်းထွန်းဦး အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး
(ဇ) ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း အဖွဲ့ဝင်
လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်
(ဈ) ဦးခွန်မောင်သောင်း (ပင်လောင်းမဲဆန္ဒနယ်) အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်
ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ
ပြည်သူ့လွှတ်တော်
(ည) ဒေါ်ရှီလာနန်တောင် (ခေါ်) ဒေါ်အမ်နန်တောင် အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ်(၂) ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ
အမျိုးသားလွှတ်တော်
(ဋ) ဗိုလ်ချုပ်မြင့်နွယ် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဝန်ကြီးဌာန
(ဌ) ဗိုလ်ချုပ်စိုးနိုင်ဦး အဖွဲ့ဝင်
ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်
(ဍ) ဗိုလ်မှူးချုပ်စိန်ထွန်းလှ အဖွဲ့ဝင်
အရာရှိရွေးချယ်ရေးအဖွဲ့မှူး၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့
(ဎ) ဦးခင်ဇော်ဦး အဖွဲ့ဝင်
ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း)
(ဏ) ဦးလှမောင်ရွှေ အတွင်းရေးမှူး
အထူးအကြံပေး၊
မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

## (၂) တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့

| | | |
|---|---|---|
| (က) | ပဒိုစောကွယ်ထူးဝင်း<br>အထွေထွေအတွင်းရေးမှူး<br>ကရင်အမျိုးသားအစည်းအရုံး(KNU) | ဒုတိယဉက္ကဋ္ဌ |
| (ခ) | စောကျော်ညွန့်<br>တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)<br>ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား<br>လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကော်စီ)<br>(KNU/KNLA-PC) | အဖွဲ့ဝင် |
| (ဂ) | စောစမစ်ဒွန်း<br>ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) | အဖွဲ့ဝင် |
| (ဃ) | ခွန်မြင့်ထွန်း<br>ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) | အဖွဲ့ဝင် |
| (င) | စောမြရာဇာလင်း<br>ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်<br>ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) | အဖွဲ့ဝင် |
| (စ) | ဦးဘောင်ခေး<br>ဒုတိယစစ်ဦးစီးချုပ်<br>သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) | အဖွဲ့ဝင် |
| (ဆ) | ပဒိုမန်းငြိမ်းမောင်<br>ကရင်အမျိုးသားအစည်းအရုံး (KNU) | အဖွဲ့ဝင် |
| (ဇ) | စောကူးကူ<br>ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား<br>လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)<br>(KNU/KNLA-PC) | အဖွဲ့ဝင် |
| (ဈ) | ဆလိုင်းထလာဟေး<br>ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်<br>ချင်းအမျိုးသားတပ်ဦး (CNF) | အဖွဲ့ဝင် |
| (ည) | စောစိန်ဝင်း<br>စစ်ဦးစီးမှူးဒုတိယတန်း<br>ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) | အဖွဲ့ဝင် |

(ဍ) ခွန်ထွန်းတင် အဖွဲ့ဝင်
ဗဟိုကော်မတီဝင်
ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)

(ဎ) မိဆူးပွင့် အဖွဲ့ဝင်
ဗဟိုဦးဆောင်ကော်မတီဝင်
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

(ဍ) ဦးခိုင်လင်းခိုင် အဖွဲ့ဝင်
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

(ဎ) ဦးမျိုးဝင်း အတွင်းရေးမှူး
ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ
ဒီမိုကရက်တစ်တပ်ဦး (ABSDF)

(ဏ) ဦးစိုင်းလ အတွင်းရေးမှူး
သျှမ်းပြည်ပြန်လည်ထူးထောင်ရေးကောင်စီ (RCSS)

(တ) ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း အတွင်းရေးမှူး
အမိပတိကောင်စီဝင်၊ ချင်းအမျိုးသားတပ်ဦး (CNF)

## (၃) နိုင်ငံရေးပါတီများအစုအဖွဲ့

(က) ဦးသုဝေ ဒုတိယဥက္ကဋ္ဌ
ဒီမိုကရက်တစ်ပါတီ (မြန်မာ)

(ခ) ဦးထွန်းထွန်းဟိန် အဖွဲ့ဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ဂ) ဦးနိုင်ငံလင်း အဖွဲ့ဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ဃ) ဦးမြင့်စိုး အဖွဲ့ဝင်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(င) ဒေါက်တာမောင်မောင်ဌေး အဖွဲ့ဝင်
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

(စ) ဒေါက်တာအေးမောင် အဖွဲ့ဝင်
ရခိုင်အမျိုးသားပါတီ

(ဆ) ဒေါက်တာမင်းနွယ်စိုး အဖွဲ့ဝင်
မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ

| | | |
|---|---|---|
| (ဈ) | ဦးစောထွန်းအောင်မြင့်<br>ကရင်ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (ဈ) | ဦးသိန်းထွန်း<br>တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (ည) | ဒေါက်တာ မနာမ်တူးဂျာ<br>ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (ဋ) | တာလုဖေ<br>တအောင်း(ပလောင်)အမျိုးသားပါတီ | အဖွဲ့ဝင် |
| (ဌ) | ဦးခွန်ထွန်းရွှေ<br>ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (ဍ) | ဦးဇန်ဇမုန်<br>ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (ဎ) | ဦးရွှေမင်း<br>လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (ဏ) | ဦးကျော်ဇေယျာဦး<br>မွန်အမျိုးသားပါတီ | အဖွဲ့ဝင် |
| (တ) | စိုင်းကျော်ညွန့်<br>ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | အတွင်းရေးမှူး |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာအမှတ်၊ ၁၁၂(၁)/၇/သမ္မတရုံး
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်

## နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (The Framework for Political Dialogue)


နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင် ..........................................................................၂၂

နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်ပုံစံ (Structure) ၏ ရှင်းလင်းချက် ....................................၃၄

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ .................................၃၆

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန် ................၃၈

ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်.................၄၁

အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန် ..၄၄

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ လုပ်ငန်းလမ်းညွှန်...................၄၇

ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက်
အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း......................၄၉

ယခင်အစိုးရကာလ NCA လက်မှတ်ရေးထိုးပြီးနောက် ရေးဆွဲခဲ့သည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို
လက်ရှိအစိုးရသစ်တက်လာပြီးနောက်တွင် ပြင်ဆင်ဖြည့်စွက်ထားသည်

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်

## (The Framework for Political Dialogue)

**နိဒါန်း**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်မှလည်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကန့်ကွက်သူမရှိ အတည်ပြုထားသော တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement –NCA ) နှင့် NCA အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းများပါ သဘောတူညီချက်များနှင့်အညီ ဤနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (The Framework for Political Dialogue) ကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ ပါဝင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee- UPDJC) က ဆွေးနွေးညှိနှိုင်းပြီး ရေးဆွဲခဲ့ကြပါသည်။

ဤနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအား အာမခံချက်အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်ရန်ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။

အထက်ပါ ရည်ရွယ်ချက်များနှင့်အညီ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အရေးကြီးသည့် ကဏ္ဍ ၅ ရပ်အား တင်သွင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။ ထို့အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သည့် အင်အားစုများအားလုံး ပါဝင်နိုင်ရေးကို ဦးတည်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ ပထမအစည်းအဝေးအား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာ ၃ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

အဆိုပါ အစပျိုးမှု၏ နောက်ဆက်တွဲအဖြစ် ချမှတ်ထားသည့် ရည်ရွယ်ချက်များ ထမြောက်

အောင်မြင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (၈)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များက ထပ်လောင်းပြင်ဆင် ဖြည့်စွက်ချက်များနှင့်အတူ ပြန်လည်သုံးသပ်ရေးဆွဲပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်သည့် အစည်းအဝေးမှ ဖြည့်စွက်အတည်ပြုခဲ့ပါသည်။

## အခန်း (၁)
## ရည်ရွယ်ချက်

**၁။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ ရည်ရွယ်ချက်များမှာ**

(က) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန်အလို့ငှာ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ခ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ငြိမ်းချမ်းစွာ ညှိနှိုင်း အဖြေရှာသွားရန်။

(ဂ) ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားပေါင်းစုံ သဟဇာတရှိရှိ တန်းတူညီမျှ ယှဉ်တွဲနေထိုင်ရေးတို့အတွက် ဆွေးနွေးအဖြေရှာသွားရန်။

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများအား လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန်။ (ဆက်လက်ဆွေးနွေးရန်)

(င) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(စ) လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို အခြေခံသည့် ဒီမိုကရေစီ နိုင်ငံတော်ကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ ထူထောင်ရန်။

## အခန်း (၂)
## အခြေခံမူများ

**၂။ ဤမူဘောင်ကို အခြေခံ၍ ကျင်းပရမည့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ အခြေခံမူများမှာ**

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို

အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေး ဆွေးနွေးညှိနှိုင်း အဖြေရှာရန်နှင့် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်ကာ ရေရှည်တည်တံ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တည်ဆောက်သွားရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စု တပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်။

(ဃ) ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့်အရေး ရရှိစေရန်။

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေးနှင့် သာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကို ထူထောင်ရန်။

(စ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ သာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံ အသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စု လက္ခဏာတရပ်ကို နိုင်ငံသားအားလုံး စုပေါင်း ဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံရေးနှင့် ပြည်သူလူထု၏ ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဈ) နိုင်ငံရေးဆွေးနွေးပွဲများတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားရန်။

(ည) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေမည့် အကြောင်းအရာများ၊ ရရှိလာသည့် အပြန်အလှန် လေးစားအသိအမှတ်ပြုမှုနှင့် ယုံကြည်မှုများကို ယုတ်လျော့စေမည့် အပြုအမူများ၊ အရေးအသားများ၊ အပြောအဆိုများ မပြုလုပ်ရန်။

## အခန်း (၃)
## နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်များ

**၃။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် သဘောတူညီထားသည့် အတိုင်း နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်မည်။**

(က) နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင် (The Framework for Political Dialogue) ကို ရေးဆွဲ သဘောတူညီမှု ရယူခြင်း။

(ခ) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစု ပင်လုံ ကျင်းပခြင်း။

(ဂ) ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုခြင်း။

(ဃ) ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက် ရယူခြင်း။

(င) ပြည်ထောင်စု သဘောတူစာချုပ် (Pyidaungsu Accord) ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်း။

## အခန်း (၄)
## အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ – ၂၁ရာစု ပင်လုံ ကျင်းပခြင်း

**၄။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ် ၂၀၊ အပိုဒ်ခွဲ (ဂ)၊ (ဃ) နှင့် NCA အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်း အမှတ်စဉ်(၁၇) တို့အရ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ – ၂၁ရာစု ပင်လုံတို့ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC က ကြီးကြပ်လမ်းညွှန် တာဝန်ယူ၍ အောက်ပါအတိုင်း ကျင်းပရမည်။**

**၄.၁။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ**

၄.၁.၁။(က) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆိုသည်မှာ လူမျိုးအလိုက်သော်လည်းကောင်း၊ အကြောင်းအရာအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း ကျင်းပသော ဆွေးနွေးပွဲများ ဖြစ်သည်။

(ခ) အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်သည် အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများဖြစ်သည်။

(ဂ) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို UPDJC မှ ချမှတ်ပေးထားသည့် အခြေခံ လမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းကော်မတီများမှ ဦးဆောင်လမ်းညွှန်၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) မှ ကြီးကြပ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများက အစုအဖွဲ့တဖွဲ့ချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း

ကျင်းပနိုင်သည်။ သုံးသပ်ချက်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့်ပတ်သက်၍ လုပ်ငန်းလမ်းညွှန် (ToR) များ ရေးဆွဲရမည်ဖြစ်ပြီး ထိုသို့ရေးဆွဲရာတွင် ဒေသအလိုက်၊ လူမျိုးအလိုက်နှင့် အကြောင်းအရာအလိုက် ကျင်းပမည့် ToR ၃ မျိုးကို တခုစီ ပြည့်စုံစွာ ရေးသားသင့်သည်။

၄.၁.၂။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အခြား ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်သည်။

၄.၁.၃။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် ကဏ္ဍကြီး (၅–၆)ခုမှ တိုင်းရင်းသားလူမျိုးများနှင့်ဆိုင်သော ကိစ္စရပ်များ၊ ဒေသတခုချင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ နိုင်ငံသားအများစုနှင့်ဆိုင်သော ကိစ္စရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် လည်းကောင်း၊ တနိုင်ငံလုံးအဆင့်တွင်လည်းကောင်း ကျင်းပသွားနိုင်သည်။

၄.၁.၄။ ထိုဆွေးနွေးပွဲများမှ ချမှတ်သော အဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက UPDJC မှတဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစု ပင်လုံတွင် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တင်ပြသွားရမည်။

## ၄.၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ

NCA နှင့် ဤနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ပါဝင်သည့် ရည်ရွယ်ချက်နှင့် အခြေခံမူများကို အခြေခံ၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံကို အောက်ပါအတိုင်း ကျင်းပရမည်။ –

၄.၂.၁။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံကို အစိုးရအဖွဲ့ကိုယ်စားလှယ်များ ၇၅ ဦး၊ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦး၊ တပ်မတော်ကိုယ်စားလှယ် ၁၅၀ ဦး၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၅၀ ဦး၊ တရားဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၁၅၀ ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၅၀ ဦးနှင့် အခြား ပါဝင်သင့်ပါဝင်ထိုက်သူ ၅၀ ဦး၊ စုစုပေါင်း ကိုယ်စားလှယ် ၇၀၀ ဦးဖြင့် ကျင်းပရမည်။ (ဆက်လက်ဆွေးနွေးရန်)

၄.၂.၂။ ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ရာတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

၄.၂.၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ( ) ရက်တွင် စတင်ကျင်းပရမည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံအား တနှစ်လျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။ ညီလာခံ၏ သဘောတူညီချက်ဖြင့် ကျင်းပမည့်နေ့ရက်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

**သုံးသပ်ချက်။** ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပမည့် ကာလအပိုင်းအခြားကို စဉ်းစားရာတွင် (က) ပြီးခဲ့သည့် ညီလာခံတွင် အဆိုပြုခဲ့သော နိုင်ငံရေးဆွေးနွေးပွဲများအား ၃ နှစ်မှ ၅ နှစ်အတွင်း အပြီးကျင်းပမည်ဟူသော အချက်နှင့် (ခ) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအား မည်သို့ ကျင်းပသွားမည်ဆိုသည့် အချက်တို့ပေါ်တွင် အခြေခံ၍ စဉ်းစားသင့်သည်။

၄.၂.၄။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ၏ သဘာပတိအဖွဲ့ဝင်များကို အစုအဖွဲ့တဖွဲ့စီမှ ၉ ဦးစီဖြင့် ရွေးချယ်ဖွဲ့စည်း၍ ညီလာခံတွင် အလှည့်ကျ ပူးတွဲတာဝန်ယူရန် အစုအဖွဲ့တဖွဲ့ချင်းစီမှ ကိုယ်စားလှယ် ၃ ဦးစီ တာဝန်ပေးအပ်ရမည်။ (ဆက်လက်ဆွေးနွေးရန်)

**သုံးသပ်ချက်။** ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ၏ သဘာပတိလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လုပ်ငန်းလမ်းညွှန် (ToR) ရေးဆွဲသင့်သည်။

**မှတ်ချက်။** Structure ဆွေးနွေးအတည်ပြုပြီးမှသာလျှင် ဆက်လက်ဆွေးနွေးသွားမည်။

၄.၂.၅။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံသည် UPDJC မှ တင်ပြလာသော အဆိုပြုချက်နှင့် အကြံပြုချက်များအား ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်သွားမည်။

၄.၂.၆။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်းမရှိသည့် အကြောင်းအရာများရှိပါက UPDJC သည် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်များနှင့် သီးခြားအစည်းအဝေးထိုင်၍ ညှိနှိုင်းဖြေရှင်းပေးရမည်။ (သို့မဟုတ်) ဖြေရှင်းနိုင်ရန် အကြံပြုပေးရမည်။

**မှတ်ချက်။** Structure ဆွေးနွေးအတည်ပြုပြီးမှသာလျှင် ဆက်လက်ဆွေးနွေးသွားမည်။

၄.၂.၇။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံတွင် ကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အစည်းအဝေးကျင်းပမည့်ပုံစံနှင့် လုပ်ငန်းများ လုပ်ဆောင်ရမည့် နည်းလမ်းများကို UPDJC က ရေးဆွဲတင်ပြပြီး ညီလာခံက အတည်ပြုပေးရမည်။ (UPDJC က ရေးဆွဲအတည်ပြုဟု ပြင်ဆင်သင့်)

၄.၂.၈။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံသည် ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် အစုအဖွဲ့တဖွဲ့ချင်းစီမှ အနည်းဆုံး ကိုယ်စားလှယ်ဦးရေ ၆၀ ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

၄.၂.၉။ အစုအဖွဲ့အသီးသီးတွင် ကိုယ်စားလှယ်များ အစားထိုးရန် လိုအပ်ပါက သက်ဆိုင်ရာအစုအဖွဲ့က ရွေးချယ်တင်ပြ လာသော ကိုယ်စားလှယ်အား UPDJC မှ လက်ခံ အတည်ပြုပေးရမည်။

၄.၂.၁၀။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံတွင် တက်ရောက်မည့် တိုင်းရင်းသား ကိုယ်စားလှယ် ၅၀ ဦးနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သူ ၅၀ ဦးတို့ကို အစိုးရ၊ တိုင်းရင်း

သား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီ အစုအဖွဲ့တို့မှ အချိုးတူ ရွေးချယ်ရမည်။ ယင်းကိုယ်စားလှယ်များ အစားထိုးရန် လိုအပ်လာပါက သက်ဆိုင်ရာ အစုအဖွဲ့မှ တင်ပြလာသော ကိုယ်စားလှယ်အသစ်အား UPDJC က လက်ခံ အတည်ပြုပေးရမည်။ (Criteria အား ဆက်လက်ဆွေးနွေးရန်)

## အခန်း (၅)
## နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများ

**၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံတွင် အောက်ဖော်ပြပါ ဆွေးနွေးမည့် အကြောင်းအရာ အသေးစိတ်ကို တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ပါဝင်သော မူများပေါ်တွင် အခြေခံ၍ ဆောင်ရွက်သွားရမည်။**

နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရမည့် အကြောင်းအရာများမှာ

**(က) နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ။

(၂) တိုင်းရင်းသားလူမျိုးများအလိုက် ခံစားသင့်ခံစားထိုက်သော လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေး ကိစ္စရပ်များ။

**(ခ) လူမှုရေး**

(၁) ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ။

(၂) ပြည်လည်နေရာချထားရေး၊ ပြည်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ။

**(ဂ) စီးပွားရေး**

(၁) ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ။

(၂) ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ။

**(ဃ) လုံခြုံရေး**

(၁) နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ

(၂) လုံခြုံရေးဆိုင်ရာ ပေါင်းစည်းရေး ကိစ္စရပ်များ

**(င) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ကိစ္စရပ်များ**

(၁) မြေယာနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များ။

(၂) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ။

## အခန်း (၆)

## နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူ ဆုံးဖြတ်ချက် ချမှတ်ခြင်း

**၆။ နိုင်ငံရေးဆွေးနွေးပွဲများ၌ ဆွေးနွေးဘက်များအကြား ဝိဝါဒ ကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့်အကျေအလည်ညှိနှိုင်းဖြေရှင်းပြီးသဘောတူဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA အခြေခံမူ အပိုဒ် (၁)၊ အပိုဒ်ခွဲ (ဇ) နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်။**

၆.၁။ ဆွေးနွေးညှိနှိုင်းရမည့် ကိစ္စရပ်များအားလုံးကို လုပ်ငန်းကော်မတီအဆင့်တွင် အကျေအလည်ဆွေးနွေး အဖြေရှာရန်။ လုပ်ငန်းကော်မတီတခုအတွင်း (သို့မဟုတ်) ကော်မတီများအကြား မဖြေရှင်းနိုင်သည့် သဘောထားကွဲလွဲမှုများ ရှိလာပါက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးမှတဆင့် UPDJC သို့ တင်ပြ၍ ဆုံးဖြတ်ချက် ရယူရမည်။ UPDJC အနေဖြင့် မဖြေရှင်းနိုင်သည့် ကိစ္စရပ်များရှိလာပါက တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) သို့ တင်ပြ၍ ဆုံးဖြတ်ချက် ရယူရမည်။

**မှတ်ချက်။** Structure ဆွေးနွေးအတည်ပြုပြီးမှသာလျှင် ဆက်လက်ဆွေးနွေးသွားမည်။

၆.၂။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံတွင် လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြလာသော ကိစ္စရပ်များအနက် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်လုံခြုံရေး (ကာကွယ်ရေး) ဆိုင်ရာ ကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စရပ်များအပါအဝင် အရေးကြီးသော ကိစ္စရပ်များကို ညီလာခံ တက်ရောက်သူ အစုအဖွဲ့တဖွဲ့ချင်းစီမှ အနည်းဆုံး ၇၅ ရာခိုင်နှုန်းအထက် ထောက်ခံမဲရရှိ၍ တက်ရောက်သူစုစုပေါင်း၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းအထက် ထောက်ခံမဲဖြင့် ဆုံးဖြတ်နိုင်သည်။

**မှတ်ချက်။** Structure ဆွေးနွေးအတည်ပြုပြီးမှသာလျှင် ဆက်လက်ဆွေးနွေးသွားမည်။

## အခန်း (၇)

## နိုင်ငံရေးဆွေးနွေးပွဲများကို စီမံခန့်ခွဲခြင်း

**၇။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ** (UPDJC)

၇.၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပသွားနိုင်ရေးအတွက် ရည်ရွယ်၍ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ဖွဲ့စည်းသည်။

၇.၂။ UPDJC ကို အစိုးရအဖွဲ့၊ လွှတ်တော်များနှင့် တပ်မတော်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ထိုးကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တရား

ဝင် နိုင်ငံရေးပါတီတို့မှ ကိုယ်စားလှယ်များ အချိုးတူ ပါဝင်ဖွဲ့စည်းသည်။

၇.၃။ UPDJC အနေနှင့် မဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ အခက်အခဲများရှိလာပါက တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်း အစည်းအဝေး (JICM) သို့ တင်ပြ၍ ဆုံး ဖြတ်ချက် ရယူရမည်။
(UPDJC လုပ်ငန်းလမ်းညွှန် (ToR) အပိုဒ်–၂ (င) မှ ဖြည့်စွက်သည်။)

၇.၄။ UPDJC သည် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရမည်။

## ၈။ UPDJC အတွင်းရေးမှူးအဖွဲ့

၈.၁။ UPDJC အတွင်းရေးမှူးအဖွဲ့ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများမှ ၁၅ ဦးထက်မပိုသော ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၈.၂။ အတွင်းရေးမှူးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို UPDJC က ချမှတ်ပေးရမည်။

## ၉။ ဆွေးနွေးမည့် အကြောင်းအရာများကို အခြေခံ၍ ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ

၉.၁။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီတခုလျှင် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များနှင့် တရားဝင် နိုင်ငံရေးပါတီများမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ ကိုယ်စားလှယ် ၉ ဦးစီနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း ၃၀ ဦးစီဖြင့် ဖွဲ့စည်းရမည်။

၉.၂။ လုပ်ငန်းကော်မတီများတွင် အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင် ရွက်ရမည်။

၉.၃။ NCA လက်မှတ်ထိုးသည့် အဖွဲ့အစည်းအရေအတွက် တိုးလာသည်နှင့်အမျှ လုပ်ငန်းကော်မတီ ဝင် အရေအတွက်ကို ပြင်ဆင်တိုးချဲ့နိုင်သည်။

၉.၄။ လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို UPDJC က ချမှတ်ပေးရမည်။

၉.၅။ လုပ်ငန်းကော်မတီများသည် ဆွေးနွေးညှိနှိုင်းရမည့် ကိစ္စရပ်များအားလုံးကို လုပ်ငန်းကော်မ တီအဆင့်တွင် အကျေအလည် ဆွေးနွေးအဖြေရှာရန်ဖြစ်သည်။

## ၁၀။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ

၁၀.၁။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည် နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) တခုလျှင် သက်ဆိုင်ရာဒေသ၏ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စား လှယ် ၃ ဦးစီ စုစုပေါင်း ၉ ဦးစီဖြင့် ဖွဲ့စည်းရမည်။

၁၀.၂။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို

UPDJC က ချမှတ်ပေးရမည်။

၁၁။ UPDJC **ရုံးအဖွဲ့**

UPDJC အတွင်းရေးမှူးအဖွဲ့သည် ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အခြား လိုအပ်သည့် ဝန်ထမ်းများ ပါဝင်သည့် ရုံးအဖွဲ့အား UPDJC ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းရမည်။ ရုံးအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများအား အတွင်းရေးမှူးအဖွဲ့မှ ရေးဆွဲ၍ UPDJC ၏ အတည်ပြုချက်ကို ရယူရမည်။

**သုံးသပ်ချက်။** ပူးတွဲရုံးအဖွဲ့ ဖြစ်သင့်သည်။ အသေးစိတ်ကိစ္စများအား ဆက်လက်ဆွေးနွေးရန်။

၁၂။ **အစုအဖွဲ့များ၏ နည်းပညာအထောက်အကူပြု အဖွဲ့များ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံတွင် တက်ရောက်သည့် အစုအဖွဲ့များသည် နည်းပညာ အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ယင်းနည်းပညာ အထောက်အကူပြုအဖွဲ့များကို အသိအမှတ်ပြုပေးနိုင်ရန် UPDJC သို့ တင်ပြရမည်။

၁၃။ **လေ့လာသူများ**

UPDJC သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံသို့ တက်ရောက်ရန် ပြင်ပမှ လေ့လာသူများကို ဖိတ်ကြားနိုင်သည်။ လေ့လာသူများသည် UPDJC မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

## အခန်း (၈)
## ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုအတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များ

၁၄။ **ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်အလို့ငှာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်၏ ဆွေးနွေးမှုရလဒ်များကို အခြေခံ၍ ပြည်ထောင်စု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြရမည်။

၁၄.၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ တကြိမ်ကျင်းပပြီးသည့်အခါတိုင်း

ရရှိလာသည့် သဘောတူညီချက်များကို ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်း တရပ်အဖြစ် ချုပ်ဆိုရမည်။

၁၄.၂။ ထိုသို့ ချုပ်ဆိုထားသည့် ပြည်ထောင်စု သဘောတူစာချုပ်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံတွင် ပါဝင်ဆွေးနွေးကြသည့် သက်ဆိုင်ရာ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ပါဝင်လက်မှတ်ရေးထိုး ကြရမည်။

၁၄.၃။ ဆွေးနွေးရမည့် အကြောင်းအရာများအားလုံးကို ဆွေးနွေးပြီးသောအခါ အဆင့်ဆင့် ရရှိထားသည့် သဘောတူညီချက်များအားလုံးကို စုစည်း၍ ပြည်ထောင်စု သဘောတူစာချုပ်အဖြစ် သက်ဆိုင်ရာ အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ပါဝင်လက်မှတ်ရေးထိုးကြရမည်။

**သုံးသပ်ချက်။** ပြည်ထောင်စုသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုခြင်းကိစ္စ အသေးစိတ်ကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန် (ToR) တွင် ထည့်သွင်းရေးထားသင့်သည်။

## ၁၅။ အတည်ပြုခြင်း

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကို လည်းကောင်း၊ ပြည်ထောင်စု သဘောတူစာချုပ် တရပ်လုံးကိုလည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက် ရယူရမည်။

## ၁၆။ အကောင်အထည်ဖော်ခြင်း

၁၆.၁။ ပြည်ထောင်စုသဘောတူစာချုပ်တွင် ပါရှိသော သဘောတူညီချက်များနှင့် လိုက်လျောညီထွေမှုရှိစေရန် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း/ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်၊ တပ်မတော်နှင့် အစိုးရဝန်ကြီးဌာနများမှ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်။

၁၆.၂။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု သဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူလူထုနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရမည်။

၁၆.၃။ ပြည်ထောင်စု သဘောတူစာချုပ်ပါ အချက်အလက်များကို အစိုးရတရပ်၏ သက်တမ်းအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်နိုင်ခြင်းမရှိပါက နောင်ဆက်ခံသော အစိုးရအဆက်ဆက်က ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၉)
## အထွေထွေ

၁၇။ **ပွင့်လင်းမြင်သာမှုရှိခြင်း**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှ ထွက်ပေါ် လာသည့် ရလဒ်များကို အချိန်နှင့်တပြေးညီ သတင်းထုတ်ပြန်ရမည်။

၁၈။ **နိုင်ငံရေးဆွေးနွေးပွဲများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ လုပ်ငန်းကော်မတီများနှင့် ၎င်းကော်မတီများမှ ကြီးမှူးကျင်းပသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရမှ ကျခံပေးရမည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပမှ နှောင်ကြိုးမပါသည့် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ အကူအညီများ ရယူနိုင်သည်။ ပြည်ထောင်စုအစိုးရမှ ချမှတ်ပေးသည့် ဘဏ္ဍာငွေနှင့် နိုင်ငံတကာမှ ပေးအပ်သည့် အကူအညီများအား ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် သုံးစွဲသွားရမည်။

၁၉။ **နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အားပြင်ဆင်ခြင်း**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ပါရှိသည့် အချက်အလက်များအနက် ပြင်ဆင်ရန်လိုအပ်သောအချက်များကို UPDJC တွင် ဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက် အတည်ပြုပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံတွင် ထပ်မံအတည်ပြုနိုင်သည်။ ထိုပြင်ဆင်ဖြည့်စွက်ချက်များသည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါရှိသည့် သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်း မရှိစေရ။

# နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်ပုံစံ (Structure) ၏ရှင်းလင်းချက်

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံသည် UPDJC မှ တင်ပြလာသော ညှိနှိုင်း သဘောတူညီချက်များကို ဆွေးနွေးအတည်ပြု၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် ချုပ်ဆိုရမည်။

**တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်း အဝေး – JICM**

၂။ JICM သည် UPDJC တွင် သဘောတူဆုံးဖြတ်ရန် အခက်အခဲရှိသော ကိစ္စရပ်များကို အပြီး သတ် ဆုံးဖြတ်ပေးရမည်။

**ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC**

၃။ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) သည် အောက်ပါကိစ္စရပ်များ အပါအဝင် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ဆွေးနွေးရမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ အခြေခံမူ (Principle) များ ချမှတ်နိုင်ရန် စေ့စပ်ညှိနှိုင်းပေးရမည်။
(က) နိုင်ငံရေးကဏ္ဍမှ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊
(ခ) လုံခြုံရေးကဏ္ဍမှ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာ ပြည်လည်ပေါင်းစည်းရေး ကိစ္စရပ်များ၊
(ဂ) လူမှုရေးကဏ္ဍမှ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ၊
(ဃ) စီးပွားရေးကဏ္ဍမှ ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊

၄။ UPDJC သည် လုပ်ငန်းကော်မတီများမှ တင်ပြလာသော မူဝါဒအဆိုပြုလွှာများကို အကျေ အလည် ညှိနှိုင်း၍ ဆုံးဖြတ်ချက် ချမှတ်ပေးရမည်။

၅။ UPDJC သည် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအတွင်း မဆောင်ရွက်နိုင်သည့် ကိစ္စ ရပ်များ၊ အခက်အခဲများအား တင်ပြလာပါက ဆုံးဖြတ်ချက်များ ချမှတ်ပေးရမည်။

**သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ**

၆။ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများသည် အောက်ပါကိစ္စရပ်များကို အကျေ အလည် စေ့စပ်ညှိနှိုင်း ဆွေးနွေးပြီး ရွေးချယ်ရန် နည်းလမ်း ၃ ခုထက်မပိုသော မူဝါဒ


အဆိုပြုလွှာများ (Policy Options) ကို စိစစ်ရွေးချယ် ပြုစုရမည်။

(က) UPDJC တွင် စေ့စပ်ညှိနှိုင်းပြီးသော အခြေခံမူများနှင့်ပတ်သက်သည့် အသေးစိတ်မူဝါဒဆိုင်ရာ ကိစ္စရပ်များ၊

(ခ) အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ တင်ပြလာသည့် သဘောထား စုစည်းချက်များ၊

**အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ**

၇။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများသည် UPDJC မှ သတ်မှတ်ပေးထားသော ဆွေးနွေးရမည့် အကြောင်းအရာများအလိုက် စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး တူညီသော အခြေခံသဘောထားများနှင့် မတူကွဲပြားသော အမြင်သဘောထားများကို စုစည်းရမည်။



# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ

## နိဒါန်း

## ရည်ရွယ်ချက်

၁။ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်လိုငှာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အမြင်သဘောထားများကို စုစည်းကာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံသို့ တင်ပြသွားနိုင်ရန်ရည်ရွယ်သည်။

၂။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ်ခွဲ(ဂ)၊ (ဃ) နှင့် NCA အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း အမှတ်စဉ်(၁၇) တို့အရ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းကောင်မတီများမှ ဦးဆောင်လမ်းညွှန်၍ အမျိုးသားရေးအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စနစ်တကျကျင်းပနိုင်ရန်ရွယ်သည်။

## အခိပ္ပါယ်ဖွင့်ဆိုချက်

၃။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆိုသည်မှာ အမျိုးသားအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ အကြောင်းအရာအလိုက်သော်လည်းကောင်း ကျင်ပသော ဆွေးနွေးပွဲများ ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်သည် အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သည်။

## ဦးဆောင်ကျင်းပမည့်သူများ

၄။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့်တိုင်ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ (အစိုးရ၊ လွှတ်တော်၊ တပ်မတော်) တိုင်းရင်သားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင်

နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ အစုအဖွဲ့ တဖွဲ့ချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ဦးဆောင်ကျင်းပနိုင်သည်။

## ဆွေးနွေးပွဲအကြောင်းအရာများ

၅။ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် အောက်ပါအကြောင်းအရာများကို ဆွေးနွေးသွားကြမည် ဖြစ်သည်။

**(က) နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ ( လူမျိုးအလိုက်၊ ဒေသအလိုက်)

(၂) တိုင်းရင်းသား လူမျိုးတမျိုးချင်းစီအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်း အခွင့်အရေး ကိစ္စရပ်များ (လူမျိုးအလိုက်၊ ဒေသအလိုက်)

**(ခ) လူမှုရေး**

(၃) ပြန်လည်နေရာချထားရေး၊ ပြည်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်၊ လူမျိုးအလိုက်)

**(ဂ) စီးပွားရေး**

(၄) ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ (အရပ်ဘက် လူ့အဖွဲ့အစည်းများဖိုရမ်)

(၅) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ (လူမျိုးအလိုက်၊ ဒေသအလိုက်)

**(ဃ) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၆) မြေယာနှင့် သဘာဝသယံဇာတစီမံခန့်ခွဲရေးနှင့် ခွဲဝေးခြင်းဆိုင်ရာ ကိစ္စရပ်များ (လူမျိုးအလိုက်၊ဒေသအလိုက်)

(၇) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ (အရပ်ဘက်လူ့အဖွဲ့အစည်းများဖိုရမ်)

## အထွေထွေ

၆။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အစုအဖွဲ့တဖွဲ့ချင်းစီမှသော်လည်းကောင်း၊ အစုအဖွဲ့များ စုပေါင်း၍သော်လည်းကောင်း၊တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပရာတွင် ဒေသတွင်းတည်ငြိမ်မှုနှင့် လုံခြုံမှုများမထိခိုက်စေရေးအတွက် အလေးထား ဆောင်ရွက်ရမည်။

၇။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ၏ လုပ်ငန်းလမ်းညွှန်အား နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင် ပြင်ဆင် ဖြည့်စွက်ချက်များနှင့်အညီ UPDJC က ပြင်ဆင်ဖြည့်စွက်နိုင်သည်။

# လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်

## အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆိုသည်မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများမှ ခေါ်ယူကျင်းပသော UPDJC မှ အသိအမှတ်ပြုပြီး ဆွေးနွေးပွဲများကို ဆိုလိုသည်။

## လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများ

၂။ **နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ကိစ္စရပ်များ

(၂) တိုင်းရင်းသားလူမျိုး တမျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်း အခွင့်အရေး ကိစ္စရပ်များ

**လူမှုရေး**

(၃) ပြန်လည် နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

**စီးပွားရေး**

(၄) ဒေသန္တရ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များ

**မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ ကိစ္စရပ်များ**

(၅) မြေယာနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

### ပါဝင်မည့် အဖွဲ့အစည်းများ

၃။ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင် နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ နှင့် ပါဝင်သင့် ပါဝင်ထိုက်သော သီးခြားလက္ခဏာ ရှိသည့် တိုင်းရင်းသား လူမျိုးများ ပါဝင်နိုင်သည်။

### တာဝန်နှင့် လုပ်ပိုင်ခွင့်

၄။ UPDJC မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေး

ဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပရမည်။

၅။ သတ်မှတ်ပေးထားသော အကြောင်းအရာများကိုသာ ဆွေးနွေးပြီး သဘောထား စုစည်းချက်များကို ရယူရမည်။

**ကျင်းပပုံ ကျင်းပနည်း**

၆။ အောက်ပါအချက်များအား UPDJC က သတ်မှတ်မည်။

(က) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်ပေးခြင်း

**နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ကိစ္စရပ်များ

**ဒီမိုကရေစီ စနစ်ဆိုင်ရာ ကိစ္စရပ်များ**

(ကက)

(ခခ)

(ဂဂ)

**ဖက်ဒရယ် စနစ်ဆိုင်ရာ ကိစ္စရပ်များ**

(ကက)

(ခခ)

(ဂဂ)

(၂) တိုင်းရင်းသားလူမျိုး တမျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်း အခွင့်အရေး ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**လူမှုရေး**

(၃) ပြန်လည်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ကာကွယ်တားဆီးရေး နှင့် ပညာပေးရေးဆိုင်ရာ ကိစ္စရပ်များ

(ခ) လူသားချင်း စာနာမှုဆိုင်ရာ ကိစ္စရပ်များ

(ဂ)

**စီးပွားရေး**

(၄) ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ

(၅) မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

(ခ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမှု ဘောင် သတ်မှတ်ပေးခြင်း။

(ဂ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမည့် အကြိမ်အရေအတွက် သတ်မှတ်ပေးခြင်း။

၇။ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို စီစဉ်ကျင်းပခွင့် ရှိသည့် အစုအဖွဲ့များအနေဖြင့် ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ၊ အစုအဖွဲ့များ သတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## သဘောထားစုစည်းခြင်း

၈။ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် တူညီသော အမြင်သဘောထားများနှင့် မတူကွဲပြားသော အမြင်သဘောထားများကို စုစည်းရန် ဖြစ်သည်။

## ပြန်လည်တင်ပြခြင်း

၉။ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများထံ တင်ပြရမည်။

## သက်တမ်း

၁၀။ လူမျိုးအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ၏ သက်တမ်းသည် UPDJC က သတ်မှတ်သော သက်တမ်းအတိုင်းဖြစ်သည်။

# ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်

## အခမ်းပွဲဖွင့်ဆိုချက်

၁။ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုသည်မှာ တိုင်းဒေသကြီး အစိုးရများ၊ ပြည်နယ် အစိုးရများနှင့် နေပြည်တော် ကောင်စီတို့က ခေါ်ယူကျင်းပသော UPDJC မှ အသိအမှတ်ပြုသည့် နိုင်ငံရေး ဆွေးနွေးပွဲများကို ဆိုလိုသည်။

## ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးမည့်အကြောင်းအရာများ

၂။ **နိုင်ငံရေး**

၁။ ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာ ကိစ္စရပ်များ

၂။ တိုင်းရင်းသား လူမျိုး တမျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့်အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်း အခွင့်အရေး ကိစ္စရပ်များ

**စီးပွားရေး**

၃။ ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

**မြေယာနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

၄။ မြေယာနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

## ပါဝင်မည့် အဖွဲ့အစည်းများ

၃။ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ တရားဝင် နိုင်ငံရေး ပါတီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်သည်။
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ ပါဝင်သည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ UPDJC မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်များနှင့် အညီ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) ၏ ကြီးကြပ်မှုဖြင့် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို ကျင်းပရမည်။

၅။ သတ်မှတ်ပေးထားသော အကြောင်းအရာများကိုသာ ဆွေးနွေးပြီး သဘောထား စုစည်း ချက်များကို ရယူရမည်။

## ကျင်းပပုံ ကျင်းပနည်း

၆။ အောက်ပါအချက်များအား UPDJC က သတ်မှတ်မည်။

(က) သက်ဆိုင်ရာ အကြောင်းအရာ အလိုက် ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်ပေးခြင်း ကဏ္ဍတွင်

**နိုင်ငံရေး**

(၁) ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ကိစ္စရပ်များ

**ဒီမိုကရေစီ စနစ်ဆိုင်ရာ ကိစ္စရပ်များ**

(ကက)

(ခခ)

(ဂဂ)

**ဖက်ဒရယ် စနစ်ဆိုင်ရာ ကိစ္စရပ်များ**

(ကက)

(ခခ)

(ဂဂ)

(၂) တိုင်းရင်းသား လူမျိုးတမျိုးချင်းစီအလိုက် ခံစားသင့် ခံစားထိုက်သော အခွင့် အရေးနှင့် လူမျိုးရေးဆိုင်ရာ စုပေါင်းအခွင့်အရေး ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**စီးပွားရေး**

(၃) ဒေသန္တရ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၄) မြေယာနှင့် သဘာဝ သယံဇာတစီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**မှတ်ချက်။ ။** မြေယာနှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြေယာကဏ္ဍအား ဆွေးနွေးရာတွင် ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒကိုသာ ဆွေးနွေးရန် သဘောတူသည်။

(ခ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမှု ဘောင်သတ်မှတ်ပေးခြင်း

**မှတ်ချက်။ ။** အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

(ဂ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမည့် အကြိမ်အရေအတွက် သတ်မှတ်ပေးခြင်း

**မှတ်ချက်။ ။** အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

၇။ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို စီစဉ်ကျင်းပခွင့်ရှိသည့် အစိုးရအဖွဲ့များ အနေဖြင့် ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ၊ အစိုးအဖွဲ့များ သတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## သဘောထားစုစည်းခြင်း

၈။ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများနှင့် တူညီသော အမြင်သဘောထားများနှင့် မတူကွဲပြားသော အမြင်သဘောထားများကို စုစည်းရန် ဖြစ်သည်။

## ပြန်လည်တင်ပြခြင်း

၉။ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများထံ တင်ပြရမည်။

## သက်တမ်း

၁၀။ ဒေသအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၏ သက်တမ်းသည် UPDJC က သတ်မှတ်သော သက်တမ်းအတိုင်း ဖြစ်သည်။

# အကြောင်းအရာအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်

## (အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်)

### အစီပွါယ်ဖွင့်ဆိုချက်

၁။ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုသည်မှာ အရပ်ဘက် လူ့အဖွဲ့အစည်းများက ကျင်းပသော UPDJC မှ အသိအမှတ်ပြုသည့် နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်သည်။ လူဦးရေ ၅၀၀ ထက်မပိုသော ကိုယ်စားလှယ်များ တက်ရောက်သည့် အရပ်ဘက် လူ့အဖွဲ့အစည်းများဖိုရမ်ကိုသာ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲအဖြစ် သတ်မှတ်သည်။

### အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်) တွင် ဆွေးနွေးမည့် အကြောင်းအရာများ

၂။ **လူမှုရေး**

(၁) ပြန်လည် နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

**စီးပွားရေး**

(၂) ဖက်ဒရယ် စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

**မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၃) သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ

### ပါဝင်မည့် အဖွဲ့အစည်းများ

၃။ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်) တွင် ပါဝင်ကြမည့် အရပ်ဘက် လူ့အဖွဲ့အစည်းများ ဆိုသည်မှာ နိုင်ငံတော် အစိုးရအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တရားဝင် နိုင်ငံရေးပါတီများနှင့် ပြည်ပအစိုးရနှင့် ၎င်းသြဇာခံ အဖွဲ့အစည်းတခုခု၏ ဖွဲ့စည်းထိန်းချုပ်မှု အောက်တွင် မရှိသော၊ မိမိတို့၏ သဘောဆန္ဒနှင့် ရည်မှန်းချက်အရ လာရောက်စုစည်းထားကြသည့် လွတ်လပ်သော အဖွဲ့အစည်းများနှင့် အစုအဖွဲ့များကို ဆိုလိုသည်။

၄။ အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်တွင် ပါဝင်ဆွေးနွေးရန် မြန်မာနိုင်ငံအတွင်းရှိ 'အရပ်သား အခြေပြု အဖွဲ့အစည်းများ ဖြစ်ကြခြင်း၊ အကြမ်းဖက်မှု မပြုခြင်း (သို့မဟုတ်)

အကြမ်းဖက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုံ့ဆော်မှု မပြုခြင်း၊ မိမိတို့ အစုအဖွဲ့၏ အယူအဆ သဘောတရားများကိုသာ လွှမ်းမိုးပျံ့နှံ့စေရန် ဆောင်ရွက်ခြင်း မဟုတ်ပဲ ဗဟုဝါဒ (Pluralism) နှင့် စုံလင်ကွဲပြားမှုများ (Diversity) ကို လက်ခံနိုင်ကြသည့် အဖွဲ့အစည်းများ ဖြစ်ကြခြင်း' စသော လက္ခဏာရပ်များကို ဆောင်သည့် အဖွဲ့အစည်းများ ဖြစ်ကြရမည်။ ယင်းအဖွဲ့အစည်းများတွင် ပထဝီ နေရာ ဒေသကို အခြေပြုသည့် အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ဦးစားပေး အကြောင်းအရာ တခုချင်းစီအပေါ် အခြေပြုသည့် အရပ်ဘက် လူ့အဖွဲ့အစည်းများ စသော လူမှုအသိုက်အဝန်းအတွက် လှုပ်ရှား ဆောင်ရွက်နေကြသည့် မြန်မာ့ အရပ်ဘက် လူ့အဖွဲ့အစည်းများ စုံလင်စွာ ပါဝင်မည်ဖြစ်သည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC မှ ချမှတ်ပေးသည့် အခြေခံ လမ်းညွှန်မှုများနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီ နယ်မြေ) ၏ ကြီးကြပ်မှုဖြင့် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်) များကို ကျင်းပရမည်။

၆။ သတ်မှတ်ပေးထားသော အကြောင်းအရာများကိုသာ ဆွေးနွေးပြီး သဘောထား စုစည်းချက်များကို ရယူရမည်။

## ကျင်းပပုံ ကျင်းနည်း

၇။ အရပ်ဘက် လူ့အဖွဲ့အစည်းများ အနေဖြင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ် ကျင်းပနိုင်ရေးအတွက် ကျင်းပမည့် နည်းလမ်းများ၊ စီမံခန့်ခွဲမှု အဆင့်ဆင့်ပုံစံ စသည်တို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

၈။ အောက်ပါအချက်များအား UPDJC က သတ်မှတ်မည်–

(က) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်ပေးခြင်း ကဏ္ဍတွင်

**လူမှုရေး**

(၁) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**စီးပွားရေး**

(၂) ဖက်ဒရယ် စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ**

(၃) သဘာဝ ပတ်ဝန်းကျင်နှင့် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ

(က)

(ခ)

(ဂ)

(ခ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမှုဘောင် သတ်မှတ်ပေးခြင်း

**မှတ်ချက်။** ။အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

(ဂ) သက်ဆိုင်ရာ အကြောင်းအရာအလိုက် ဆွေးနွေးမည့် အကြိမ်အရေအတွက် သတ်မှတ်ပေးခြင်း

**မှတ်ချက်။** ။အစီအစဉ်ချမှတ်ခြင်းတွင် ပါဝင်သွားမည်။

၉။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို စီစဉ်ကျင်းပခွင့်ရှိသည့် အစုအဖွဲ့များ အနေဖြင့် ယင်းဆွေးနွေးပွဲတွင် ပါဝင်မည့်သူများ၊ အစုအဖွဲ့များ သတ်မှတ်နိုင်ရန် သက်ဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**သဘောထားစုစည်းခြင်း**

၁၀။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်) များတွင် တူညီသော အမြင်သဘောထားများနှင့် မတူကွဲပြားသော အမြင်သဘောထားများကို စုစည်းရန်ဖြစ်သည်။

**ပြန်လည်တင်ပြခြင်း**

၁၁။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်) များ၏ သဘောထားစုစည်းချက်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများထံ တင်ပြရမည်။

**သက်တမ်း**

၁၂။ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ (အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖိုရမ်) များ၏ သက်တမ်းသည် UPDJC က သတ်မှတ်သော သက်တမ်းအတိုင်း ဖြစ်သည်။

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ လုပ်ငန်းလမ်းညွှန်
## (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်၊ နေပြည်တော် ကောင်စီ နယ်မြေ)

### ဖွဲ့စည်းပုံ

၁။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) တခုလျှင် သက်ဆိုင်ရာ ဒေသ၏ အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲ အနိုင်ရပါတီများမှ ကိုယ်စားလှယ် ၃ ဦးစီ စုစုပေါင်း ၉ ဦးစီဖြင့် ဖွဲ့စည်းရမည်။

၂။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ–(၂၁) ရာစု ပင်လုံ ကိုယ်စားလှယ်များဖြင့် ဖြစ်စေ၊ ညီလာခံကိုယ်စားလှယ် မဟုတ်သူများဖြင့် ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

၃။ အမျိုးသားအဆင့် နိုင်ငံရေး ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) ကို ဥက္ကဋ္ဌ ၁ ဦး၊ ဒုတိယ ဥက္ကဋ္ဌ ၁ ဦး၊ အတွင်းရေးမှူး ၁ ဦးနှင့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၄။ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) သည် လိုအပ်ပါက ကြီးကြပ်မှု ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်သည်။

### တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေ) သည် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို စနစ်တကျ ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ရန် တာဝန်ရှိသည်။

၆။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) သည် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို အစုအဖွဲ့ တဖွဲ့ချင်းစီမှသော်လည်းကောင်း၊ အစုအဖွဲ့များ စုပေါင်း၍ သော်လည်းကောင်း၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီ နယ်မြေတို့၌ ကျင်းပရာတွင် ဒေသအတွင်း တည်ငြိမ်မှုနှင့် လုံခြုံမှုများ မထိခိုက်စေရေးအတွက် အလေးထား ဆောင်ရွက်ရမည်။

၇။ အမျိုးသား နိုင်ငံရေး ဆွေးနွေးပွဲ ကြီးကြပ်မှု ကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) သည် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများအား လုပ်ငန်းလမ်းညွှန်များနှင့်အညီ စနစ်တကျ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအစုအဖွဲ့များကို ညှိနှိုင်းပံ့ပိုး ဆောင်ရွက်ပေးရမည်။

၈။ အမျိုးအသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) သည် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့် ပြုနိုင်ရေး အတွက် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အစည်းအဝေး ကျင်းပခြင်း

၉။ အမျိုးအသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) များသည် သက်ဆိုင်ရာဒေသ၏ လိုအပ်ချက်နှင့်အညီ ပုံမှန်အစည်းအဝေးများနှင့် အရေးပေါ် အစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

## အထွေထွေ

၁၀။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှု ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီနယ်မြေ) များသည် သက်ဆိုင်ရာ ဒေသ၏ လိုအပ်ချက်နှင့်အညီ ရုံးအဖွဲ့များအား UPDJC ရုံးအဖွဲ့၏ အစိတ်အပိုင်းများအဖြစ် ဖွဲ့စည်းနိုင်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ
ကြေညာချက် အမှတ် ၁/၂၀၁၆
၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

# ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်များအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း

၁။ ခေတ်အဆက်ဆက် အမြစ်တွယ်ရှင်သန်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းအောင်မြင်နိုင်မည်မဟုတ်ဘဲ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ အလားတူ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ဤ မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံပထမအစည်းအဝေးကို ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံပထမအစည်းအဝေးမတိုင်မီနှင့် အစည်းအဝေးကျင်းပပြီး နောက်ပိုင်းကာလများတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်များ ပြန်လည်သုံးသပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲများ၌ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့ပါသည်။ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးအတွက် အရေးကြီးလှသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိုလည်း ဦးစားပေး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၃။ နိုင်ငံရေးဆွေးနွေးမှု မူဘောင် ဆွေးနွေးပွဲများ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် အရေးကြီးလှသောမူဘောင်များနှင့် လုပ်ငန်းလမ်းညွှန်များကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီမှ သဘောတူဆုံးဖြတ်နိုင်ခဲ့

ပါသည်။

၄။ ယခုအခါ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ လူမျိုးကို အခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ဒေသကို အခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ အကြောင်းအရာကို အခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum) ကို နေပြည်တော်ကောင်စီနယ်မြေတွင် လည်းကောင်း စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၅။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေး ကော်မတီများဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစုအဖွဲ့မှ အဆိုပြုတင်ပြလာသော ကိုယ်စားလှယ်များ၏ အမည်စာရင်းများကိုလည်း ဒုတိယဒုက္ကဋ္ဌ ၃ ဦးက သဘောတူထောက်ခံကြောင်း ထပ်ဆင့်တင်ပြလာခဲ့ပါသည်။

၆။ သို့ပါ၍ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်။

**(က) ကရင်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ**

(၁) ဦးမင်းတင်ဝင်း (တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး)
(၂) ဗိုလ်မှူးကြီး တင်ထွဋ် (တပ်မတော်)
(၃) ဒေါ်နန်းသန်းသန်းလွင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) ပဒိုစောရွှေမောင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၅) နော်ကပေါ်ထူး (တိုင်းရင်းသားလက်နက်ကိုင်)
(၆) စောစိန်ဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးတေဇထွဋ်လှိုင်ထွေး (နိုင်ငံရေးပါတီ)
(၈) ဦးစောမြင့်ဦး (နိုင်ငံရေးပါတီ)
(၉) ဦးစောထွန်းအောင်မြင့် (နိုင်ငံရေးပါတီ)

**(ခ) တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

(၁) ဦးစောလုကာ (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)
(၂) ဗိုလ်မှူးကြီးမောင်မောင် (တပ်မတော်)
(၃) ဒေါ်တင်တင်ရီ (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) ပဒိုဆာပီးတုတ် ( တိုင်းရင်းသားလက်နက်ကိုင်)
(၅) ပဒိုဘီးလယ် ( တိုင်းရင်းသားလက်နက်ကိုင်)

(၆) ပဒိုဖလော့စိုးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးကင်းရှိန် (နိုင်ငံရေးပါတီ)
(၈) ဦးကျော်ကျော် (နိုင်ငံရေးပါတီ)
(၉) ဦးခင်မောင်မြင့် (နိုင်ငံရေးပါတီ)

**(ဂ) နေပြည်တော်ကောင်စီနယ်မြေ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

(၁) ဦးအောင်မြင့်ထွန်း (နေပြည်တော်ကောင်စီဝင်)
(၂) ဗိုလ်မှူးကြီးသိန်းဇော် (တပ်မတော်)
(၃) ဦးမျိုးဇော်ဦး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
(၄) ပဒိုစောကွယ်ထူးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၅) ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၆) ဦးမျိုးဝင်း (တိုင်းရင်းသားလက်နက်ကိုင်)
(၇) ဦးဝင်းထိန် (နိုင်ငံရေးပါတီ)
(၈) ဦးခင်မောင်ဌေး (နိုင်ငံရေးပါတီ)
(၉) ဦးမြင့်ဦး (နိုင်ငံရေးပါတီ)

၇။ အပိုဒ်(၆)ပါ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီများသည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ
စာအမှတ်၊ ၁၃၁ (၀၁)/၆/၂၀၁၆(၀၀၁)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

## ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

Joint Monitoring Committee- JMC


ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန် (JMC) ......................................................................၅၄

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ

ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန် ..........................................................၅၆

တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ

ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန် ..........................................................၆၂

ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု

ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ..........................................................၇၅

JMC - Joint Monitoring Committee

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန် (JMC)

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (Ethnic Armed Organizations - EAOs) အကြား တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကို နေပြည်တော်တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့၌ လက်မှတ်ရေးထိုးပြီး ဖြစ်သောကြောင့် စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း 'ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' အဆင့်ဆင့်ကို ဤလုပ်ငန်းလမ်းညွှန်ပါအတိုင်း ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ ထိုကော်မတီအဆင့်ဆင့်၏ အကောင်အထည်ဖော်ဆောင်မှုဖြင့် လက်နက်ကိုင် ပဋိပက္ခများအား လျော့ကျရပ်စဲစေရန် ဦးတည်၍ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် သဘောတူကြပါသည်။

## အခန်း (၁)
## ရည်ရွယ်ချက်

၂။ တနိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

## အခန်း (၂)
## အခြေခံမူများ

၃။ 'ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ' အဆင့်ဆင့်သည် အောက်ပါ အခြေခံမူများအတိုင်း ဆောင်ရွက်သွားရန် သဘောတူကြသည် –

(က) လုပ်ငန်းစဉ်တခုလုံးကိုအကောင်ထည်ဖော်ရာတွင်ဘက်လိုက်မှုကင်းခြင်း၊ ပွင့်လင်း မြင်သာမှုရှိခြင်း၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာရှိမှု တို့ကို အခြေခံရန်။

(ခ) နှစ်ဘက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်နိုင်သည့် ပဋိပက္ခများအား အင်အားသုံး ဖြေရှင်းခြင်း မပြုပဲ ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းကို အသုံးပြုရန်။

(ဂ) တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူချက်စာချုပ်ပါ အခြေခံမူများ၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များအတိုင်း စောင့်ထိန်း အကောင်အထည်ဖော်ရန်။

(ဃ) တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းစသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(င) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေး စိတ်ရင်းစေတနာမှန်ဖြင့် အကြေအလည် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန်။

(စ) အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို အသိအမှတ်ပြု လေးစားရန်။

## အခန်း (၃)

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်းပုံ

၄။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးမှ အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်–

(က) ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နှစ်ဖက်လက်ခံသော အများယုံကြည်လေးစားရသည့် အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ ထိုသို့ ဖွဲ့စည်းရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ကိုယ်စားလှယ် ၁၀ ဦးစီဖြင့် လည်းကောင်း၊ နှစ်ဘက်မှအဆိုပြုသော အများယုံကြည်လေးစားသည့် အရပ်သားကိုယ်စားလှယ် ၃ ဦးစီဖြင့်လည်းကောင်း စုစုပေါင်း ၂၆ ဦးဖြင့် ဖွဲ့စည်းသွားမည်။

(ခ) ပြည်ထောင်စု အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို အောက်ပါအတိုင်း တာဝန်ခွဲဝေ ဆောင်ရွက်သွားမည် –

- (၁) ဥက္ကဋ္ဌ (အစိုးရ)
- (၂) ဒုတိယဥက္ကဋ္ဌ(၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)
- (၃) ဒုတိယဥက္ကဋ္ဌ(၂) (အရပ်သား)
- (၄) အဖွဲ့ဝင်များ
- (၅) အတွင်းရေးမှူး(၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)
- (၆) အတွင်းရေးမှူး(၂) (အစိုးရ)

(ဂ) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ကော်မတီအဖွဲ့ဝင်အရေအတွက်နှင့် ကော်မတီဝင်များကို ပြောင်းလဲတာဝန်ပေးအပ်လိုပါက တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၏ အတည်ပြုချက်ရယူ၍ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန်

## JMC-U (Joint Monitoring Committee- Union Level)

၅။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) သည် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ဖော်ပြထားသည့် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ပူးတွဲညှိနှိုင်းအကောင်အထည် ဖော်ဆောင်ရန် တာဝန်ရှိသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များတွင် ဖော်ပြထားသော သဘောတူညီချက်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) နှင့် သက်ဆိုင်သောအချက်များ ဖြစ်သည်။ ယင်းအချက်များကို အကောင်အထည်ဖော်မှုနှင့် ချိုးဖောက်မှုများကို စောင့်ကြည့်စိစစ်ရန်အတွက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၌ အဓိကတာဝန်ရှိသည်။

၆။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှု လုပ်ငန်းစဉ်များကို တာဝန်ခံဆောင်ရွက်ရန်နှင့် လိုအပ်ပါက တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရမည်။

၇။ လူလုပ်နှင့်သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံ အထောက်အပံ့များ ပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရမည်။

၈။ နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရမည်။

၉ ။ တနိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အခြေအနေ၊ ဤသဘောတူ စာချုပ်

၏ တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)မှ လိုအပ်ချက်အရ အချက်အလက်များ တောင်းဆိုလာလျှင် ပြန်လည်ဖြေကြားပေးရမည်။

၁၁။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ယန္တရားတခုလုံးကို စီမံခန့်ခွဲရန်အတွက် လိုအပ်သော ဘဏ္ဍာငွေသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ၆ လတကြိမ်အစီရင်ခံစာ ပြုစုပြီး အနီးစပ်ဆုံးပြုလုပ်သည့် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM) သို့ အစီရင်ခံတင်ပြသွားရန်နှင့် အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအား ပြည်သူလူထု၊ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံတကာသို့ ထုတ်ပြန်အသိပေးသွားရမည်။

၁၂။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ ဖြေရှင်းနိုင်ခြင်းမရှိသော ကိစ္စရပ်များကို တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရမည်။

၁၃။ အလွန်အမင်းစိုးရိမ်ရသည့် ချိုးဖောက်မှုဖြစ်ပေါ်လာပါက ပြည်ထောင်စုအဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ စိစစ်အတည်ပြုရေးကို ဆောင်ရွက်ရမည်။ စုံစမ်းတွေ့ရှိချက်ကို သက်ဆိုင်ရာအဖွဲ့အစည်းထံသို့ပေးပို့၍ ၎င်းတို့၏ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း ဥပဒေများ နှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၁၄။ အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးမှ အတည်ပြုထားသော ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ငန်းဆိုင်ရာ အခြေခံမူများနှင့် ကွဲလွဲခြင်းမရှိစေဘဲ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ [State Level Joint Ceasefire Monitoring Committee (JMC-S)] ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းလမ်းညွှန်နှင့် အကောင်အထည်ဖော်ဆောင်မည့် နယ်နိမိတ်ကို သတ်မှတ်အတည်ပြုပေးရမည် ဖြစ်သည်။

၁၅။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီမှ လိုအပ်ချက်အရ တင်ပြလာသော ဒေသဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုပူးတွဲ စောင့်ကြည့်ရေးကော်မတီ (JMC-L) များကို စိစစ်အတည်ပြု ပေးရမည်။

၁၆။ လက်မှတ်ရေးထိုးထားသော နှစ်ဖက်အဖွဲ့အစည်းများမှ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ပါ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)နှင့် သက်ဆိုင်သော အချက်များကို ချိုးဖောက်မှုများဖြစ်ပေါ်လာပါက တိုင်းဒေသကြီး/ပြည်နယ်အဆင့်များမှ မဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များတင်ပြလာလျှင် ညှိနှိုင်းဖြေရှင်းပေးရမည်။

၁၇။ နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ အစီရင်ခံစာနှင့် တင်ပြချက်များကိုအခြေခံပြီး ဆုံးဖြတ်ချက်များ ချမှတ်ပေးရမည်။

၁၈။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် လိုအပ်လာပါက စိစစ်အတည်ပြုရေးအဖွဲ့ကို ဖွဲ့စည်းပြီး သင့်လျော်သည့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲချမှတ်၍ သက်ဆိုင်ရာဒေသသို့ စေလွှတ် အကောင်အထည်ဖော်ဆောင်ရွက်စေရမည်။

၁၉။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ် ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့်စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၀။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) အား ၎င်းတို့၏ဆန္ဒအတိုင်း မူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်သော်လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွာသစ်တည်ထောင်ပေးစေလိုလျှင်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၁။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့်ဒုက္ခသည်များအား စိစစ်၍ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များကို ပူးတွဲညှိနှိုင်းဆောင်ရွက်ပေးရမည်။

၂၂။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အခန်း(၄)၊ အပိုဒ်(၁၃)၊ အပိုဒ်ခွဲ(ဂ)အရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်သည် နှစ်ဖက်သဘောတူထားသည့်တပ်နေရာ ပြန်လည်ချထားရေးအစီအစဉ်အား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရမည်။

၂၃။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ

သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသတွင်မဆို ကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် တွေ့ဆုံဆွေးနွေးအစည်းအဝေးပြုလုပ်ခွင့် ရှိစေရမည်။

၂၄။ စိစစ်အတည်ပြုရေးအဖွဲ့များ၏ အကောင်ထည်ဖော်ဆောင်မှုအတွက် မည်သည့်အဖွဲ့အစည်းဘက်ကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေးစေခြင်း၊ ကန့်သတ်ခြင်းစသည့် အပြုအမူများမရှိစေရန် ဆောင်ရွက်ပေးရမည်။

၂၅။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများမှ တင်သွင်းလာသည့် ခန့်မှန်းကုန်ကျငွေကို စိစစ်အတည်ပြုပေးရမည်။

၂၆။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအတွက် လိုအပ်မည့် ခန့်မှန်းကုန်ကျငွေများကို အတည်ပြုပြီး အစိုးရ၊ သက်ဆိုင်ရာအထောက်အပံ့ပေးမည့် အလှူရှင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူဆောင်ရွက် သွားရမည်။

၂၇။ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များအား နည်းပညာအထောက်အကူပြု အကြံပေးနှင့် လေ့လာသူများအဖြစ် ခေါ်ယူမည်ဆိုပါက ခေါ်ယူမည့်သူများ၏ အရည်အချင်းကို နှစ်ဘက်ညှိနှိုင်း၍ ကြိုတင်သတ်မှတ်ပြီး သင့်လျော်သော အရေအတွက်ကို လိုအပ်သလို ဖိတ်ခေါ်ဆောင်ရွက်နိုင်သည်။ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများမှ လိုအပ်ချက်အရ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များအား နည်းပညာအထောက်အကူပြု အကြံပေးနှင့် လေ့လာသူများအဖြစ် တောင်းခံလာပါက ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ စိစစ်အတည်ပြုချက်ဖြင့် စေလွှတ်နိုင်သည်။

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၂၈။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ပုံမှန်အစည်းအဝေးအား ၂ လတကြိမ် ကျင်းပပြုလုပ်ရန်နှင့် လုပ်ငန်း လိုအပ်ချက်အရ အရေးပေါ်အစည်းအဝေးအားခေါ်ယူရမည်။

၂၉။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ပုံမှန်အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် ၇ ဦးစီ၊ အရပ်သားကိုယ်စားလှယ် တဦးစီ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်

ရေးကော်မတီအရေးပေါ်အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၏ ကိုယ်စားလှယ် ၇ ဦးစီ တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

၂၀။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ သည် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် လုံလောက်သော စုပေါင်းသဘောထားပုံစံ (Sufficient Consensus) ဖြင့် ဆုံးဖြတ်စေရမည်။ လုံလောက်သော စုပေါင်းသဘောထားပုံစံဆိုသည်မှာ အနည်းဆုံးအနေဖြင့် အစိုးရ၊ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းနှင့် အရပ်သားကိုယ်စားလှယ်အစုအဖွဲ့တိုင်းမှ အစည်းအဝေး တက်ရောက်သူ အများစု၏ သဘောတူညီမှုကိုဆိုလိုသည်။ အရပ်သားအစုအဖွဲ့၏ ဆုံးဖြတ်ချက်ချနိုင်ခွင့်ရှိရန် အတွက် အနည်းဆုံးအရပ်သားကိုယ်စားလှယ် ၄ ဦးအစည်းအဝေးတက်ရောက်ရမည်။

## ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ သက်တမ်းနှင့် ပြန်လည်သုံးသပ်ခြင်း

၂၁။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ သက်တမ်းသည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင် အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးမှ သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၂၂။ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ သည် ဖွဲ့စည်းတည်ထောင်ပြီးနောက် ၆ လအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ပြီး နှစ်စဉ် ပုံမှန် ပြန်လည်သုံးသပ်ရမည်။

၂၃။ ဤလုပ်ငန်းလမ်းညွှန်ကို ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီအစည်းအဝေးတွင် အထက်ပါ အပိုဒ် (၂၀) နှင့်အညီ အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်၍ ပြင်ဆင်ဖြည့်စွက်နိုင်သည်။

## အခန်း (၄)
## တိုင်းဒေသကြီး/ပြည်နယ် အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်းပုံ

၂၄။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (State Level Joint Ceasefire Monitoring Committee - JMC-S) ကို ပြည်ထောင်စု အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အောက်ပါ အတိုင်း ဖွဲ့စည်းပေးရမည်–

(က) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး

ကော်မတီကို အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နှစ်ဘက်လက်ခံသော အများယုံကြည်လေးစားရသည့် အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ ထိုသို့ဖွဲ့စည်းရာတွင်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဘက်မှ ကိုယ်စားလှယ် ၅ ဦးစီဖြင့်လည်းကောင်း၊ နှစ်ဘက်မှအဆိုပြုသော အများယုံကြည်လေးစားသည့် အရပ်သားကိုယ်စားလှယ် ၂ ဦးစီဖြင့်လည်းကောင်း စုစုပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းသွားမည်။

(ခ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို အောက်ပါအတိုင်း တာဝန်ခွဲဝေ ဆောင်ရွက်သွားမည်–

(၁) ဥက္ကဋ္ဌ (အစိုးရ)
(သတ်မှတ် Focal တိုင်းမှူး)

(၂) ဒုတိယဥက္ကဋ္ဌ (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)
(ဗဟိုမှ တာဝန်ပေးအပ်ထားသော တပ်မဟာမှူး/စစ်ဒေသမှူး)

(၃) ဒုတိယဥက္ကဋ္ဌ (၂) (အရပ်သား)

(၄) အဖွဲ့ဝင်များ
(ကက) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး
(ခခ) တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှူး
(ဂဂ) တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့မှူး
(ဃဃ) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)
(ငင) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)
(စစ) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)
(ဆဆ) အရပ်သား ၃ ဦး

(၅) အတွင်းရေးမှူး (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)
ဗဟိုမှ တာဝန်ပေးသူတစ်ဦး

(၆) အတွင်းရေးမှူး (၂) (အစိုးရ)
စစ်ဦးစီးမှူး (ပထမတန်း)

(ဂ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ကော်မတီအဖွဲ့ဝင် အရေအတွက်၊ ကော်မတီဝင်များ၊ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာနယ်မြေဒေသ အခြေအနေအရ ပြောင်းလဲတာဝန်ပေးအပ်လိုပါက နှစ်ဖက်သဘောတူညီချက်ဖြင့် ပြည်ထောင်စုအဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အတည်ပြုချက် ရယူကာ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးများတွင် သတ်မှတ်တာဝန်ခံ (Focal point) အဖြစ် ထားရှိသော တိုင်းမှူးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများအပြင် လိုအပ်ပါက သက်ဆိုင်ရာ တပ်မှူးများကို ဖိတ်ကြား၍ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရမည်။

(င) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီတွင် အရပ်သားကိုယ်စားလှယ်များအဖြစ် အမျိုးသမီးများ ပါဝင်နိုင်ရန် နှစ်ဖက်မှ အတတ်နိုင်ဆုံး ကြိုးပမ်းရမည်။

# တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန်

## JMC-S (Joint Monitoring Committee- State Level)

၃၅။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ဖော်ပြထားသည့် တနိုင်ငံလုံးအတိုင်းအတာ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး အခြေအနေ၊ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ပူးတွဲ စောင့်ကြည့်လေ့လာရန်၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား စိစစ်ရန်နှင့် ပူးတွဲညှိနှိုင်း ဖြေရှင်းရန်၊ အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိ သည်။

၃၆။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အခန်း (၄)၊ အပိုဒ်(၁၃)၊ အပိုဒ်ခွဲ (ဂ) အရ နှစ်ဖက်သဘောတူထားသည့် တပ်နေရာ ပြန်လည်ချထားရေးအစီအစဉ် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရမည်။

၃၇။ နှစ်ဖက်တပ်အချင်းချင်းကြား နားလည်မှုလွဲမှားပြီး ဖြစ်ပွားသောအငြင်းပွားမှုများရှိပါက သက်ဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် အမြန်ဆုံး တွေ့ဆုံပြီး ဆွေးနွေးအဖြေရှာခြင်းနည်းလမ်းကို အသုံးပြုဖြေရှင်းသွားရမည်။

၃၈။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့် မိုင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စရပ်များ

နှင့်စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များအကြား ညှိနှိုင်းဆောင်ရွက်ပေးရမည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများဆိုသည်မှာ နှစ်ဖက် ညှိနှိုင်းသဘောတူထားသည့် အဖွဲ့အစည်းများကို ဆိုလိုသည်။

၃၉။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေး ကော်မတီမှ အခါအားလျော်စွာ ညွှန်ကြားသည့် ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၄၀။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီသည် ဒေသဆိုင်ရာအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေး ကော်မတီလုပ်ငန်းစဉ်များအား လမ်းညွှန်မှုပေးရန်၊ ဒေသဆိုင်ရာအဆင့် ကော်မတီမှ မဆုံးဖြတ်နိုင်သောကိစ္စရပ်များကို ဖြေရှင်းရန်တာဝန်ရှိသည်။

၄၁။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေး ကော်မတီမှ လိုအပ်ချက်အရ အချက်အလက်များတောင်းဆိုလာလျှင် ပြန်လည်ဖြေကြား ခြင်း၊ အစီရင်ခံခြင်းများ ဆောင်ရွက်ရမည်။

၄၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ယန္တရားကိုစီမံခန့်ခွဲရန်အတွက် လိုအပ်သော ဘဏ္ဍာငွေသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ၂ လတကြိမ်အစီရင်ခံစာပြုစုပြီး အနီးစပ်ဆုံး ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးသို့ အစီရင်ခံတင်ပြသွားရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ ၏ လုပ်ပိုင်ခွင့်များ

၄၃။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးမှ အတည်ပြုထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ငန်းဆိုင်ရာ အခြေခံမူများနှင့်ကွဲလွဲခြင်းမရှိစေဘဲ တိုင်းဒေသကြီး /ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက် မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ [Local Level Joint Ceasefire Monitoring Committee (JMC-L)] ၏ အကောင်အထည်ဖော်ဆောင်မည့် နယ်နိမိတ်ကို ပြည်ထောင်စုအဆင့် ပစ်ခတ်

တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူကာ သတ်မှတ်ပေးရမည်။

၄၄။ လက်မှတ်ရေးထိုးထားသော နှစ်ဖက်အဖွဲ့အစည်းများမှ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ပါ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ နှင့် သက်ဆိုင်သောအချက်များကို ချိုးဖောက်မှုများဖြစ်ပေါ်လာပါက တိုင်းဒေသကြီး /ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီမှ အတတ်နိုင်ဆုံးညှိနှိုင်းဖြေရှင်းရန်နှင့် တိုင်းဒေသကြီး /ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီမှ မဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တင်ပြ ဆောင်ရွက်ရမည်။

၄၅။ နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အစီရင်ခံစာများ ရေးသားတင်ပြရမည်။

၄၆။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) တွင် ပါဝင်သောအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ Focal Point များကို အခြေခံပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတခုစီတွင် စိစစ်အတည်ပြုရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းကာ သင့်လျော်သည့် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲချမှတ်၍ သက်ဆိုင်ရာဒေသသို့စေလွှတ်အကောင်အထည်ဖော်ဆောင်ရွက်စေရမည်။ စိစစ်အတည်ပြုရေးအဖွဲ့များသည် ကနဦး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီယန္တရားအဖြစ် တာဝန်ယူအကောင်အထည်ဖော်သွားရမည်။

၄၇။ ဒေသဆိုင်ရာအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ တင်ပြလာသော ရပ်ကွက်/ကျေးရွာများမှ စောင့်ကြည့်ရေးလုပ်ငန်းများလုပ်ဆောင်မည့် နှစ်ဖက်လက်ခံသည့်ဒေသခံများကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အတည်ပြုပေးရမည်။

၄၈။ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)နှင့်ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ပူးတွဲညှိနှိုင်း ဆောင်ရွက်ပေးရမည်။

၄၉။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း မည်သည့်ဒေသမဆို ကော်မတီဝင်များ၏ သဘောတူညီချက်ဖြင့် အစည်းအဝေးများ ပြုလုပ်ခွင့်ရှိသည်။

၅၀။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး

ကော်မတီ စိစစ်အတည်ပြုရေးအဖွဲ့များ၏ အကောင်ထည်ဖော်ဆောင်မှုအတွက် မည်သည့် အဖွဲ့အစည်းဘက်ကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေးစေခြင်း၊ ကန့်သတ်ခြင်းစသည့် အပြုအမူများ မရှိစေရန် ဆောင်ရွက်ပေးရမည်။

၅၁။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီနှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတို့၏ နှစ်စဉ်ခန့်မှန်းအသုံးစရိတ်ကို စိစစ်တွက်ချက်ပြီး ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တင်ပြတောင်းခံရမည်။

၅၂။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ နှစ်ဖက်လက်ခံနိုင်သော နိုင်ငံတကာကျွမ်းကျင် ပညာရှင်များကို နည်းပညာအကြံပေး အထောက်အကူများအဖြစ် နိုင်ငံတော်အချုပ်အခြာ အာဏာကို ထိခိုက်ခြင်းသော်လည်းကောင်း၊ NCA အကောင်အထည်ဖော်ဆောင်မှုကို ထိခိုက်ခြင်းသော်လည်းကောင်း မရှိစေပဲ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသို့ ကြိုတင်တင်ပြတောင်းခံနိုင်သည်။

## တိုင်းဒေသကြီး / ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၅၃။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ ပုံမှန်အစည်းအဝေးအား ၁ လတကြိမ် ကျင်းပပြုလုပ်ရန်နှင့် လုပ်ငန်းလိုအပ်ချက် အရ အရေးပေါ်အစည်းအဝေးအား ခေါ်ယူရမည်။

၅၄။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ ပုံမှန်အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် ၃ ဦးစီ၊ အရပ်သားကိုယ်စားလှယ် တဦးစီ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ အရေးပေါ်အစည်းအဝေးသို့ အစိုးရမှ ၂ ဦး၊ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်တဦးနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ တိုင်းရင်းသားအစုအဖွဲ့ ၏ အဖွဲ့ဝင်တဦး၊ စုစုပေါင်း ၂ ဦး တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၅၅။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီပုံမှန်အစည်းအဝေးသည် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ဆုံးဖြတ်ချက် ချရာတွင် လုံလောက်သော စုပေါင်းသဘောထားပုံစံ (Sufficient Consensus) ဖြင့် ဆုံးဖြတ်

စေရမည်။ လုံလောက်သော စုပေါင်းသဘောထား ပုံစံဆိုသည်မှာ အနည်းဆုံးအနေဖြင့် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှင့် အရပ်သားကိုယ်စားလှယ်အစုအဖွဲ့ တိုင်းမှ အစည်းအဝေးတက်ရောက်သူအများစု၏ သဘောတူညီမှုကိုဆိုလိုသည်။ အရပ်သား အစုအဖွဲ့၏ ဆုံးဖြတ်ချက် ချနိုင်ခွင့်ရှိရန်အတွက် အနည်းဆုံး အရပ်သား ကိုယ်စားလှယ် ၃ ဦးအစည်းအဝေး တက်ရောက်ရမည်။

## တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ သက်တမ်းနှင့် ပြန်လည်သုံးသပ်ခြင်း

၅၆။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ သတ်မှတ်သည့် အတိုင်းဖြစ်သည်။

၅၇။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီသည် ဖွဲ့စည်းတည်ထောင်ပြီးနောက် ၃ လအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ပြီး နှစ်စဉ်ပုံမှန် ပြန်လည် သုံးသပ်ရမည်။

၅၈။ ဤလုပ်ငန်းလမ်းညွှန်ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးတွင် အထက်ပါ အပိုဒ် (၆၀) နှင့်အညီ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်၍ ပြင်ဆင်ဖြည့်စွက်နိုင်သည်။

## အခန်း (၅)

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဖွဲ့စည်းပုံ

၅၉။ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) ကို အထောက်အကူပြုရန် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ [Local Level Joint Ceasefire Monitoring Committee (JMC-L)] ကို အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်–

(က) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နှစ်ဖက် လက်ခံသောအများ ယုံကြည်လေးစားရသည့် အရပ်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်။ ထိုသို့ ဖွဲ့စည်းရာတွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ ကိုယ်စားလှယ် ၃ ဦးစီဖြင့်လည်းကောင်း၊ နှစ်ဖက်မှအသိအမှတ်ပြုသော အများယုံကြည် လေးစားသည့် အရပ်သားကိုယ်စားလှယ် တဦးစီဖြင့်လည်းကောင်း စုစုပေါင်း ၈ ဦးဖြင့် ဖွဲ့စည်းသွားမည်။

(ခ) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို အောက်ပါအတိုင်း တာဝန်ခွဲဝေ ဆောင်ရွက်သွားမည်–

(၁) ဥက္ကဋ္ဌ (အစိုးရ)
တပ်မတော်မှ ကိုယ်စားလှယ်တဦး

(၂) ဒုတိယ ဥက္ကဋ္ဌ(၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)

(၃) ဒုတိယ ဥက္ကဋ္ဌ(၂) (အရပ်သား)

(၄) အဖွဲ့ဝင် (အစိုးရ)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တဦး

(၅) အဖွဲ့ဝင် (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)

(၆) အဖွဲ့ဝင် (အရပ်သား)

(၇) အတွင်းရေးမှူး (၁) (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း)

(၈) အတွင်းရေးမှူး (၂) (အစိုးရ)
တပ်မတော်မှ ကိုယ်စားလှယ်တဦး

(ဂ) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဖွဲ့စည်းမှုကို သက်ဆိုင်ရာနယ်မြေဒေသအခြေအနေအရ ပြောင်းလဲတာဝန်ပေးအပ်လိုပါက နှစ်ဖက် သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ အတည်ပြုချက်ရယူကာ ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

(ဃ) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ အစည်းအဝေးတွင် လိုအပ်ပါက နှစ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ကြား၍ ပူးပေါင်း ဖြေရှင်းဆောင်ရွက်နိုင်သည်။

(င) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ တွင် အရပ်သားကိုယ်စားလှယ်များအဖြစ် အမျိုးသမီးများပါဝင်နိုင်ရန် နှစ်ဖက်မှ အတတ် နိုင်ဆုံး ကြိုးပမ်းရမည်။

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

၆၀။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် စောင့်ကြည့်ခြင်း၊ စိစစ်ခြင်းနှင့် အငြင်းပွားမှုများအား ညှိနှိုင်းဖြေရှင်းခြင်းလုပ်ငန်းများ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ကော်မတီ၏လုပ်ငန်းတာဝန်များကို ကူညီ ပံ့ပိုးခြင်းများ လုပ်ဆောင်ရမည်။

၆၁။ ဒေသအဆင့်တွင် မဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အချိန်နှင့် တပြေးညီ တင်ပြရမည်။

၆၂။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် လစဉ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဘဏ္ဍာငွေသုံးစွဲမှုများအား တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အစီရင်ခံ တင်ပြရမည်။

၆၃။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ကော်မတီအဆင့်ဆင့်မှ လိုအပ်ချက်အရ တောင်းဆိုသည့် အချက်အလက်များကို အစီရင်ခံ တင်ပြရမည်။

၆၄။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ရပ်ကွက်/ကျေးရွာများတွင် စောင့်ကြည့်ရေးလုပ်ငန်းများဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံများကို လွတ်လပ်စွာရွေးချယ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အတည်ပြုရေးတင်ပြရမည်။ စောင့်ကြည့်ရေးလုပ်ငန်း လုပ်ဆောင်မည့်သူများသည် ၎င်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းလမ်းညွှန်များကို လိုက်နာရမည်။

၆၅။ စောင့်ကြည့်သူများအနေဖြင့် အငြင်းပွားမှုဆိုင်ရာ တွေ့ရှိချက်များကို ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ ပေးပို့ရမည်ဖြစ်ပြီး သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးအား မိတ္တူပေးပို့ရမည်။

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၆၆။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေး ကော်မတီ [Local Level Joint Ceasefire Monitoring Committee (JMC-L)] ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းလမ်းညွှန်နှင့် အကောင်အထည်ဖော်ဆောင်မည့် နယ်နိမိတ်ကို ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ၍ သတ်မှတ်ပေးရမည်။

၆၇။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ တခုစီ၏ စိစစ်အတည်ပြုရေးအဖွဲ့များကို လိုအပ်ပါက နှစ်ဘက်ညှိနှိုင်းဖွဲ့စည်းကာ သင့်လျော်သည့် လမ်းညွှန်ချက်များချမှတ်၍ သက်ဆိုင်ရာဒေသသို့ စေလွှတ် အကောင်အထည်ဖော်ဆောင်ရွက်စေရမည်။

၆၈။ ဝင်ရောက်လာသော ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)အား ပြန်လည်နေရာ

ချထားရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တင်ပြပြီး ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့် အညီဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၆၉။ ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် သက်ဆိုင်ရာဒေသအတွင်း ကော်မတီဝင်များ၏သဘောတူညီချက်ဖြင့် အစည်းအဝေးများ ပြုလုပ်ခွင့်ရှိသည်။

၇၀။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ စိစစ်အတည်ပြုရေးအဖွဲ့များ၏ အကောင်ထည်ဖော်ဆောင်မှုအတွက် မည်သည့်အဖွဲ့အစည်းဘက်ကမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေးစေခြင်း၊ ကန့်သတ်ခြင်းစသည့် အပြုအမူများမရှိစေရန် ဆောင်ရွက်ပေးရမည်။

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အစည်းအဝေးပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

၇၁။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ပုံမှန်အစည်းအဝေးအား ၁ လတကြိမ် ကျင်းပပြုလုပ်ရန်နှင့် လုပ်ငန်းလိုအပ်ချက်အရ အရေးပေါ်အစည်းအဝေးအား ခေါ်ယူရမည်။

၇၂။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ပုံမှန်အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် ၂ ဦးစီ၊ အရပ်သားကိုယ်စားလှယ်တဦး တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အရေးပေါ်အစည်းအဝေးသို့ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် ၂ ဦးစီ တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၇၃။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် ဆုံးဖြတ်ချက်ချရာတွင် ညှိနှိုင်းမှုဖြင့် ဆုံးဖြတ်စေရမည်။

## ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ သက်တမ်းနှင့် ပြန်လည်သုံးသပ်ခြင်း

၇၄။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၏ သက်တမ်းသည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်

ကြည့်ရေး ကော်မတီမှ သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၇၅။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ သည် ဖွဲ့စည်းတည်ထောင်ပြီးနောက် ၃ လအတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ပြီး နှစ်စဉ် ပုံမှန် ပြန်လည်သုံးသပ်ရမည်။

၇၆။ ဒေသဆိုင်ရာအဆင့် လုပ်ငန်းလမ်းညွှန်ကို ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအစည်းအဝေးသို့ တင်ပြပြီး ဆုံးဖြတ်ချက်ရယူရမည်။

## အခန်း (၆)
## စိစစ်အတည်ပြုရေးအဖွဲ့များ ဖွဲ့စည်းပုံ

၇၇။ စိစစ်အတည်ပြုရေးအဖွဲ့ (VerificationTeam) များအား သက်ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့်မှ အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်။

(က) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ရေးကော်မတီတို့တွင် စိစစ်အတည်ပြုရေးအဖွဲ့အား အစိုးရဘက်မှ ၂ ဦး၊ တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့အစည်းဘက်မှ ၂ ဦး၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ဘက်မှ အရပ်သားကိုယ်စားလှယ်တဦးစီဖြင့် စုစုပေါင်း ၆ ဦး ပါဝင်ဖွဲ့စည်းရမည်။ ဒေသ ဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ စိစစ်အတည်ပြုရေးအဖွဲ့အား အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ တဦးစီ၊ အရပ်သား ကိုယ်စားလှယ်တို့မှ တဦးစီဖြင့် စုစုပေါင်း ၄ ဦး ပါဝင်ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့် ရေးကော်မတီတို့၏ စိစစ်အတည်ပြုရေးအဖွဲ့များတွင် ပါဝင်မည့် အရပ်သား ကိုယ်စားလှယ် သည် သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ အဖွဲ့ဝင်ဖြစ်ရမည်ဖြစ်ပြီး အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့မှ ကိုယ် စားလှယ်များအနက် တဦးစီသည် သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ အဖွဲ့ဝင် ဖြစ်ရမည်။ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ စိစစ်အတည်ပြုရေးအဖွဲ့များတွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များကို ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင် မဟုတ်သူများကိုလည်း ဖွဲ့စည်းပေးနိုင်သည်။

(ဂ) စိစစ်အတည်ပြုရေးအဖွဲ့အတွက် ခေါင်းဆောင်အား အရပ်သားကိုယ်စားလှယ် အစုအဖွဲ့မှ တဦးကို သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌက ရွေးချယ် တာဝန်ပေးရမည်။

(ဃ) စိစစ်အတည်ပြုရေးအဖွဲ့များအား လိုအပ်သလို ညှိနှိုင်းပြင်ဆင် ဖွဲ့စည်းနိုင်သည်။

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇၈။ စိစစ်အတည်ပြုရေးအဖွဲ့များသည် တိုင်ကြားမှု၊ အငြင်းပွားမှုများနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ရေးအတွက် လိုအပ်သောအချက်အလက်များနှင့် အထောက်အထားများကို သတ်မှတ်ကာလအတွင်း အမြန်ဆုံး ရှာဖွေရယူရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) စိစစ်အတည်ပြုရေးအဖွဲ့များသည် သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲ စောင့်ကြည့်ရေးကော်မတီရုံးများနှင့် ချိတ်ဆက်ထားရှိပြီး အမြဲအဆင်သင့်ဖြစ်စေရမည်။ (သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီရုံးများ မဖွဲ့စည်းမီတွင် ဆက်ဆံရေးရုံးများမှတဆင့် ဆက်သွယ်ဆောင်ရွက်ရန်။)

(ခ) စိစစ်အတည်ပြုရေးလုပ်ငန်းများကိုသက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီများ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဂ) စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် လိုအပ်လာပါက နှစ်ဖက် အဖွဲ့အစည်းများသို့ လုပ်ငန်းနှင့်သက်ဆိုင်သော အကူအညီများ တောင်းခံပိုင်ခွင့်ရှိပြီး ထိုအဖွဲ့အစည်းများကလည်း ကူညီဆောင်ရွက်ပေးရမည်။

(ဃ) စုံစမ်းစစ်ဆေးရေးပြုလုပ်ရာတွင် ဖြစ်စဉ်နှင့်ပတ်သက်၍ မည်သူ့ကိုမဆို လိုအပ်သည့် အကူအညီနှင့် အချက်အလက်များ တောင်းခံရယူနိုင်သည်။

(င) စိစစ်အတည်ပြုရေးအဖွဲ့များသည် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တားမြစ်ခြင်း၊ နှောင့်နှေးစေခြင်း၊ ကန့်သတ်ခြင်း စသည့်အပြုအမူများနှင့် ကြုံတွေ့ရပါက သက်ဆိုင်ရာ တာဝန်ပေးအပ်သည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီထံသို့ချက်ချင်း တင်ပြအစီရင်ခံရမည်။

(စ) စိစစ်အတည်ပြုရေးအဖွဲ့များအတွက် လိုအပ်သည့် စီမံအုပ်ချုပ်ရေး လုပ်ငန်းများနှင့် ဘဏ္ဍာငွေ ကုန်ကျမှုများအား သက်ဆိုင်ရာပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ တာဝန်ယူရမည်။

(ဆ) စိစစ်အတည်ပြုရေးအဖွဲ့များသည် ရရှိလာသော အထောက်အထား သတင်း အချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားပြီး သက်ဆိုင်ရာ တာဝန်ပေးအပ်သည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ သတ်မှတ် အချိန်ကာလအတွင်း ပြည့်စုံစွာ အစီရင်ခံတင်ပြရမည်။

(ဇ) စိစစ်အတည်ပြုရေးလုပ်ငန်းတွင် ပါဝင်သူများ၊ သတင်းအချက်အလက်ပေးသူများ၏ လုံခြုံရေး၊ အန္တရာယ်ကင်းဝေးရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာန

များမှ တာဝန်ခံရေး ဆောင်ရွက်ပေးရမည်။

(ဈ) စိစစ်အတည်ပြုရေးအဖွဲ့၏ အစီရင်ခံစာကို ၎င်းအဖွဲ့တွင်ပါဝင်သော အဖွဲ့ဝင် အားလုံးက လက်မှတ်ရေးထိုး အတည်ပြုပေးရမည်။

(ည) ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသည် ပဋိပက္ခဖြစ်ပွားရာဒေသတွင်ရှိသော နိုင်ငံရေးပါတီဝင်များ၊ ဘာသာရေးအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ လှုပ်ရှားတက်ကြွသူများ၊ CSO များထံမှ ပဋိပက္ခ သဘောသဘာဝနှင့် ဖြေရှင်းမှုဆိုင်ရာ အကြံပြုချက်များကို ရယူနိုင်သည်။

## အခန်း (၇)
## တိုင်တန်းမှုယန္တရား

၇၉။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာ ကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သောအငြင်းပွားမှုများနှင့် ချိုးဖောက်မှုများကို အောက်ပါအတိုင်းအဆင့်ဆင့် တိုင်ကြားနိုင်သည် –

(က) ဒေသဆိုင်ရာအဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးများ၊

(ခ) ပြည်နယ်အဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီရုံးများ၊

**မှတ်ချက်။ ။** တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆက်ဆံရေးရုံးများသို့လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်နှင့်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးများသို့လည်းကောင်း တိုင်ကြားမှုများရှိလာပါက သက်ဆိုင်ရာ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်မှ လက်ခံဆောင်ရွက်ရမည်။

## အခန်း (၈)
## အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၈၀။ တိုင်တန်းထားသည့် ကိစ္စရပ်များပတ်သက်၍ စိစစ်အတည်ပြုရေးအဖွဲ့မှ ချိုးဖောက်မှုအဆင့်သတ်မှတ်ပြီး ဆုံးဖြတ်အစီရင်ခံပါက သက်ဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် အောက်ပါအရေးယူမှုများကို အချိန်ဇယား သတ်မှတ် ဆောင်ရွက်သွားရမည်–

(က) အသေးအဖွဲ ချိုးဖောက်မှုအဆင့် (Minor Violation) ဖြစ်ပါက ကျူးလွန်သူအား ၎င်းအထက်အရာရှိမှ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူ

ရမည်။

(ခ) စိုးရိမ်ရသော ချိုးဖောက်မှုအဆင့် (Serious Violation) ဖြစ်ပါက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီသည် ပြစ်မှုကျူးလွန်ကြောင်း တရားဝင်အတည်ပြုစာကို သက်ဆိုင်ရာအဖွဲ့အစည်းထံသို့ ပေးပို့ရမည်။ သက်ဆိုင်ရာအဖွဲ့အစည်းသည် ၎င်းတို့၏ လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ ဆက်လက်အရေးယူရမည်။

(ဂ) အလွန်အမင်းစိုးရိမ်ရသည့် ချိုးဖောက်မှုဖြစ်ပေါ်လာပါက ပြည်ထောင်စုအဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ စိစစ်အတည်ပြုရေးကို ဆောင်ရွက်ရမည်။ စုံစမ်း တွေ့ရှိချက်ကို သက်ဆိုင်ရာအဖွဲ့အစည်းထံသို့ပေးပို့၍ ၎င်းတို့၏ သတ်မှတ်ထား သည့် လုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

၈၁။ အဖွဲ့အစည်းအသီးသီးမှ မိမိတို့၏အရေးယူဆောင်ရွက်မှု အစီရင်ခံစာကို သက်ဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသို့ ပေးပို့ရမည်။ ထို့အပြင် နှစ်ဘက်အဖွဲ့အစည်းမဟုတ်သူများမှ တိုင်ကြားထားသော ကိစ္စများဖြစ်လျှင် ထို တိုင်ကြားသူထံသို့ သက်ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ မည်ကဲ့သို့အရေးယူ ဆောင်ရွက်ပြီးဖြစ်ကြောင်း အကြောင်းကြားရမည်။ ထိုကဲ့သို့ အရေးယူဆောင်ရွက်ပြီးကြောင်း အကြောင်းကြားချက်ကို ချိုးဖောက်ခြင်းခံရသူ (သို့) တိုင်ကြားသူမှ ကောင်းစွာနားလည်နိုင်ရေး အတွက် သက်ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ ရှင်းပြရန်တာဝန်ရှိသည်။

၈၂။ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ အရေးယူဆောင်ရွက်မှုများသည် ဥပဒေအရ ပြဋ္ဌာန်းထားသော နိုင်ငံသားအခွင့်အရေးများကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်း မရှိစေရ။

## အခန်း (၉)
## အထွေထွေ

၈၃။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတခုလုံး၏ဖွဲ့စည်းပုံတွင် ပါဝင်သော ကော်မတီဝင်များနှင့် အလုပ်အဖွဲ့ဝင်များသည် ပြည်ထောင်စုအဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ခွင့်ပြုချက်မရဘဲ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းမှရရှိလာသော သတင်း အချက်အလက်များကို ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မ တီနှင့် မသက်ဆိုင်သောအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့အား ဖြန့်ဝေခြင်း၊ ဝေမျှခြင်းမပြုရ။

၈၄။ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့်ရှိ အချက်အလက်စာရွက်စာတမ်းများကို လုပ်ငန်းသဘောအရ လုံခြုံမှုအဆင့်အတန်းများထားရှိမည်ဖြစ်ပြီး ထိုလုံခြုံမှုအဆင့်အတန်း စည်းကမ်းများကို ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့်တွင် ပါဝင်သူအားလုံးက လိုက်နာရမည်။

၈၅။ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်တွင် တာဝန်ပေးထားသောပြောရေးဆိုခွင့်ရှိသူ

များကသာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့်၏ ဆောင်ရွက်ချက်များကို မီဒီယာနှင့် ပြည်သူလူထုသို့ သတင်းထုတ်ပြန်နိုင်သည်။

၈၆။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းလမ်းညွှန်ပါ အချက်များအား ပြင်ဆင်ဖြည့်စွက်လိုပါက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဝင်များ၏ သဘောတူညီမှုနှင့် ပြင်ဆင်ဖြည့်စွက်ပြီး တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) သို့ တင်ပြ၍ အတည်ပြုချက် ရယူသွားရန် ဖြစ်သည်။

၈၇။ တိုင်ကြားသူများ၊ သတင်းအချက်အလက်ပေးသူများနှင့် သက်သေများတို့၏ လုံခြုံမှုနှင့် ပတ်သက်၍ နှစ်ဖက်အဖွဲ့အစည်းများတွင် တာဝန်ရှိသည်။

၈၈။ အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ ကိုယ်စားလှယ်တို့သည် ဤပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးယန္တရား အောင်မြင်စွာ ပူးတွဲအကောင်အထည်ဖော်လုပ်ဆောင်သွားရန် သဘောတူ ကတိပြုကြပါသည်။

**နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအစည်းအဝေး၌ အတည်ပြုသည်။**

JMC(U)

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ

# Joint Ceasefire Monitoring Committee- Union Level (JMC-U)

၁။ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် – ဥက္ကဋ္ဌ
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

၂။ ဗိုလ်ချုပ် စောအိုင်းဇက်ဖိုး – ဒုဥက္ကဋ္ဌ(၁)
စစ်ထောက်ချုပ်၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)၊
ဗဟို အမြဲတမ်းကော်မတီ၊ ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး (KNU)

၃။ ဦးကိုကိုကြီး – ဒုဥက္ကဋ္ဌ(၂)
အရပ်သားကိုယ်စားလှယ်

၄။ ဒုဗိုလ်ချုပ်ကြီး ရဲအောင် – အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန

၅။ ဒုဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် – အဖွဲ့ဝင်
အမှတ်(၁) စစ်ဆင်ရေး အထူးအဖွဲ့မှူး

၆။ ဒုဗိုလ်ချုပ်ကြီး သန်းထွန်းဦး – အဖွဲ့ဝင်
အမှတ်(၂) စစ်ဆင်ရေး အထူးအဖွဲ့မှူး

၇။ ဒုဗိုလ်ချုပ်ကြီး အောင်ကျော်ဇော – အဖွဲ့ဝင်
အမှတ်(၃+၅) စစ်ဆင်ရေး အထူးအဖွဲ့မှူး

၈။ ဒုဗိုလ်ချုပ်ကြီး မင်းနောင် – အဖွဲ့ဝင်
အမှတ်(၄) စစ်ဆင်ရေး အထူးအဖွဲ့မှူး

၉။ ဒုဗိုလ်ချုပ်ကြီး အောင်လင်းဒွေး – အဖွဲ့ဝင်
စစ်ဥပဒေချုပ်

၁၀။ ဗိုလ်ချုပ် အောင်စိုး – အဖွဲ့ဝင်
ဒုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

၁၁။ ဒုဗိုလ်ချုပ်ကြီး မြင့်စိုး (ငြိမ်း) – အဖွဲ့ဝင်

၁၂။ ဗိုလ်ချုပ် စောနေစိုးမြ – အဖွဲ့ဝင်
စစ်ရေးချုပ်၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်

(ငြိမ်းချမ်းရေး ကောင်စီ) (KNU/KNLA-PC)

၁၃။ ဗိုလ်မှူး စောကျော်သန်းဌေး – အဖွဲ့ဝင်
ဆက်ဆံရေးတာဝန်ခံချုပ်၊ ဒီမိုကရေစီ အကျိုးပြု ကရင် တပ်မတော် (DKBA)

၁၄။ ဒုတိယဗိုလ်မှူးကြီး ခွန်အောင်မန်း – အဖွဲ့ဝင်
စစ်ဦးစီးမှူး/ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်၊
ပအိုဝ်း အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PLO)

၁၅။ ရဲဘော် ဆလိုင်းယောအောင် – အဖွဲ့ဝင်
ဗဟိုဦးဆောင်ကော်မတီဝင်၊
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

၁၆။ ဒုတိယဗိုလ်မှူးကြီး ခိုင်မျိုးချစ် – အဖွဲ့ဝင်
ဗဟိုစစ်ဦးစီးမှူးအဖွဲ့ဝင်၊ ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ (ALP)

၁၇။ ဗိုလ်မှူးကြီး ဆောင်းဟန် – အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင် ကော်မတီ၊
သျှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS)

၁၈။ ပဒို စောတာဒိုမူး – အဖွဲ့ဝင်
ဗဟို အလုပ်အမှုဆောင် ကော်မတီ၊ ကေအဲန်ယူ–ကရင် အမျိုးသား အစည်းအရုံး (KNU)

၁၉။ စိုင်းလျှန်း – အဖွဲ့ဝင်
ဗဟိုကော်မတီဝင်၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS)

၂၀။ သိက္ခာတော်ရဆရာတော် စောမက်သယူးအေး – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၂၁။ စိုင်းမျိုးသန့် – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၂၂။ ဦးမောင်မောင်ငြိမ်း – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၂၃။ သူရ ဦးတင်လှ – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၂၄။ ဦးပြည့်စုံ – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၂၅။ ဒေါက်တာ ရွှေခါးရ် – အတွင်းရေးမှူး(၁)
လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်(၂)၊ ချင်းအမျိုးသားတပ်ဦး (CNF)

၂၆။ ဗိုလ်မှူးကြီး ဝဏ္ဏအောင် – အတွင်းရေးမှူး(၂)
ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)

## JMC(S) တနင်္သာရီတိုင်းဒေသကြီး
## ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ
Joint Ceasefire Monitoring Committee- State Level (JMC-S)

၁။ ဗိုလ်မှူးချုပ် မောင်မောင်စိုး – ဥက္ကဋ္ဌ

၂။ ဗိုလ်မှူးကြီး မူကယ် – ဒုဥက္ကဋ္ဌ(၁)
တပ်မဟာ(၄) စစ်ဆင်ရေးမှူး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)၊
ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး (KNU)

၃။ ဦးလှသန်း – ဒုဥက္ကဋ္ဌ(၂)
အရပ်သားကိုယ်စားလှယ်

၄။ ဗိုလ်မှူးကြီး ဇော်လွင် – အဖွဲ့ဝင်

၅။ ဦးခိုင်ထွန်းဦး – အဖွဲ့ဝင်

၆။ ရဲမှူးကြီး နေမျိုး – အဖွဲ့ဝင်

၇။ ပဒို စောသောသီဖေ – အဖွဲ့ဝင်
ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး (KNU)

၈။ ဒုတိယဗိုလ်မှူးကြီး စောထိုယူ – အဖွဲ့ဝင်
တပ်မဟာ(၄) တပ်ရင်း(၁၁)မှူး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)၊
ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး (KNU)

၉။ ဗိုလ်မှူးကြီး မူးကပေါ် – အဖွဲ့ဝင်
တပ်မဟာ(၄) ၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)၊
ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး (KNU)

၁၀။ Father ဂျိုးဇက်သိန်းခင် – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၁၁။ စရောဝင်း – အဖွဲ့ဝင်

၁၂။ နော်မေးဒြက် – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၁၃။ ပဒို စောဘီးလယ် – အတွင်းရေးမှူး(၁)
ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး (KNU)

၁၄။ ဒုဗိုလ်မှူးကြီး အောင်လွင် – အတွင်းရေးမှူး(၂)

# JMC(S) မွန်ပြည်နယ်

## ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ

Joint Ceasefire Monitoring Committee- State Level (JMC-S)

၁။ ဗိုလ်မှူးချုပ် မျိုးဝင်း – ဥက္ကဋ္ဌ
အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး

၂။ ဗိုလ်မှူးကြီး စောပလေ့ – ဒုဥက္ကဋ္ဌ(၁)
တပ်မဟာ(၁) ဗျူဟာမှူး၊ ကေအဲန်ယူ– ကရင် အမျိုးသား အစည်းအရုံး

၃။ ဒေါက်တာ မင်းနွယ်စိုး – ဒုဥက္ကဋ္ဌ(၂)
အရပ်သားကိုယ်စားလှယ်

၄။ ဗိုလ်မှူးကြီး ဝင်းနိုင်ဦး – အဖွဲ့ဝင်
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး

၅။ ဦးဇော်လင်းထွန်း – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၆။ ရဲမှူးကြီး ဘိုဘိုဦး – အဖွဲ့ဝင်
ပြည်နယ် ရဲတပ်ဖွဲ့မှူး

၇။ ပဒို စောစိုးမြင့် – အဖွဲ့ဝင်
သထုံခရိုင်ဥက္ကဋ္ဌ၊ ကေအဲန်ယူ– ကရင် အမျိုးသား အစည်းအရုံး

၈။ ဗိုလ်မှူးကြီး စောဂျိုးစွာ – အဖွဲ့ဝင်
တပ်မဟာ(၆) ဗျူဟာမှူး၊ ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး

၉။ ဗိုလ်မှူး စောဆဲနေထူး – အဖွဲ့ဝင်
တပ်မဟာ(၆) စစ်ရေးချုပ်၊ ကေအဲန်ယူ– ကရင် အမျိုးသား အစည်းအရုံး

၁၀။ စောဟိုရှေး – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၁၁။ နော်ဆာထူး – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၁၂။ ဒေါက်တာ မိယဉ်ချမ်း – အဖွဲ့ဝင်
အရပ်သားကိုယ်စားလှယ်

၁၃။ ဗိုလ်မှူးကြီး စောကျော်မြင့် – အတွင်းရေးမှူး(၁)
တပ်မဟာ(၁) ထောက်လှမ်းရေးမှူး၊ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး

၁၄။ ဒုဗိုလ်မှူးကြီး ရဲထွဋ် – အတွင်းရေးမှူး(၂)
G-1 (စရန–ရတခ)

## JMC(S) ကရင်ပြည်နယ်

### ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ

Joint Ceasefire Monitoring Committee- State Level (JMC-S)

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် မျိုးဝင်း<br>အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး | – ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်မှူးကြီး စောဖောဒို<br>တပ်မဟာ(၇) ဗျူဟာမှူး၊ ကေအဲန်ယူ– ကရင် အမျိုးသား အစည်းအရုံး | – ဒုဥက္ကဋ္ဌ(၁) |
| ၃။ | နန်းစေအွာ (အရပ်သားကိုယ်စားလှယ်) | – ဒုဥက္ကဋ္ဌ(၂) |
| ၄။ | ဗိုလ်မှူးကြီး အောင်လွင်<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | – အဖွဲ့ဝင် |
| ၅။ | ဦးမင်းရွှေ<br>ပြည်နယ် အုပ်ချုပ်ရေးမှူး | – အဖွဲ့ဝင် |
| ၆။ | ရဲမှူးကြီး ကြည်လင်း<br>ပြည်နယ် ရဲတပ်ဖွဲ့မှူး | – အဖွဲ့ဝင် |
| ၇။ | ဗိုလ်မှူးကြီး မောင်မောင်ဝင်း<br>စကခ (သဃ်န်းညီနောင်) | – အဖွဲ့ဝင် |
| ၈။ | ဗိုလ်မှူးကြီး စောသြဘာ<br>KNU/KNLA-PC | – အဖွဲ့ဝင် |
| ၉။ | ရဲဘော် မင်းဇော်<br>ABSDF | – အဖွဲ့ဝင် |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး စောထွန်းထွန်း<br>DKBA | – အဖွဲ့ဝင် |
| ၁၁။ | စောခရစ္စတိုဖာ (အရပ်သားကိုယ်စားလှယ်) | – အဖွဲ့ဝင် |
| ၁၂။ | စောဘိုးနီ (အရပ်သားကိုယ်စားလှယ်) | – အဖွဲ့ဝင် |
| ၁၃။ | နန်းမြင့်တင် (အရပ်သားကိုယ်စားလှယ်) | – အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူး အယ်ဒိုထူး<br>ကေအဲန်ယူ – ကရင် အမျိုးသား အစည်းအရုံး | – အဖွဲ့ဝင် |
| ၁၅။ | ပဒို စောရွှေမောင်း<br>ဒူးပလာယာခရိုင် ဥက္ကဋ္ဌ | – အတွင်းရေးမှူး(၁) |
| ၁၆။ | ဒုဗိုလ်မှူးကြီး ရဲထွဋ်<br>G-1 (စရန–ရတခ) | – အတွင်းရေးမှူး(၂) |

## JMC(S) ပဲခူးတိုင်းဒေသကြီး

## ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ

Joint Ceasefire Monitoring Committee- State Level (JMC-S)

| | | |
|---|---|---|
| ၁။ | ဗိုလ်ချုပ်မြတ်ကျော်<br>တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး | – ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်မှူးချုပ် မျိုးချစ် (ခ) စောအယ်ကလူသိန်း<br>တပ်မဟာ(၃)မှူး၊ ကေအဲန်ယူ– ကရင် အမျိုးသား အစည်းအရုံး | – ဒုဥက္ကဋ္ဌ(၁) |
| ၃။ | စောထူးဘလက်<br>အရပ်သားကိုယ်စားလှယ် | – ဒုဥက္ကဋ္ဌ(၂) |
| ၄။ | ဗိုလ်မှူးကြီး ခင်မောင်ဌေး<br>လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | – အဖွဲ့ဝင် |
| ၅။ | ဦးတိုးဝင်း<br>အုပ်ချုပ်ရေးမှူး | – အဖွဲ့ဝင် |
| ၆။ | ရဲမှူးကြီး မျိုးမင်းထိုက်<br>ရဲတပ်ဖွဲ့မှူး | – အဖွဲ့ဝင် |
| ၇။ | ဗိုလ်မှူးကြီး စောယိုရှူး<br>တပ်မဟာ(၅) ဗျူဟာမှူး၊ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး | – အဖွဲ့ဝင် |
| ၈။ | ဒုတိယဗိုလ်မှူးကြီး အယ်ကလူဖိုး<br>တပ်မဟာ(၃) ကာကွယ်ရေးတပ်ရင်း၊ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး | – အဖွဲ့ဝင် |
| ၉။ | ဒုတိယဗိုလ်မှူးကြီး စောထိုးကဲ<br>တပ်မဟာ(၂) တပ်ရင်း(၅)မှူး၊ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး | – အဖွဲ့ဝင် |
| ၁၀။ | စောဒီထူး<br>အရပ်သားကိုယ်စားလှယ် | – အဖွဲ့ဝင် |
| ၁၁။ | စောလင်းအောင်<br>အရပ်သားကိုယ်စားလှယ် | – အဖွဲ့ဝင် |
| ၁၂။ | ဦးကျော်မင်းနိုင်<br>အရပ်သားကိုယ်စားလှယ် | – အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးကြီး ဒဲဖိုး<br>တပ်မဟာ(၂) စစ်ဆင်ရေးမှူး၊ ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး | – အတွင်းရေးမှူး(၁) |
| ၁၄။ | ဒုဗိုလ်မှူးကြီး သန်းထိုက်ဦး<br>စစ်ဦးစီးမှူး ပထမတန်း (တပခ) | – အတွင်းရေးမှူး(၂) |

## JMC(S) ရှမ်းပြည်နယ်

## ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ

Joint Ceasefire Monitoring Committee- State Level (JMC-S)

ဗိုလ်မှူးချုပ် ဝင်းမင်းထွန်း (ဥက္ကဋ္ဌ)
ဒုဗိုလ်မှူးကြီး သောင်းထိုက်ဦး (အတွင်းရေးမှူး–၂)
ဗိုလ်မှူးကြီး စိုးမိုးအောင်
ဦးမြင့်အောင်
ရဲမှူးချုပ် အောင်အောင်

ဗိုလ်မှူးကြီး စိုင်းအောင်မြ (ဒု–ဥက္ကဋ္ဌ–၁)
ဒုဗိုလ်မှူးကြီး ခွန်ခွဲထိုရ် (အတွင်းရေးမှူး–၁)
ဗိုလ်မှူး စိုင်းဦး
ဗိုလ်မှူး နန်းဖြူပြာ
ဗိုလ်မှူး စိုင်းဒေဝိန်

ဒေါ်နန်းဆွေနွယ်ဝင်း (ဒု–ဥက္ကဋ္ဌ–၂)
ဒေါ်စိန်ချယ်
ခွန်စိုးထွန်းအောင်
ဦးဝင်းတင်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ
# (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်)


ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစု ပင်လုံ

အကြိုပြင်ဆင်ရေးကော်မတီ နှင့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း ..........................................၈၄

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်း ..........................................၉၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်း ..................၉၇

EAOs ကိုယ်စား KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ မိန့်ခွန်း..........................၁၀၁

UNFC ဥက္ကဋ္ဌ၊ KIO ဗဟိုနာယက ဗိုလ်ချုပ်ကြီး အဲန်ဘန်လ၏ မိန့်ခွန်း ............................၁၀၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြောကြားသည့်မိန့်ခွန်း .............................၁၀၇

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်း..........................................၁၀၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ မိန့်ခွန်း ..........................................၁၁၂

UPDJC ၏ လုပ်ငန်းအစီရင်ခံစာ ..........................................................................၁၁၅

JMC-U မှ တင်ပြချက်များ..........................................................................................၁၁၈

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကိစ္စ အစီရင်ခံစာတင်သွင်းခြင်း...................................၁၂၁

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆိုင်ရာအကြောင်းအရာများ ..............................၁၂၃

ညီလာခံ အကြိုပြင်ဆင်ရေးကော်မတီ၏ အစီရင်ခံစာ ........................................................၁၂၆

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ၂၁ရာစုပင်လုံ ဖြစ်မြောက်ရေး ပြင်ဆင်ဆောင်ရွက်ရေး ကော်မတီ

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ အမှတ်၊ ၂၆/၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစု ပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ နှင့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရန် ဦးစားပေးလုပ်ငန်းစဉ်တရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးကိုမျှော်မှန်း၍ ပြည်ထောင်စုတိုင်းရင်းသားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ကို ကျင်းပသွားမည်ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးသည် နိုင်ငံသူနိုင်ငံသားများအတွက် အရေးတကြီး လိုအပ်ချက်ဖြစ်သည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မရှိမဖြစ် လိုအပ်ချက်ဖြစ်နေပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်ရေးမှာ အထူးပင် အရေးကြီးလှပါသည်။

၂။ သို့ပါ၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– (၂၁) ရာစု ပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက် သူများ ပါဝင်လာရေး၊ ညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင် ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန်အတွက် 'ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစု ပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ' ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒေါက်တာ တင်မျိုးဝင်း<br>စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အဖွဲ့ဝင်
အမှတ်(၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး
(ဃ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် အဖွဲ့ဝင်
အမှတ်(၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး
(င) ဦးနိုင်ငံလင်း အဖွဲ့ဝင်
လူမှုရေးဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(စ) ဦးဇော်ဌေး အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး
(ဆ) ဦးစိုးဟန် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားရေးဝန်ကြီးဌာန
(ဇ) ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း) အဖွဲ့ဝင်
(ဈ) ဦးသိန်းဇော် အဖွဲ့ဝင်
(ည) ဒေါ်ဒွဲဘူ အဖွဲ့ဝင်
(ဋ) ဦးခက်ထိန်နန် အဖွဲ့ဝင်
(ဌ) ဒေါက်တာမင်းဇော်ဦး အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု
ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ
(ဍ) ဦးခွန်မောင်သောင်း အဖွဲ့ဝင်
(ပင်လောင်းမဲဆန္ဒနယ်)
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး
ဖော်ဆောင်မှုကော်မတီ၊ ပြည်သူ့လွှတ်တော်
(ဎ) ဒေါ်ရှီးလာနန်တောင် (ခေါ်) ဒေါ်အမ်နန်တောင် အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ်(၂) ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ
အမျိုးသားလွှတ်တော်
(ဏ) ဦးမိုးဇော်ဦး အဖွဲ့ဝင်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
(တ) ဦးလှမောင်ရွှေ အတွင်းရေးမှူး
အထူးအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး
ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန

၃။ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**

(က) ပေးအပ်ထားသော မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) ကော်မတီဝင်များ၏ စုံညီအစည်းဝေးများကို ပုံမှန်ကျင်းပ၍ အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

(ဂ) ဆပ်ကော်မတီများ၏ ဆောင်ရွက်ချက်များအပေါ် လိုအပ်သလိုညှိနှိုင်း၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) မူဝါဒဆိုင်ရာ ကိစ္စရပ်များအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြ၍ လမ်းညွှန်မှုခံယူရန်။

(င) NCA စာချုပ် လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသား အဖွဲ့အစည်းများ နှင့်လည်းကောင်း ဆွေးနွေး ညှိနှိုင်းရန်။

(စ) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ ကျင်းပရေးအတွက် တာဝန်ယူဆောင်ရွက်ရန်နှင့် လိုအပ်သည့် အကြိုပြင်ဆင်ညှိနှိုင်းမှုများ ဆောင်ရွက်ရန်။

(ဆ) ကော်မတီ၏ အသုံးစရိတ်များကို နိုင်ငံတော်သို့တင်ပြ၍ဖြစ်စေ၊ အလှူရှင်အဖွဲ့ အစည်းများသို့ တောင်းခံ၍ဖြစ်စေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ပွင့်လင်းမြင်သာမှုရှိစွာ သုံးစွဲရန်။

(ဇ) ကော်မတီ၏ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏ရုံးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန်။

(ဈ) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ တင်ပြချက်များကို နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ည) လိုအပ်ပါက CSO, Local NGO အပါအဝင် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်။

(ဋ) ကော်မတီ အစည်းအဝေးများ၊ ကော်မတီ၏ ဆောင်ရွက်ချက်များကို အစီရင်ခံစာ ထုတ်ပြန်ရန်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြရန်။

(ဌ) ညီလာခံ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းစဉ် (Process) တခု ပေါ်ပေါက်လာသည်အထိ လက်မှတ်ရေးထိုး ထားသော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးရန်။

(ဍ) နိုင်ငံရေးဆွေးနွေးမှုမူဘောင် (Political Framework) ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်အတည်ပြုနိုင်ရေးအတွက် UPDJC အစည်းအဝေးသို့ တင်ပြရန်။

၄။ **တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်** (Nationwide Casefire Agreement - NCA) **လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)" ကိုအောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလိုက်သည် –**

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်<br>အမှတ်(၂)စစ်ဆင်ရေးအထူးအဖွဲ့မှူး | ဥက္ကဋ္ဌ |
| (ခ) | ပဒိုစောကွယ်ထူးဝင်း<br>အထွေထွေအတွင်းရေးမှူး<br>ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး–ဗဟို | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်<br>အမှတ်(၄)စစ်ဆင်ရေးအထူးအဖွဲ့မှူး | အဖွဲ့ဝင် |
| (င) | ဦးနိုင်ငံလင်း<br>လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးခွန်မောင်သောင်း<br>(ပင်လောင်းမဲဆန္ဒနယ်)<br>ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း<br>ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ရှီလာနန်တောင် (ခေါ်) ဒေါ်အမ်နန်တောင်<br>မဲဆန္ဒနယ်အမှတ်(၂) ကချင်ပြည်နယ်<br>ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (ဇ) | ဦးမျိုးဝင်း<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ<br>ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABSDF) | အဖွဲ့ဝင် |
| (ဈ) | စောမြရာဇာလင်း<br>ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်<br>ရခိုင်ပြည်လွတ်မြောက်ရေးကော်မတီ (ALP) | အဖွဲ့ဝင် |

(ည) စောစိန်ဝင်း အဖွဲ့ဝင်
စစ်ဦးစီးမှူး ဒုတိယတန်း
ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)

(ဋ) စောကျော်ညွန့် အဖွဲ့ဝင်
တွဲဖက် အထွေထွေအတွင်းရေးမှူး(၁)
KNU/KNLA-PC

(ဌ) ခွန်မြင့်ထွန်း အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး
အဖွဲ့ချုပ် (PNLO)

(ဍ) ဦးစိုင်းလ အဖွဲ့ဝင်
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)

(ဎ) ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း အတွင်းရေးမှူး(၁)
အဓိပတိကောင်စီဝင်၊ ချင်းအမျိုးသားတပ်ဦး (CNF)

(ဏ) ဒေါက်တာမင်းဇော်ဦး အတွင်းရေးမှူး(၂)
အဖွဲ့ဝင်၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု
ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ

**၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –**

(က) ချမှတ်ထားသောမူဝါဒများနှင့်အညီ အကောင်ထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကော်မတီ ဥက္ကဋ္ဌထံသို့ပုံမှန်အစီရင်ခံစာတင်ပြရန်၊

(ဂ) NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် ဆွေးနွေးညှိနှိုင်းရန်၊

(ဃ) နိုင်ငံရေးဆွေးနွေးမှုမူဘောင် (Political Framework) တွင်ပါရှိသော ဆွေးနွေးပွဲခေါင်းစဉ်များကို ကျစ်ကျစ်လစ်လစ် ရှိစေရေးအတွက် ဆွေးနွေးညှိနှိုင်းရန်၊ မူဘောင်ကိုပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်ရန်၊

(င) ညီလာခံအစည်းအဝေး ရလဒ်များကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ကြိုတင်ညှိနှိုင်း၍ ကော်မတီသို့ တင်ပြရန်၊

(စ) ညီလာခံ ကျင်းပရေးပူးတွဲကော်မတီတရပ် ပေါ်ပေါက်လာရေးအတွက် ဆွေးနွေးညှိနှိုင်းရန်၊

(ဆ) ဆပ်ကော်မတီ၏ အသုံးစရိတ်များအတွက် ကော်မတီသို့တင်ပြတောင်းခံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ သုံးစွဲရန်။

၆။ **တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) လက်မှတ်ရေးထိုးခြင်း မပြုရသေးသောအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂)" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -**

| | | |
|---|---|---|
| (က) | ဒေါက်တာတင်မျိုးဝင်း<br>စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ | ဥက္ကဋ္ဌ |
| (ခ) | တပ်မတော်မှအရာရှိကြီး ၂ ဦး<br>သက်ဆိုင်ရာနယ်မြေဒေသရှိတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်ဌေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း) | အဖွဲ့ဝင် |
| (စ) | ဦးခက်ထိန်နန် | အဖွဲ့ဝင် |
| (ဆ) | ဦးသိန်းဇော် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ဒွဲဘူ | အဖွဲ့ဝင် |
| (ဈ) | ဦးလှမောင်ရွှေ<br>အထူးအကြံပေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး<br>ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန | အတွင်းရေးမှူး |

၇။ **ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ဆပ်ကော်မတီ (၂) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(က) NCA စာချုပ် လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း အဖြေရှာရန်လိုအပ်သည့် နေရာများသို့ သွားရောက်တွေ့ဆုံရန်၊

(ခ) ဆွေးနွေးညှိနှိုင်းမှုအပေါ်မူတည်၍ NCA စာချုပ်ကို လက်မှတ်ရေးထိုးကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံတွင် ပါဝင်နိုင်ရေး အဖြေရှာ ဆောင်ရွက်ရန်၊

(ဂ) လိုအပ်ပါက NCA စာချုပ်တွင် လက်မှတ် မရေးထိုးနိုင်သေးသော အဖွဲ့အစည်းများ ညီလာခံ တက်ရောက်နိုင်ရေးအတွက် လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) ဆပ်ကော်မတီများ၏ လုပ်ဆောင်ချက်များကို ကော်မတီအစည်းအဝေးများတွင် တင်ပြ၍ လုပ်ငန်းလမ်းညွှန်ချက်ရယူရန်၊

(င) NCA စာချုပ် လက်မှတ်မထိုးရသေးသည့် အဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ အဆိုပြုချက်များ၊ ဆွေးနွေးချက်များကို ကော်မတီမှတဆင့်တင်ပြ၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ လုပ်ငန်းလမ်းညွှန်မှုအရ ဆက်လက် အကောင်အထည်ဖော်ရန်၊

(စ) NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး၍ ပြင်ဆင် ပေးရန်၊

(ဆ) NCA စာချုပ်လက်မှတ် မရေးထိုးရသေးသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများတွင် တွေ့ဆုံဆွေးနွေးရန် လိုအပ်ပါက လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်၊

(ဇ) ဆပ်ကော်မတီအသုံးစရိတ်များအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီထံ တင်ပြတောင်းခံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာစွာသုံးစွဲရန်၊

(ဈ) လိုအပ်ချက်အပေါ်မူတည်၍ ဆပ်ကော်မတီအားကူညီရန် ကော်မတီရုံးအဖွဲ့ကို ဝန်ထမ်းအင်အားတောင်းခံ၍ လုပ်ငန်းများဆောင်ရွက်ရန်။

စာအမှတ်၊ ၁၁၂ (၁) / ၈ / သမ္မတရုံး
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံတွင် ပြောကြားသော မိန့်ခွန်းများနှင့် အစီရင်ခံတင်ပြချက်များ

Union Peace Conference- 21 Century Panglong

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဖွင့်ပွဲတွင် UPDJC ဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း

**စက်တင်ဘာ ၁ ရက်နေ့၊ ၂၀၁၆**

ဒီနေ့ကျမတို့ရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များနဲ့တကွ ယခုလိုအချိန်မှာ ကျမတို့နဲ့အတူ စိတ်အားဖြင့်ရှိနေတဲ့ ပုဂ္ဂိုလ်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ ကောင်းကျိုး လိုရာဆန္ဒအဝဝနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ကျမ စပါရစေ။

ဒီခန်းမကြီးဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားတဲ့ ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များနဲ့သာ ပြည့်နေရုံသာမက စိတ်ကောင်းစေတနာရဲ့ ကျမတို့ရဲ့ ကမ္ဘာတဝှမ်းက မိတ်ဆွေများနဲ့ ကျမတို့ရဲ့ ပြည်သူပြည်သားများရဲ့ မျှော်လင့်ချက်အိပ်မက်တွေနဲ့လည်း လျှံနေတာဖြစ်ပါတယ်။ ဒီမျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ဒီအိပ်မက်တွေ အကောင်အထည်ဖော်ပေးဖို့ဆိုတာ လွန်စွာမှ ကြီးမားတဲ့ တာဝန်ဖြစ်ပါတယ်။ ကြီးမားတယ်ဆိုလို့ ကြီးလေးတယ်လို့ ပြောလိုတာ မဟုတ်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးဆိုတဲ့ အနှိုင်းမဲ့စိတ်ချမ်းသာမှုကြီးကို မခံစားသွားရရှာတဲ့ ဒီလောကကြီးက ထွက်ခွာသွားပြီဖြစ်တဲ့ နိုင်ငံရေးပုဂ္ဂိုလ်များအပေါ် သစ္စာစောင့်သိခြင်း၊ လက်ရှိ ပစ္စုပ္ပန်မှာ ငြိမ်းချမ်းမှုမရှိတာကြောင့်မို့ ဒုက္ခအမျိုးမျိုးကို ခါးစည်းခံနေရတဲ့ ပြည်သူတွေပေါ်မှာ ထားတဲ့ ဂရုဏာကို အတည်ပြုခြင်း၊ ကျမတို့ထားခဲ့မယ့် ကောင်းမွေ ဆိုးမွေမှန်သမျှကို ခံစားရမယ့် နောင်မျိုးဆက်သစ်တွေပေါ်မှာ မေတ္တာသက်သေထူခြင်းတို့အဖြစ် ထမ်းဆောင်ရတဲ့တာဝန်ဟာ ကြီးလေးတယ်လို့ ဘယ်တော့မှ မရှိပါဘူး။ သမိုင်းမှတ်ကျောက်တင်လောက်တဲ့ လုပ်ငန်းကြီးတခု အောင်မြင်အောင် လုပ်နိုင်ဖို့ ဘာမှမတူတဲ့ ထူးခြားတဲ့အခွင့်အရေးကြီးပဲ ဖြစ်ပါတယ်။ ဒီအခွင့်အရေးကြီးကို ကျမတို့အားလုံးက ပညာသတ္တိ၊ လုံ့လဝီရိယတို့နဲ့ မိမိရရဆုပ်ကိုင်ဖို့ အလင်းရောင်သန်းတဲ့ အနာဂတ်တရပ် ဖော်ထုတ်ကြပါစို့။ မတူညီတဲ့ အမြင်သဘောထားတွေကို ပြည်သူတွေ ကောင်းကျိုးအတွက် ညှိနှိုင်းဖြစ်စေတဲ့ ပညာ၊ လက်ခံသင့်တဲ့ အပြုအမူ အတွေးအခေါ်သစ်တွေကို လက်ခံရဲတဲ့ သတ္တိ၊ ခက်ခဲတဲ့လုပ်ငန်းတွေကို အောင်မြင်သည်အထိ ရွက်ဆောင်နိုင်တဲ့ ဝီရိယတို့နဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပါဝင်သူ အားလုံးဟာ မိမိတို့ရဲ့ ကဏ္ဍာသေးသည်ဖြစ်စေ ကြီးသည်ဖြစ်စေ ကြိုးပမ်း ဆောင်ရွက်သွားမယ်ဆိုရင် ကျမတို့ရဲ့ မျှော်မှန်းတမ်းတနေတဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို စတင် တည်ထောင်စဉ်ကစပြီး ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေ ကျင်းပ ပြုလုပ်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ ဆွေးနွေးပွဲဟာ တန်းတူရည်တူ အခွင့်အရေးတွေကို အာမခံခြင်း၊ ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်း အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန်ယုံကြည်မှု

ရယူခြင်းတို့နဲ့ ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းတို့မှ အခြေခံမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာတဲ့ အမျိုးသားရင်ကြားစေ့ရေးမူကို အခြေခံတဲ့ အစိုးရကလည်း ဒီရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့ စိတ်အားထက်သန်ပါတယ်။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် NCA ဆိုတာ ငြိမ်းချမ်းရေးအတွက်သာမက ကျမတို့အားလုံး ရှည်ကြာစွာ မျှော်မှန်းခဲ့တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ပထမဆုံးခြေလှမ်း ဖြစ်ပါတယ်။ NCA နဲ့ပတ်သက်လို့ လက်မှတ်ထိုးခဲ့တဲ့ အဖွဲ့တွေ ရှိသလို အကြောင်းကြောင်းကြောင့် မထိုးရသေးတဲ့အဖွဲ့တွေလည်း ရှိနေပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်ပြီးပြုလုပ်တဲ့အခါ NCA ကို အခြေခံပြီး ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ကျမတို့ အစိုးရသစ်လက်ထက်မှာ NCA လက်မှတ်ထိုးဖို့ ကျန်နေတဲ့အဖွဲ့တွေ ပါဝင်လာနိုင်အောင် အထူးအလေးထားပြီး ဆောင်ရွက်လျှက်ရှိပါတယ်။ အမျိုးသားရင်ကြားစေ့ရေးဟာ ပြည်ထောင်စုသားအားလုံးနဲ့ ဆိုင်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အချင်းချင်းကြားက သင့်မြတ်ရေးလည်း ပါဝင်ပါတယ်။ NCA လက်မှတ်ထိုးပြီးဖြစ်တဲ့ အဖွဲ့တွေနဲ့ NCA မထိုးရသေးတဲ့အဖွဲ့တွေကြားမှာ ဝိဝါဒကွဲပြားမှုတွေဖြစ်ပေါ်နေရင် ကျမတို့ငြိမ်းချမ်းရေး ခရီးဟာ နှောင့်နှေးကြန့်ကြာသွားမှာ ဖြစ်ပါတယ်။ ကျမတို့ တိုင်းရင်းသား အချင်းချင်းကြားမှာ နားလည်မှုလွဲမှားတာတွေ စိတ်ဝမ်းကွဲမှုတွေ မရှိစေဖို့ ဘုံသဘောတူညီချက်ဖြစ်တဲ့ NCA ရဲ့ထီးရိပ်အောက်မှာ အားလုံးရောက်ရှိလာအောင် ကျမတို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီးမှာ အစိုးရဖြစ်လာတဲ့ ကျမတို့ဟာ မဲဆန္ဒရှင်များ အပ်နှင်းလိုက်တဲ့ လုပ်ပိုင်ခွင့်အာဏာအရ နိုင်ငံသူနိုင်ငံသားတွေ ခေတ်အဆက်ဆက် မျှော်လင့်တောင်းတခဲ့ကြတဲ့ ရေရှည်တည်တံ့ခိုင်မြဲစေမယ့် ငြိမ်းချမ်းရေးကို ရယူပေးဖို့ ကြိုးပမ်းရန် ဆုံးဖြတ်ခဲ့ပါတယ်။ ကျမတို့ရဲ့ ပြည်ထောင်စုသားအားလုံးအပေါ် ယုံကြည်မှု အပြည့်အဝနဲ့ ငြိမ်းချမ်းရေးခရီးကို လျှောက်လှမ်းဖို့ ကျမတို့ စတင်ခဲ့ပါတယ်။ ကျမတို့နိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားညီညွတ်ရေး မတည်ဆောက်နိုင်သမျှ ကာလပတ်လုံး ရေရှည်တည်တံ့ခိုင်မြဲမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဘယ်လိုမှ တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ ကျမတို့အားလုံး ညီညွတ်မှ ကျမတို့နိုင်ငံ ငြိမ်းချမ်းမယ်။ ကျမတို့နိုင်ငံ ငြိမ်းချမ်းမှ အခြားဒေသတွင်းနိုင်ငံတွေ ကမ္ဘာတဝှမ်းရှိ နိုင်ငံတွေနဲ့ ရင်ဘောင်တန်းနိုင်မှာပါ။ အချိန်လွန်နေပြီဖြစ်တဲ့ ငြိမ်းချမ်းရေးရဖို့အတွက် ကျမတို့ ဆွေးနွေးရမယ်၊ ညှိနှိုင်းရမယ်။ ဒီလိုမျိုး နိုင်ငံရေးစားပွဲဝိုင်းမှာ စေ့စပ်ညှိနှိုင်းအဖြေရှာကြမယ်ဆိုရင် အားလုံးသဘောတူလက်ခံနိုင်တဲ့ မူဘောင်တခု မရှိမဖြစ်လိုအပ်ပါတယ်။ NCA သဘောတူညီချက်အရ နိုင်ငံရေး ဆွေးနွေးပွဲမူဘောင်ကို ပြီးခဲ့တဲ့ကာလမှာ ရေးဆွဲစဉ်ကတည်းက ပြောင်းလွယ် ပြင်လွယ်ဆောင်ရွက်နိုင်အောင်လုပ်ကြဖို့ ကျမတို့ တိုက်တွန်းခဲ့ပါတယ်။ ရွေးကောက်ပွဲအပြီးမှာ နိုင်ငံရေးအခင်းအကျင်းတွေ ပြောင်းလဲလာနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်တွေအရ ကျမတို့ ဒီလိုတိုက်တွန်းခဲ့တာလည်း ဖြစ်ပါတယ်။ ကျမတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်စဉ်ကစပြီး နိုင်ငံရေးဆွေးနွေးပွဲမူဘောင် ပြန်လည်သုံးသပ်ရေးလုပ်ငန်းတွေကို NCA လက်မှတ်ထိုးပြီးဖြစ်တဲ့ အဖွဲ့တွေနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ တချိန်တည်းမှာ လက်မှတ်

မထိုးရသေးတဲ့ လက်ကျန်အဖွဲ့တွေလည်း မူဘောင်သုံးသပ်ရေးလုပ်ငန်းမှာ ပါဝင်လာနိုင်အောင်လို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်နက်ကိုင် ပဋိပက္ခတွေရဲ့ မူလဇစ်မြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အဓိက လိုအပ်ချက်ဟာ အပြန်အလှန်နားလည်ဖို့ အပြန်လှန်ယုံကြည်မှုနဲ့ ပူးပေါင်းအဖြေရှာနိုင်ဖို့ဖြစ်တယ်ဆိုတာကို အမြဲပဲ ခံယူထားပါတယ်။ ပြည်သူလူထုအားလုံးရဲ့ လွတ်လပ်ရေးအတွက် မျှော်လင့်ချက်ကို ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့ ပင်လုံစိတ်ဓာတ်ဟာဆိုရင် ကျမတို့ လက်ရှိရောက်ရှိနေတဲ့ ၂၁ရာစု အတွက်လည်း မရှိမဖြစ် လိုအပ်ချက်ဖြစ်နေပါတယ်။ ကျမတို့အားလုံး မျှော်မှန်းတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မယ်ဆိုရင် ကျမတို့ တိုင်းရင်းသားတွေအားလုံး ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး တန်းတူရည်တူ စုပေါင်းဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်စေမယ့် ၂၀ ရာစု ပင်လုံညီလာခံနဲ့ တူညီတဲ့ ၂၁ရာစု ပင်လုံညီလာခံတခု ကျင်းပနိုင်ဖို့ အထူးပဲ လိုအပ်ခဲ့ပါတယ်။

ဒါဟာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကို စတင်ပေါ်ပေါက်လာစေတဲ့ နောက်ခံအတွေးအခေါ်တွေ ဖြစ်ပါတယ်။ ကျမတို့အစိုးရရဲ့ ဦးစားပေးလုပ်ငန်းစဉ်ကြီးတခုအနေနဲ့ ဒီညီလာခံစတင်ကျင်းပနိုင်ဖို့အတွက် ၂၀၁၆ ခုနှစ် ဧပြီလ ၉ ရက်နေ့က စတင်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ညီလာခံ အကြိုပြင်ဆင်ရေးကော်မတီဖွဲ့စည်းပြီး တဖက်မှာလည်း Myanmar Peace Centre ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီနေရာမှာ အခွင့်ကြုံတုန်း MPC ကို တည်ထောင်ပြီး အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းခဲ့တဲ့ သမ္မတဟောင်း ဦးသိန်းစိန် ဦးဆောင်ခဲ့တဲ့အစိုးရအဖွဲ့ကို ဂုဏ်ပြုပါတယ်။ အရင်အစိုးရရဲ့ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များအပေါ် ကျမတို့ ယခု ဆက်လက်ပြီးတော့ တည်ဆောက်သွားပါမယ်။ NCA အရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကို ပြင်ဆင်ဖွဲ့စည်းရာ မှာ ကျမကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး UPDJC အစည်းအဝေးကို နှစ်ကြိမ်ကျင်းပခဲ့ပါတယ်။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးပွဲ (JICM) ကိုလည်း တကြိမ်ခေါ်ယူပြီး ကျင်းပနိုင်ခဲ့ပါတယ်။ NCA လက်မှတ် ထိုးပြီးအဖွဲ့တွေရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ တိုင်းရင်းသား ခေါင်းဆောင်တွေနဲ့လည်း နှစ်ကြိမ်တွေ့ဆုံခဲ့ပါတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့များနဲ့ ပတ်သက်၍ဆိုရင် UNFC ခေါင်းဆောင်တွေနဲ့ ရန်ကုန်မှာ တွေ့ဆုံခဲ့ပြီး ဝအထူးဒေသ–၂ နဲ့ အထူးဒေသ–၄ မိုင်းလားခေါင်းဆောင်တွေနဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပါတယ်။ ညီလာခံကျင်းပတဲ့အခါမှာ ကျမ တို့ အစိုးရသက်သက်ချည်းမဟုတ်ဘဲ အစိုးရ၊ လွှတ်တော်နဲ့ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့နဲ့ နိုင်ငံရေးပါတီများအစုအဖွဲ့ စတဲ့ သုံးပွင့်ဆိုင်ပူးတွဲကျင်းပနေတဲ့ အနေအထားမျိုးဖြစ်အောင် ပူးတွဲကော်မတီတရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့မှာလည်း NCA ကို လက်မှတ်ထိုးပြီးသားရော မထိုးရသေးတဲ့အဖွဲ့တွေရော ပါဝင်လာနိုင်အောင် အားလုံးညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ရမယ့်အလုပ်တွေ များပြားလှတာကြောင့် ညီလာခံကျင်းပမယ့် အချိန်ကို ရွှေ့ဆိုင်းပေးဖို့ တချို့ပြောကြလာတာတောင် ရှိခဲ့ပါတယ်။ ဒါပေမယ့် ကျမတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့

အားကြိုးမာန်တက် ဆောင်ရွက်နိုင်ခဲ့ကြလို့ နှစ်ပေါင်းများစွာကတည်းက ကျင်းပသင့်ခဲ့တဲ့ ညီလာခံကြီးကို အောင်အောင်မြင်မြင်နဲ့ ဒီနေ့ ကျင်းပနိုင်ပါပြီ။ ဒီအတွေ့အကြုံကြောင့် ပါဝင်ပတ်သက်သူတွေကြား ယုံကြည်မှုတွေကို ပိုမိုပြီး ခိုင်မာလာစေခဲ့ပြီး ဖြစ်ပါတယ်။ မတူကွဲပြားတဲ့အမြင်တွေ ရှိခဲ့ကြပေမယ့်လည်း ကျမတို့အားလုံး ၂၁ရာစု ပင်လုံညီလာခံ အောင်မြင်ရေးကို ဘုံရည်မှန်းချက်အဖြစ်ထားပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ အခုလို ဒီနေရာမှာ စုစည်းနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ကျမတို့နိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေဟာ ရာစုတဝက်ကျော် နှစ်ပေါင်း ၇၀ နီးပါး သက်တမ်းရှည်ကြာခဲ့ပြီဆိုတာ အားလုံးသိပြီးသားဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ ပြည်တွင်းစစ်ချုပ်ငြိမ်းဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးပန်းတိုင်နဲ့ အလှမ်းကွာဝေးခဲ့ရပါတယ်။ မအောင်မြင်ခဲ့တဲ့ သမိုင်းဖြစ်စဉ်တွေကို ကျမတို့ သင်ခန်းစာယူပြီး ကျမတို့ခေတ် ကျမတို့ အချိန်အခါမှာ ကျမတို့အားလုံး စုပေါင်းပြီး သမိုင်းသစ်ကို ရေးသားကြရမှာဖြစ်ပါတယ်။ အခုဆိုရင် တနိုင်ငံလုံးမှာရှိကြတဲ့ ကျမတို့ နိုင်ငံသူနိုင်ငံသားတွေအားလုံးဟာ စိုးရိမ်မျှော်လင့်ချက်များနဲ့ စောင့်ကြည့်နေကြပါတယ်။ မငြိမ်းချမ်းသေးတဲ့ နယ်မြေဒေသမှာရှိနေကြတဲ့ ကျမတို့ရဲ့ တိုင်းရင်းသား တိုင်းရင်းသူတွေဟာလည်း ကျမတို့ရဲ့ ညီလာခံကြီး ဘယ်လိုဖြစ်လာမလဲဆိုတာကို အားကိုတကြီး စောင့်မျှော်နေကြပြီးဖြစ်ပါတယ်။ စစ်ဘေးရှောင်ဖို့ ဟိုဟိုဒီဒီ ပြေးလွှားနေကြတဲ့ ဒုက္ခသည်တွေထဲမှာ အရွယ်အမျိုးမျိုး ပါနေကြပါတယ်။ သူတို့အားလုံးရဲ့ မျှော်လင့်ချက်တွေ မှေးမှိန်အားပျော့နေတာ ကြာခဲ့ပါပြီ။ ဒီတခါတော့ ဘယ်လိုများဖြစ်လာမလဲဆိုတာကိုလည်း မဝံ့မရဲနဲ့ မျှော်လင့်နေကြပါတယ်။ သူတို့ရဲ့ဒုက္ခတွေကို ကျမတို့တွေ မေ့လို့ မရပါဘူး။ ဒီကနေ့မှာတော့ ကျမတို့ရဲ့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေး နည်းလမ်းနဲ့ ညှိနှိုင်းအဖြေရှာဖို့ ၂၁ရာစု ပင်လုံညီလာခံကြီးကနေတဆင့် ငြိမ်းချမ်းရေးလမ်းကို ကျမတို့တွေ စတင်လျှောက်လှမ်းလိုက်ပြီ ဖြစ်ပါတယ်။ ဘယ်အထိရောက်မလဲ ငြိမ်းချမ်းရေးကိုရအောင် လှမ်းနိုင်မလားဆိုတာ မြန်မာသာမက ကမ္ဘာကပါ စောင့်ကြည့်နေကြပါတယ်။

ပြည်ထောင်စုကြီးတခုလုံးရဲ့ ငြိမ်းချမ်းရေးမျှော်လင့်ချက်တွေ စိတ်ကူးပေးနိုင်မလား ဆိုတာကတော့ ဒီကနေ့ ညီလာခံခန်းမကြီးထဲမှာ ရောက်ရှိနေကြတဲ့ ခေါင်းဆောင်တွေအားလုံးပေါ်မှာ မူတည်နေပါတယ်။ လူ့ဘောင်အသိုင်းအဝိုင်းရဲ့ အစုအဝေးအဖွဲ့တွေ ပါဝင်ပတ်သက်မှုမရှိဘဲ ငြိမ်းချမ်းရေးကို မရရှိနိုင်ပါဘူး။ လူထုအခြေပြုအဖွဲ့အစည်းတွေဟာ တိုင်းရင်းသားဒေသတွေအပါအဝင် မြန်မာနိုင်ငံအနှံ့အပြားမှာ အရေးကြီးပြီး တက်ကြွတဲ့အခန်းကဏ္ဍမှာ နှစ်ပေါင်းများစွာ ပါဝင်ခဲ့ကြပါတယ်။ ကျမတို့ရဲ့ တိုင်းပြည်တလွှား ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိအောင် အားကြိုးမာန်တက် ဆောင်ရွက်ကြဖို့ အားလုံးကို ဒီနေရာကနေ ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။ အထူးသဖြင့် ကျမတို့လူငယ်တွေရဲ့ စွမ်းပကားနဲ့ တက်ကြွမှုတွေအတွက် ချီးမွမ်းအားရမိပါတယ်။ ပြီးခဲ့တဲ့ရက်တွေအတွင်းမှာ လူငယ်တွေဟာ တိုင်းပြည်အနှံ့မှာ ၂၁ရာစုပင်လုံကို ထောက်ခံကြိုဆိုပွဲတွေ ပြုလုပ်ခဲ့ကြပါတယ်။ ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိဘဲ ဘယ်ငြိမ်းချမ်းရေးဖြစ်စဉ်မှ အောင်မြင်မှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ခေါင်းဆောင်တွေက အထက်က သက်သက်ချပေးလို့ ရတဲ့အရာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆိုတာ ညီလာခံခန်းမတွေမှာ မွေးဖွားပေါ်ပေါက်လာတာမဟုတ်ပါဘူး။

ငြိမ်းချမ်းရေးအတွက် ပြည်သူအားလုံးရဲ့ တက်ကြွတဲ့ပါဝင်လှုပ်ရှားမှု ထောက်ခံအားပေးမှုတွေ လိုအပ်ပါတယ်။ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တခု ပေါ်ပေါက်လာဖို့အတွက် ကျမတို့ တိုင်းသူ ပြည်သားအားလုံးဟာ မဆုတ်မနစ်တဲ့ သတ္တိနဲ့ သန္နိဋ္ဌာန်ကို အကြိမ်ကြိမ် ပြခဲ့ပြီးဖြစ်ပါတယ်။ ရှေ့လာမယ့်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေဟာ ဘယ်လောက်ခက်ခဲပါစေ ကိုယ့်ရဲ့ ခေါင်းဆောင်တွေ ဉာဏ်အမျှော်အမြင် သတ္တိ၊ စာနာမှုတွေနဲ့ ဆောင်ရွက်ကြမယ်ဆိုလို့ရှိရင် ပြည်သူ တွေလိုချင်တဲ့ ငြိမ်းချမ်းရေးကို ရနိုင်မှာဖြစ်ပါတယ်။ ကျမတို့ ကြိုပမ်းဆောင်ရွက်မှုတွေဟာ ဒီကနေ့ ဒီအခန်းထဲမှာ ရှိနေတဲ့လူတွေရဲ့ အကျိုးစီးပွားအတွက် အဓိက မဟုတ်ပါဘူး။ အနာဂတ်မျိုးဆက်သစ် တွေ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်ဖို့အတွက် ဖြစ်ပါတယ်။

ကျမတို့ရဲ့ နောင်လာမယ့်မျိုးဆက်တွေဟာ ပဋိပက္ခတွေ၊ ဆုံးရှုံးနစ်နာမှုတွေကြောင့် စိတ်မှာ ခံစားရတဲ့ အနာတရတွေ ဘယ်တော့မှ မရသင့်တော့ပါဘူး။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ရမှသာ ကျမတို့တိုင်ပြည် ကြီးပွားတိုးတက်မှာ ဖြစ်ပါတယ်။ ကျမတို့ရဲ့ မတူကွဲပြားမှုတွေဟာ ပျော်ရွှင်ဂုဏ်ယူဖွယ် ဖြစ်လာပါမယ်။ နောက်ဆုံး ကျမတို့ရဲ့ ပြည်သူလူထုဟာ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ရင်သွေးတွေအဖြစ်နဲ့ မိမိတို့ရဲ့ ပင်ကိုယ်အရည်အချင်းတွေကို ဖော်ထုတ်ပြီး ပွဲလယ် တင့်သွားနိုင်ကြမှာပါ။

နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ကြမ်းတမ်းခက်ခဲလှတဲ့ ငြိမ်းချမ်းရေး လမ်းကြောင်းပေါ် မတိမ်း မစောင်း လျှောက်လှမ်းခဲ့နိုင်အောင် အားပေးကူညီခဲ့ကြတဲ့ ကျမတို့ရဲ့ပြည်သူတွေနဲ့ မိတ်ဆွေတွေကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောပါရစေ။ မှန်ကန်တဲ့အဖြေကို အတူတကွရှာဖွေဖော်ထုတ် မယ်ဆိုရင် ကျမတို့ရဲ့အိပ်မက်တွေ လက်တွေ့အကောင်အထည် ပေါ်လာနိုင်မှာဖြစ်ပါတယ်။ ကိုယ့်အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အိပ်မက်ရှင်ဟာ အားလုံးရဲ့ တကယ့် အရှင်သခင် ဖြစ်တယ်ဆိုတဲ့ စကားရှိပါတယ်။ တတိုင်းပြည်လုံးအိပ်မက်တွေကို အမှန်တကယ် လက်တွေ့ အကောင်အထည်ပေါ်လာနိုင်အောင် လုပ်နိုင်တယ်ဆိုရင် ကျမတို့ဟာ အမှန်တကယ် ကိုယ့်ကိုယ်ကိုယ် လွှမ်းမိုးနိုင်တဲ့ အရှင်သခင်တွေ ဖြစ်ကြမှာပါ။ ကျမတို့ရဲ့ လွတ်လပ်တဲ့ နိုင်ငံရဲ့ ဖခင်ကြီးတွေဟာ ကိုယ့်တိုင်းပြည်ရဲ့ ကံကြမ္မာကို ကိုယ့်ဘာသာဖန်တီးနိုင်တဲ့ အခွင့်အရေးကို မျှော်မှန်းခဲ့ပါတယ်။ ရရှိဖို့ ကြိုးစားခဲ့ပါတယ်။ ရှင်းလင်းတိကျတဲ့ ရေရှည်အမြင်၊ ခိုင်မာတဲ့ သန္နိဋ္ဌာန် တို့နဲ့ ညီညွတ်ယုံကြည်ခြင်းတို့ရဲ့ ခိုင်မာတဲ့စုစည်းမှုအတွင်းက ဒီအခွင့်အရေးကို ဝင့်ကြွားစွာ ကျင့်သုံးကြပါစို့။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဖွင့်ပွဲတွင်
# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း
နေပြည်တော်၊ ဩဂုတ်လ ၃၁၊ ၂၀၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံသူ နိုင်ငံသားအားလုံးရဲ့ ကောင်းမွန်ပြည့်စုံတဲ့ အနာဂတ် ဖော်ဆောင်နိုင်ရေးအတွက် ဆွေးနွေးချမှတ်ကြမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံ အခမ်းအနားကြီးမှာ ယခုလို နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ အခမ်းအနားကို တက်ရောက်လာကြသူများအားလုံးနဲ့ ပြည်ထောင်စုတိုင်းရင်းသား ညီအကိုမောင်နှမများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျနော်တို့နိုင်ငံ လွတ်လပ်ရေးရရှိခဲ့တာဟာ ယခုဆိုရင် ၆၈ နှစ် ကျော်ခဲ့ပြီဖြစ်လို့ လူ့သက်တမ်းတခုနီးပါးတိုင် ရှိခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီအချိန်ကာလနဲ့ ညီမျှတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု မရရှိသေးတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အကြောင်းရင်းကို ဆန်းစစ် ကြည့်မယ်ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေး တနည်းအားဖြင့် တတိုင်းပြည်လုံး အတိုင်းအတာနဲ့ တည်ငြိမ်အေးချမ်းမှု မရှိသေးခြင်းဟာ အဓိကကျတဲ့ အကြောင်းအရာတရပ်ဖြစ်တယ်ဆိုတာ ငြင်းကွယ်လို့မရတဲ့ အရှိတရားပဲ ဖြစ်ပါတယ်။ ဒီအတွက်လည်း ပြည်တွင်းငြိမ်းချမ်းရေး ရရှိဖို့ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ချမှတ်ကျင့်သုံးခဲ့တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာများ ကွဲပြားခြားနားကြသော်လည်း တမျိုးသားလုံး ခိုင်မာစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေးအတွက် အစဉ်တစိုက် ဦးတည်ကြိုးပမ်း လုပ်ဆောင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် ပြီးပြည့်စုံတဲ့ စုစည်းညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို မတည်ဆောက်နိုင်သော်လည်း ခေတ်ကာလအလိုက် ငြိမ်းချမ်းရေးစည်းလုံးညီညွတ်မှု တည်ဆောက်ရေး ကြိုးပမ်းမှု ရလဒ်မှတ်တိုင်များကိုတော့ အသီးသီး စိုက်ထူနိုင်ခဲ့ပါတယ်။ တနိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပနိုင်ခဲ့ခြင်းနဲ့ ဒီကနေ့ အခမ်းအနားကြီး ကျင်းပပြုလုပ်နိုင်ခြင်းတို့ဟာလည်း လက်ရှိလျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီကာလ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ဖို့ ကြိုးစားအားထုတ်မှုများရဲ့ အောင်မြင်မှုရလဒ်များပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ယုံကြည်ချက်၊ ခံယူချက်နဲ့ သဘောထားအမြင် ဘယ်လောက်ပဲ ကွဲပြားခြားနားနေပါစေ ငြိမ်းချမ်းရေးကို မဖြစ်မနေ ရယူလိုစိတ်အပေါ် အရင်းခံပြီး ကျနော်တို့ ခိုင်ခိုင်မာမာ ရပ်တည်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

စစ်ရဲ့အနိဋ္ဌာရုံတွေ၊ မငြိမ်းချမ်းမှုရဲ့ ဆိုးကျိုးတွေကို ပင်ပန်းဆင်းရဲမှု၊ သွေး၊ ချွေး၊ အသက်ခန္ဓာ ပေးဆပ်မှုတွေ ဘဝနဲ့ရင်းပြီး တိုက်ရိုက်ခံစားရသူတွေဟာ ကျနော်တို့ တပ်မတော်သားများနဲ့ တိုင်းရင်းသားလက်နက်ကိုင် ညီနောင်သားချင်းတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို ကျနော်တို့လက်ထက်မှာ နိဋ္ဌိတံ အဆုံးသတ်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီးကို ကျနော်တို့အားလုံးရဲ့ စုစည်း ညီညွတ်မှုစွမ်းအားနဲ့ အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်လိမ့်မယ်လို့လည်း အလေးအနက် ယုံကြည်ပါတယ်။ ဒီအတွက်ကြောင့် တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို မဖြစ်မနေ ရယူလိုစိတ်အပေါ် အရင်းခံပြီး ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နေကြောင်း ထပ်လောင်းပြောကြားလို ပါတယ်။

လက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ လည်း တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေခံပြီး နိုင်ငံရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ သုံးရပ် အပေါ်မှာရပ်တည်ပြီး အဖွဲ့အစည်းမျိုးစုံနဲ့ လက်တွဲပူးပေါင်း ပါဝင်လုပ်ဆောင်နေတာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဒီလုပ်ငန်းရပ်များ အောင်မြင်ဖို့ အစွမ်းကုန် ဆောင်ရွက်သွားပါမယ်။ ဖြစ်နိုင် သည်များအားလုံးလည်း ညှိနှိုင်းဆောင်ရွက်သွားပါမယ်။ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ ခြောက်ရပ်ဟာဆိုရင်လည်း ကျနော်တို့ ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းကြောင်းတလျှောက်မှာ တွေ့ကြုံသိမြင် ခံစားခဲ့ရတာတွေကို လက်ရှိအခြေအနေတွေနဲ့ ယှဉ်ပြီး သုံးသပ်ဖော်ထုတ်ထားတာ ဖြစ်လို့ နှစ်ဖက်စလုံးက လိုက်နာလုပ်ဆောင်သင့်တဲ့ အခြေခံအချက်အလက်များပဲ ဖြစ်ပါတယ်။ ဒီမူဝါဒတွေကို နှစ်ဦးနှစ်ဖက် ပူးပေါင်းလိုက်နာ ဆောင်ရွက်ခြင်းဖြင့် စစ်မှန်ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိစေရန် အထောက်အကူပြုသည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုခိုင်မာအားကောင်းစေမှာ ဖြစ်ပါတယ်။

ယခု ကျင်းပပြုလုပ်တဲ့ ညီလာခံကြီး ဖြစ်မြောက်လာဖို့အတွက် လူပုဂ္ဂိုလ်မျိုးစုံ၊ အဖွဲ့အစည်း ပေါင်းစုံတို့ဟာ အချိန်၊ လုပ်အား၊ ငွေကြေးများစွာ သုံးစွဲပြီး တွေ့ဆုံညှိနှိုင်းမှု၊ ဆွေးနွေးမှုတွေကို ပြည်တွင်းမှာရော ပြည်ပမှာပါ ကြိမ်ဖန်များစွာ လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးရဲ့ မတူကွဲပြားခြားနားတဲ့ ရပ်တည်ချက်များ၊ သဘောထားအမြင်များနဲ့ လိုလားချက်ဆန္ဒများစွာတို့ကို အကြိမ်ကြိမ်အခါခါ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာပြီးမှ လက်ရှိ အခြေအနေကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အဖွဲ့အစည်းအသီးသီးမှာ သတ်မှတ်ထားတဲ့ ရည်မှန်းချက်၊ ချမှတ်ထားတဲ့ မူဝါဒ ရပ်တည်ချက်တွေ ရှိကြမှာပဲ ဖြစ်ပါတယ်။

ဒါတွေကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရာမှာ ဆန္ဒနဲ့ဘဝ တထပ်တည်း မကျနိုင်တာတွေလည်း ရှိပါလိမ့်မယ်။ အဲဒီအခါမှာ ဖြတ်သန်းခဲ့ရတဲ့သမိုင်းကြောင်း ရင်ဆိုင်ဖြေရှင်းခဲ့ ရတဲ့ အတွေ့အကြုံများ အမျိုးသားရေး စရိုက်လက္ခဏာများ၊ ပြောင်းလဲနေတဲ့ ပထဝီနိုင်ငံရေး အခြေအနေများ၊ ဒေသတွင်းနဲ့ နိုင်ငံတကာရေးရာ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေပေါ်မူတည်ပြီး ဖြစ်နိုင်တာ၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို မှန်မှန်ကန်ကန် သုံးသပ်လုပ်ဆောင်ကြဖို့ အကြံပြု တိုက်တွန်းလိုပါတယ်။

ကျနော်တို့နိုင်ငံဟာ ပါတီစုံဒီမိုကရေစီနိုင်ငံတခုအဖြစ် ခိုင်မာစွာ ထူထောင်နိုင်ဖို့ ဒီမိုကရေစီ ယဥ်ကျေးမှုနဲ့ ကျင့်စဉ်များကို ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးကတည်းက အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့နိုင်ငံ ဖြစ်ပါတယ်။ ပါတီစုံ ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းဖို့အတွက် ၂၀၁၀ ခုနှစ်ကတည်းက ပြည်သူက ရွေးချယ်တဲ့အစိုးရထံကို စနစ်တကျ လွှဲပြောင်း ပေးအပ်ခဲ့ပါတယ်။ ယခုဆိုရင် ပထမ ငါးနှစ်သက်တမ်းကို လွန်မြောက်လို့ ဒုတိယ ငါးနှစ်သက်တမ်းကို ဆက်လက် လျှောက်လှမ်းနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လိုအပ်ချက်များကို နိုင်ငံရေးလမ်းကြောင်းအရ တနည်းအားဖြင့် အစိုးရလွှတ်တော်လမ်းကြောင်းများကသာ ဒီမိုကရေစီ နည်းလမ်းတကျ တောင်းဆိုရယူကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီရဲ့ အခြေခံမှုများဖြစ်တဲ့ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်နဲ့ အသင်းအဖွဲ့များဖွဲ့စည်းခွင့် စတာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေနိုင်ပြီ ဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီနည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်တဲ့ အခြေအနေ အချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာကို တောင်းဆိုတာမျိုး လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာဖြင့် မိမိတို့ဆန္ဒကိုသာ ဦးစားပေး ဖော်ဆောင်ဖန်တီးနေတာမျိုးတွေဟာ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်ဆိုတာကို အလေးအနက် သတိပြုရမှာ ဖြစ်ပါတယ်။ ကျနော်တို့ဟာ ယခုအခါမှာ ပါတီစုံ ဒီမိုကရေစီ လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းနေပါတယ်။ ဒီလမ်းကြောင်းဟာ ပြည်သူများရဲ့ ဆန္ဒနဲ့အညီ ရွေးချယ်လျှောက်လှမ်းခြင်းဖြစ်ပြီး ဒီစနစ်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ ခိုင်ခိုင်မာမာရှိဖို့ လိုပါတယ်။ ဒီမိုကရေစီကျင့်သုံးတဲ့ ကမ္ဘာ့နိုင်ငံတချို့ရဲ့ ဖြစ်ပေါ်မှုများအပေါ်မှာ သင်ခန်းစာရယူပြီး ကျနော်တို့ နိုင်ငံဟာ တည်ငြိမ်အေးချမ်းစွာနဲ့ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။

ကျနော်တို့အနေနဲ့ တိုင်းရင်းသားများနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များရဲ့ စိုးရိမ်ပူပန်မှုများကို နားလည်ပါတယ်။ ကျနော်တို့အားလုံးရဲ့ ဆန္ဒက တိုင်းရင်းသားပြည်သူအားလုံးအတွက် ညီညွတ်မျှတတဲ့ လူမှုစီးပွား ဘဝလုံခြုံရေးနဲ့ အာမခံချက်ရရှိရေးဟာ အဓိကဖြစ်ပါတယ်။ အေးချမ်းစွာဖြင့် နေထိုင်ပြီး ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိဘဝကို တိုးတက်ရန် ဖြစ်ပါတယ်။

ပြည်နယ် ကြီး/ငယ်၊ ဒေသ ကြီး/ငယ်၊ လူဦးရေ များခြင်း/နည်းခြင်း၊ သယံဇာတ နည်းခြင်း/များခြင်း၊ လူမှုစီးပွား ကွာခြားခြင်းတို့အပေါ် အခြေခံမှု လုံးဝမပြုလုပ်ဘဲ တိုင်းရင်းသားအားလုံး ညီညွတ်မျှတတဲ့အကျိုး ခံစားရဖို့ ဆောင်ရွက်ကြရပါမယ်။ ကွဲပြားခြင်းနားမှုမရှိ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အချိန်တော့ ပေးရပါလိမ့်မယ်။ မိမိတို့လိုလားချက်ကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာကြရပါမယ်။

ဒီနေ့ ကျင်းပတဲ့ ညီလာခံကြီးဟာ လပေါင်းများစွာ အချိန်ယူဆောင်ရွက်ခဲ့တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ၊ တွေ့ဆုံမှုတွေနဲ့ အကြိမ်ကြိမ် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခဲ့ခြင်းရဲ့ ရလဒ်တွေပဲဖြစ်ပါတယ်။ အခုအချိန်ကာလမှာ ကျနော်တို့ရဲ့ အားသာချက်ကတော့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုပေးနိုင်ခဲ့တဲ့ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA ရှိနေခြင်း ဖြစ်ပါ တယ်။ ဒီစာချုပ်မှာပါတဲ့

အချက်အလက်အများစုဟာ စာချုပ်ရေးဆွဲတဲ့ ကာလတလျှောက် အတူတကွပါဝင်ခဲ့တဲ့ တိုင်းရင်းသား အဖွဲ့အစည်းများရဲ့ တောင်းဆိုချက်တွေကို အဓိကအခြေခံထား ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ယခု ပြန်လည်ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံနဲ့ ဆက်လက်ကျင်းပမယ့် အစည်းအဝေးများမှာလည်း ဒီ NCA ကိုပဲ အခြေခံမူအဖြစ် ဆက်လက်ထားရှိ ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ဒ့ါအပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးစီးပွားကို ထာဝစဉ် ရှေးရှုပြီး စိတ်စေတနာ ထက်ထက်သန်သန်နဲ့ အချိန်တိုအတွင်း အကောင်အထည်ဖော်ကြဖို့ အကြံပြုလိုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ လိုအပ်တာထက် ပိုပြီးအချိန်ကြာလာရင် ဘေးပယောဂတွေ၊ ဝင်ရောက်စွက်ဖက်မှုတွေ၊ ကြိုးကိုင်ချယ်လှယ်လိုတာတွေ ပိုမိုလာနိုင်ပြီး ရှိရင်းစွဲ ယုံကြည်မှုတည်ဆောက်ပြီးသားအရာများ ပျောက်ပျက်နိုင်ခြင်း၊ ပွတ်တိုက်မှုများ များပြားလာနိုင်ခြင်းတို့ကြောင့် ယခုလို အကြံပြုပြောကြားရခြင်း ဖြစ်ပါတယ်။

ဒီညီလာခံခန်းမအတွင်းမှာ ရောက်ရှိနေကြတဲ့ ကျနော်တို့တတွေရဲ့ တာဝန်ဟာ အလွန်ကြီးမားလှပါတယ်။ ကျနော်တို့အပေါ် တနိုင်ငံလုံးရဲ့ မျှော်လင့်ချက်ဟာလည်း မြင့်မားလှပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ လူမျိုးစွဲ၊ ဒေသစွဲ၊ အ ယူဝါဒစွဲ စတဲ့အစွဲအလန်းများ ကင်းရှင်းစွာနဲ့ အောင်မြင်ပြီးမြောက်သည်အထိ တာဝန်ယူဆောင်ရွက်ကြရမည့်သူများအဖြစ် ပြည်သူတို့က အသိအမှတ်ပြု ခံထားရသူများလည်း ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ဖို့ ကျနော်တို့ဟာ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်မယ့် သဘောတူညီမှုတွေကို ဆွေးနွေးညှိနှိုင်းရရှိမယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာ ရှိပါတယ်။ ကျနော်တို့တိုင်းရင်းသားအားလုံးဟာ ညီရင်းအစ်ကိုများဖြစ်တဲ့အတွက် မတူကွဲပြားမှုများကို ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံပြီး ညှိနှိုင်းအဖြေရှာ သွားရမှာ ဖြစ်ပါတယ်။ စိုးရိမ်မှုနဲ့ သံသယစိတ်များကို ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ဖယ်ရှားသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် အဓိက နှလုံးသွင်းကြရမယ့် အချက် ၂ ချက်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မဟာဗျူဟာကို မျက်ခြည်မပြတ် ကျင့်သုံးခြင်းနဲ့ ထာဝရငြိမ်းချမ်းရေး ရယူရန်အတွက် အမှန်တကယ် ဆန္ဒရှိခြင်းတို့ပဲ ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဖွင့်ပွဲတွင်

## EAOs ကိုယ်စား KNU ဥက္ကဋ္ဌ

## ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပြောကြားသည့် မိန့်ခွန်း

### ၂၀၁၆ ခုနှစ် ဩဂုတ်လ (၃၁)ရက် နေပြည်တော်

လေးစားအပ်ပါသော နိုင်ငံတော်သမ္မတကြီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ ရာစု ပင်လုံညီလာခံ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော် အရာရှိကြီးများ၊ လွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး Mr. Ban Ki-Moon၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစိုက်မတ်မတ် ဘက်ပေါင်းစုံကနေ အထောက်အကူ ပြုနေကြတဲ့ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ အထူးဖိတ်ကြားခြင်းခံထားရတဲ့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်တော်များနဲ့ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားညီအစ်ကို ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးများမှ ခေါင်းဆောင်များ၊ ဒီညီလာခံဖြစ်မြောက်ရေးအတွက် ပူးတွဲဆောင်ရွက်ခဲ့ကြတဲ့ နှစ်ဘက်သော ခေါင်းဆောင်ကိုယ်စားလှယ်များ၊ အလုပ်အဖွဲ့များ၊ အထောက်အကူပြုသူများအားလုံးနဲ့ သတင်းမီဒီယာများ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။

ဒီနေ့လို သမိုင်းဝင်အခမ်းအနားမှာ ကျနော့်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရဲ့ကိုယ်စား အဖွင့်မိန့်ခွန်းပြောကြားခွင့်ပြုတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ကျနော်တို့ လူသားတွေဟာ မျှော်လင့်ချက်နဲ့ဘဲ အသက်ရှင်နေကြရတာ ဖြစ်ပါတယ်။ ကျနော်တို့ တိုင်းရင်းသားညီအကိုများ ဒီမှာရောက်ရှိလာခြင်းဟာလည်း ဒီညီလာခံအပြီး စတင်နိုင်မယ့် နှစ်ပေါင်းများစွာကတည်းက မျှော်လင့်စောင့်ဆိုင်းခဲ့ကြရတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ တရားဝင်စတင်နိုင်မယ့် ဖွင့်ပွဲအခမ်းအနားကို ပါဝင်ဖို့ စိတ်လှုပ်ရှားစွာနဲ့ ရောက်ရှိလာကြရတယ်လို့ ပြောချင်ပါတယ်။

နောက်တခုတင်ပြချင်တာက ဒီ ၂၁ရာစုပင်လုံညီလာခံရဲ့ ဆောင်ပုဒ်ကို အတိအလင်းကြေညာထားချက်အရ အပြည့်အဝထောက်ခံချင်ပါတယ်။ ၁၉၄၇ ခုနှစ် ပထမပင်လုံသည် မြန်မာနိုင်ငံကို လွတ်လပ်ရေးဆောင်ကြဉ်းပေးခဲ့သည်။ ၂၀၁၆ ခုနှစ် ၂၁ ရာစုပင်လုံသည် ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံကို တည်ထောင်နိုင်ရမည်ဆိုတဲ့ ဆိုင်းဘုတ်ကြေညာတွေကိုဖတ်ရင်း ကျနော်တို့ နှစ်ပေါင်း ခြောက်ဆယ်ကျော် တော်လှန်တိုက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်ကို အတိအလင်း ဖော်ကျူးနေတာကို တွေ့ရလို့ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ရေး ဆိုတဲ့ အကြောင်းအခြင်းအရာသုံးခုရဲ့ ဆက်စပ်မှုနဲ့ ပတ်သက်ပြီး မိမိတို့ရဲ့အမြင်ကို တင်ပြချင်

ပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတရှိတဲ့ လူ့အဖွဲ့အစည်းကို ရယူချင်ရင်တော့ ဒီတန်ဘိုးညီမျှစွာ ရှိနေကြတဲ့ အကြောင်းခြင်းရာ သုံးခုအပေါ်မှာ အခြေခံရမှာဖြစ်ပြီး ချိုးပစ်ဖို့မသင့်တဲ့ သုံးချောင်းထောက် ထိုင်ခုံတလုံးရဲ့ ခြေထောက်တွေလို ဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ခြင်းမရှိဘဲ ငြိမ်းချမ်းရေး မဖြစ်ပေါ်လာနိုင်သလို ပြန်လည်သင့်မြတ်ခြင်းမရှိတဲ့ လူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းရေးကိုလည်း ရှာလို့မတွေ့နိုင်ပါဘူး။ ပြန်လည်သင့်မြတ်ပြီး ငြိမ်းချမ်းဖို့ဆိုရင် သက်ဆိုင်သူတွေအကြားမှာ ရရှိထားကြတဲ့ အပြန်အလှန် ပေးအပ်ထားတဲ့ သံဋ္ဌာန်၊ ကတိစကား၊ သဘောတူညီချက်တွေကို ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်ပြီး တရားဥပဒေစိုးမိုးပြီး လွတ်လပ်တဲ့ ငြိမ်းချမ်းရေးအရသာကို ခံစားနိုင်ဖို့အတွက် လုပ်ငန်းစဉ်တရပ် လိုအပ်ပါတယ်။ အဲဒါဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာ ရေးဆွဲထည့်သွင်း ပြဋ္ဌာန်းထားခြင်းပဲ ဖြစ်ပါတယ်။

တဘက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဘို့ သဘောတူညီမှုတွေ၊ လုပ်ငန်းစဉ်တွေ အခိုင်အမာမရှိတဲ့ အခြေအနေအောက်မှာ ပြန်လည်သင့်မြတ်ရေး မရှိနိုင်ပါဘူး။ ပြန်လည်သင့်မြတ်ရေး မရှိဘဲ ငြိမ်းချမ်းရေးလည်း မပေါ်ပေါက်နိုင်ပါဘူး။

NCA လက်မှတ်ရေးထိုးအပြီး ကျင်းပခဲ့တဲ့ ၂၀၁၆ ဇန်နဝါရီလက ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲ (UPC) ဟာ နိုင်ငံရေးမာရသွန်အပြေးပြိုင်ပွဲအတွက် ဖွင့်ပွဲဖဲကြိုးဖြတ်ခြင်းပဲ ဖြစ်ပြီး ဒီနေ့ကျင်းပတဲ့ ငြိမ်းချမ်းရေးညီလာခံ – ၂၁ ရာစုပင်လုံဟာ တာထွက်ခရာသံပဲ ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ NCA ဟာ ပြီးပြည့်စုံတဲ့ စာချုပ်တခုမဟုတ်ပေမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ရောက်ရှိဖို့ ထိုးလိုက်တဲ့ တံတားတစင်း ဖြစ်တယ်လို့လည်း ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကတော့ ကျနော်တို့အားလုံးအတွက် ပန်းတိုင်ပါ။

ဒါကြောင့် ကျနော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုတဲ့ ဒီမဏ္ဍိုင်သုံးခုကို တပြိုင်တည်းပါဝင်ပြီး အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းစဉ် ချမှတ်သွားဖို့ လိုပါတယ်။ တခုပြီးမှတခု လုပ်ရတဲ့လုပ်ငန်း မဟုတ်ဘဲ ပြန်လည်သင့်မြတ်ရေးအဆင့်ကို အခြေခံတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မှတ်တိုင်အဖြစ် သဘောတူသတ်မှတ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲသွားနိုင်အောင် ကြိုးစားဖို့ လိုပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံရေးဆွေးနွေးရေးဆိုင်ရာ လမ်းပြမြေပုံကို သဘောတူရေးဆွဲထားတဲ့လုပ်ငန်းစဉ် ရှိပေမယ့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် လမ်းပြမြေပုံတခု ညှိနှိုင်းချမှတ်တဲ့ လုပ်ငန်းစဉ်တခုဖန်တီးဖို့နဲ့ 'မူ' ချမှတ်ဖို့ လိုအပ်နေပါတယ်။ ဆွေးနွေးဘက်တွေကြားမှာ ရှိနေကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးဆိုင်ရာ အမြင်ကွာဟမှု ကြီးမားနေတယ်ဆိုတာကို သတိမူကြဖို့ လိုပါတယ်။

ဒီညီလာခံပြီးရင် ကျနော်တို့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ပြည်ထောင်စု အဆင့်၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများ စတင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေဖြစ်ပေါ်ဖို့ မူဘောင်ရေးဆွဲပြီး လုပ်ငန်းလမ်းညွှန် ချမှတ်ရာမှာလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီရေးကို သတိထားရေးဆွဲဖို့ အကြံပြုလိုပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖက်ဒရယ်အသွင်သဏ္ဌာန်ဆောင်ပေမယ့် အနှစ်သာအရ

ချိန့်အားနည်းမှု ရှိနေတာကိုတော့ ဝန်ခံရမှာပါ။ ဒီ ၂၁ ရာစုပင်လုံညီလာခံအပြီး စတင်ဆွေးနွေးကြမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ မတူညီကြတဲ့အစွန်းနှစ်ဖက်မှာရှိတဲ့ ဖက်ဒရယ်ပန်းတိုင်တွေကို ကဏ္ဍကြီး ငါးခုကနေ ဘယ်အခြေခံကို စတင်သဘောတူရယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲမယ်ဆိုတဲ့ လက်တွေ့အကောင်အထည်ဖော်ကြရမယ့်အချိန် ရောက်ရှိလာပြီးဖြစ်ပါတယ်။

တိုင်းရင်းသားဒေသအချို့တွေမှာ ရှိနေတဲ့ ချိန့်အားနည်းတဲ့ လူမှုအသိုင်းအဝိုင်းအသစ်ကို ဖန်တီးဖြစ်ပေါ်စေတဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေကို လျှော့ချခြင်း၊ စစ်ဘေးရှောင် ပြည်တွင်းရွှေ့ပြောင်းနေရာချမှုတွေအပေါ်ကို စိတ်ရင်း စေတနာထားပြီး ဖြေရှင်းခြင်း၊ အရေးပေါ် လူသားခြင်း စာနာထောက်ထားမှု အကူအညီပေးတဲ့ အစီအစဉ်ချမှတ်ခြင်းတွေဟာ သက်ဆိုင်သူအားလုံးအတွက် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်တခုဖြစ်ပြီး အားလုံးအတွက် အကျိုးရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲပြီး သက်ဆိုင်သူတွေကြားမှာ နိုင်ငံရေး ယဉ်ကျေးမှုအသစ်ကို လက်ခံပြီး ရဲရဲရင့်ရင့်နဲ့ အကောင်အထည်ဖော်ဖို့ အကြံပြုတိုက်တွန်းပါတယ်။

နောက်တခုက Stakeholders တွေရဲ့ ပါဝင်မှုအခန်းကဏ္ဍကို အကြံပြုချင်ပါတယ်။ ဒီမိုကရေစီရဲ့ အခြေခံတခုက Bottom up approach ဖြစ်ပြီး ပါဝင်သင့် ပါဝင်ထိုက်သူများရဲ့ကဏ္ဍကို ထိုသူများထံမှ ထွက်ပေါ်လာတဲ့ အကြံပြုချက်ကို အခြေခံပြီး နည်းလမ်းရှာဖို့ တိုက်တွန်းလိုပါတယ်။ မကြာခင် စတင်မဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ လွန်ခဲ့တဲ့ ရွေးကောက်ပွဲမှာ အနိုင်မရခဲ့တဲ့ နိုင်ငံရေးပါတီတွေ၊ CSOs တွေနဲ့ အခြားသော Stakeholders တွေရဲ့ အခန်းကဏ္ဍတွေကို စဉ်းစားရာမှာ သက်ဆိုင်သူတွေရဲ့ ရပ်တည်မှု၊ ကျွမ်းကျင်မှုကဏ္ဍကို အခြေခံပြီး သူတို့ရဲ့အသံတွေကိုလည်း နားထောင်ပေးပြီး သဟဇာတရှိတဲ့ လုပ်ငန်းစဉ်တွေကနေ ပါဝင်စေဖို့ အကြံပြုလိုပါတယ်။

နောက်ဆုံးအနေနဲ့ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြတ်သန်းခဲ့ကြရတဲ့ ခေတ်တွေ စနစ်တွေရဲ့ ပုံသွင်းမှုကြောင့် ကျနော်တို့ လူမှုအဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေအကြားမှာ ခံယူချက်၊ အယူအဆဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ကွာဟချက် ကြီးကြီးမားမားရှိနေတယ်ဆိုတာကို သတိပြုကြပါ။

ချိန့်ချို့တဲ့တဲ့ လူမှုအသိုင်းအဝိုင်းတွေနဲ့ ထိုအခြေအနေကို ဖန်တီး ဖြစ်ပေါ်နိုင်တဲ့ အခြေခံတွေ၊ ဆင်းရဲမွဲတေမှု ပြဿနာတွေ နက်နက်ရှိုင်းရှိုင်း ရှိနေတယ်ဆိုတာကိုလည်း လက်ခံကြပါ။

ကျနော်တို့နိုင်ငံဟာလည်း အိမ်နီးခြင်းနိုင်ငံတွေရဲ့နောက်မှာ နောက်ကျကျန်နေတယ်ဆိုတာကိုလည်း အသိအမှတ်ပြုကြပါ။

ဒါပေမယ့် ငြိမ်းချမ်းရေးအတွက် ကျားခုတ်ကျားခဲလုပ်မယ့် အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့တွေလည်း ရှိနေပြီး သူတို့ကို အားပေးထောက်ခံတဲ့ ပြည်သူလူထုနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းလည်း ရှိနေပါတယ်ဆိုတာကို သတိမူရင်း တည်ငြိမ်အေးချမ်းပြီး သဟဇာတရှိကာ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းသစ်တခုကို တည်ဆောက်ကြပါစို့လို့ သံဓိဌာန်ပြုရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဖွင့်ပွဲတွင်

# UNFC ဥက္ကဋ္ဌ၊ KIO ဗဟိုနာယက

# ဗိုလ်ချုပ်ကြီး အဲန်ဘန်လ ပြောကြားသည့် မိန့်ခွန်း

**နေပြည်တော်၊ ဩဂုတ်လ ၃၁ ရက်၊ ၂၀၁၆**

အားလုံး မင်္ဂလာပါ။ ကျွန်တော့်နာမည် ဦးအင်ဘန်လပါ။ UNFC ရဲ့ ဥက္ကဋ္ဌနဲ့ KIO ရဲ့ ဒုဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများက ကျွန်တော့်ကို ဗိုလ်ချုပ်ကြီး အင်ဘန်လလို့ ခေါ်ကြပါတယ်။ အခု ဒီညီလာခံကို ကျွန်တော်တို့ KIO အဖွဲ့က ဒီ NLD အစိုးရနဲ့ နိုင်ငံတော် အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြိုဆို ဂုဏ်ပြုတဲ့ အနေနဲ့ရော ဖက်ဒရယ်ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးကို လိုချင်လွန်းလို့ အခက်အခဲ ပေါင်းစုံကြားကနေ မဖြစ်မနေ တက်ရောက်လာကြတာ ဖြစ်ပါတယ်။ ယနေ့ နိုင်ငံ့အကြီးအကဲ ခေါင်းဆောင် အသီးသီးကနေ ကျွန်တော်တို့ တိုင်းရင်းသားများအပေါ်မှာရော စစ်ပြေးဒုက္ခသည်များအပေါ်မှာရော မေတ္တာစေတနာ ကရုဏာသက်တဲ့ အသံတွေကြားရတော့ အင်မတန်မှ နှလုံးစိတ်ထား အေးရပါကြောင်း ပြောကြားလိုပါတယ်။

ဒီအသံတွေဟာ ကမ္ဘာတည်သရွေ့ မြဲပါစေကြောင်းလည်း ဆန္ဒပြုလိုက်ပါတယ်။ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော နိုင်ငံတော် သမ္မတကြီးနဲ့တကွ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ အစိုးရ လွှတ်တော် တပ်မတော် တိုင်းရင်းသား အသီးသီးမှ ကိုယ်စားလှယ်များ အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်နဲ့တကွ နိုင်ငံတကာမှာ အစိုးရ သံအရာရှိများ၊ ကမ္ဘာ့ မိသားစုနဲ့ တသီးပုဂ္ဂလ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နံနက်ခင်းပါလို့ ဦးစွာ နှုတ်ခွန်း ဆက်သ လိုက်ပါတယ်။

ဒီနေ့ဟာဖြင့် ကျွန်တော်တို့ တိုင်းပြည်အတွက် ရှည်ကြာလှပြီဖြစ်တဲ့ စစ်ရဲ့ အနိဋ္ဌာရုံတွေကို သင်ပုန်းကားချပြီး ပြည်သူလူထု တရပ်လုံး မျှော်လင့်တောင့်တ တောင်းဆိုနေကြတဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ကြဖို့အတွက် ရည်သန်ပြီး ငြိမ်းချမ်းရေး အစပျိုးဖို့ စုစည်းကြတဲ့ နေ့တနေ့လို့ ပြောရပါမယ်။ ဒါကြောင့် မြန်မာပြည်သမိုင်းမှာ ထူးကဲတဲ့ နေ့ထူးနေ့မြတ် ဖြစ်တာကြောင့်မို့လို့ ညီလာခံ တက်ရောက်လာသူ အားလုံးကို နွေးထွေးပါ၊ ကြိုဆိုပါကြောင်းနဲ့ ဒီညီလာခံ ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြသူ အားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ တိုင်းရင်းသား ညီအစ်ကိုတွေ စုံညီစွာ တဖန်ပြန်ပြီး စုရုံး တွေ့ဆုံကြတဲ့ ဒီညီလာခံနဲ့ ပတ်သက်ပြီး အနည်းငယ် ပြောလိုတဲ့အကြောင်းရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ တိုင်းပြည်ကြီးကို လွတ်လပ်ရေးရရှိအောင် ဆောင်ကျဉ်းပေးခဲ့တဲ့ ပင်လုံသဘောတူညီချက်နဲ့ ပတ်သက်တဲ့ အကြောင်းပဲ ဖြစ်ပါတယ်။ ဒီပင်လုံ သဘောတူညီချက်ကို အကြောင်းပြုပြီး အခုတခါ

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ ရာစု ပင်လုံဆိုပြီး ဒီညီလာခံကို ကျင်းပတာ ဖြစ်တဲ့အတွက် ၁၉၄၇ ခုနှစ်က ကျွန်တော်တို့ တိုင်းပြည် လွတ်လပ်ရေးကို ဆောင်ကျဉ်းပေးခဲ့တဲ့ ပင်လုံသဘောတူညီ ချက်ကို အစွဲပြုပြီး ဒုတိယအကြိမ် ပင်လုံညီလာခံကို ကျင်းပတယ်လို့ ကျွန်တော့်ရဲ့ စိတ်ထဲမှာ ခံစားရပါတယ်။ ၁၉၄၇ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ပင်လုံသဘောတူညီချက်ဟာ ဟိုတုန်းက ရှိခဲ့တဲ့ အခြေခံအောက်ကနေ ဖော်ဆောင်တာ ဖြစ်သလို အခုတကြိမ်မှာလည်း မတူကွဲပြားတဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဖော်ဆောင် ကျင်းပတယ်လို့ နားလည်ပါတယ်။ ဒါကြောင့် ဟိုတုန်းက ထားရှိခဲ့တဲ့ ပင်လုံစိတ်ဓာတ် ပင်လုံကတိကဝတ်နဲ့ ချုပ်ဆိုခဲ့တဲ့ ပင်လုံသဘောတူညီချက် စာချုပ် တွေဟာ အားလုံးက ပါဝင်ပြီး သဘောတူညီ ချမှတ် လက်မှတ် ရေးထိုးထားခြင်း မရှိသော်လည်း တိုင်းရင်းသား အားလုံးအတွက် ဒီမိုကရေစီရေး တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် မျှော်လင့်ချက်ထားသလို ဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် မဖော်ဆောင်နိုင်ခဲ့တာက လွဲရင် လွတ်လပ်တဲ့ တိုင်းပြည်တခုအဖြစ် ကမ္ဘာ့အလယ်မှာ ထည်ဝါတင့်တယ်စေခဲ့တာကိုတော့ အားလုံးက ငြင်းပယ်လို့ မရတဲ့ သမိုင်းမှတ်တိုင်တခု ဖြစ်တယ်ဆိုတာ အသိပေးလိုပါတယ်။

ဟိုတုန်းက ကျွန်တော်တို့ပြောခဲ့တဲ့ ဖက်ဒရယ် ပြည်ထောင်စုဟာ စုဖွဲ့ပြီး အေးအေးတူ ပူအမျှ ယှဉ်တွဲနေထိုင်ဖို့ ဖြစ်သလိုပဲ အခုကျွန်တော်တို့ပြောတဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုဟာ လည်း ခွဲထွက်ရေး မဟုတ်ဘူးဆိုတာကို ပြောလိုတယ်။ တခုပဲ ပြောလိုတာကတော့ တန်းတူရည် တူ အေးအေးတူ ပူအမျှ ယှဉ်တွဲနေထိုင်နိုင်ဖို့ တယောက်နဲ့တယောက် လူမျိုးတမျိုးနဲ့တမျိုး ဘယ် လို အပြန်အလှန် အသိအမှတ်ပြုကြပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြမယ် မျှဝေခံစားကြ မယ်၊ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတဲ့ သာစေနာစေ မဟုတ်တဲ့ ညီအစ်ကို မောင်နှမ စိတ်ဓာတ် သို့မဟုတ် ပြည်ထောင်စု စိတ်ဓာတ်ကို မွေးမြူကြဖို့တော့ အလွန်အရေးကြီးပါတယ်။ ဗမာမဟုတ်တဲ့ ကျွန်တော်တို့ တိုင်းရင်းသားတတွေ လက်နက်စွဲကိုင်ပြီး တော်လှန်မှုတွေ ပြုလုပ်နေကြတာဟာ ဘာကြောင့်လဲလို့ မေးချင်ကြပါလိမ့်မယ်။

ကျွန်တော်တို့ဟာ ပင်လုံမှာ ပြုခဲ့ကြတဲ့ကတိ ချုပ်ခဲ့ကြတဲ့ စာချုပ်ပါ သဘောတူညီချက်တွေကို ပြီးပြည့်စုံအောင် အကောင်အထည် မဖော်ခဲ့ကြလို့ ကျွန်တော်တို့ လိုလားတောင့်တတဲ့ ဒီမိုကရေစီရေး အမျိုးသား တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံတဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေရလို့ပဲ ဆိုတာကို ပြောလိုပါတယ်။ ဒါကြောင့် ပင်လုံစိတ်ဓာတ် ပင်လုံကတိကဝတ် ပင်လုံ သဘောတူညီချက် တွေကို အခြေခံပြီး ဗြိတိသျှ ကိုလိုနီလက်အောက်မှ လွတ်လပ်လာတဲ့ ကျွန်တော်တို့ တိုင်းပြည်မှာ တန်းတူညီမျှမှုနဲ့ ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းဖို့အတွက် အခု စတင်ကျင်းပ ပြုလုပ်တဲ့ ညီလာခံကနေ ရှေ့ဆက်ပြီး ညီလာခံတွေမှာ ပင်လုံစိတ်ဓာတ် ကတိကဝတ်နဲ့ သဘောတူညီချက်တွေကို ယုတ်လျော့ ပျက်ပျယ် တိမ်းစောင်း မှေးမှိန်စေခြင်း အလျှင်းမရှိစေဘဲ အထူးသတိထားပြီး ဆွေးနွေး ညှိနှိုင်း ဆုံးဖြတ်ချက်ချမှတ် အကောင်အထည် ဖော်ဆောင်ကြဖို့ အလွန်အရေးကြီးပါတယ်။ တိုင်း ပြည်ရဲ့ အနာဂတ်အရေးကို ဆောင်ရွက်ကြတဲ့နေရာမှာ စိတ်ရှည်သည်းခံခြင်း သဘောထားကြီးခြင်း နားလည်မှုရှိခြင်း ယုံကြည်မှုရှိခြင်းနဲ့ ခွင့်လွှတ်တက်ခြင်းတို့ကို အခြေခံဖို့လည်း အရေးကြီးပါ တယ်။

ကျွန်တော်တို့ အားလုံးဟာ မတူကွဲပြားတဲ့ သမိုင်းအခြေခံ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း ယုံကြည်ကိုးကွယ်မှုနဲ့ ဘာသာစကားတွေကနေ လာကြတာဖြစ်တဲ့အတွက် အပေါ်က ပြောခဲ့တဲ့ စိတ်ရှည်သည်းခံမှု သဘောထားကြီးမှု ယုံကြည်မှုနဲ့ အပြန်အလှန် အသိအမှတ်ပြုမှုတွေဟာ မရှိမဖြစ် လိုအပ်မှာ ဖြစ်ပါတယ်။

ဒီအချိန်ဟာ သယံဇာတ ပေါကြွယ်ဝပါလျက်နဲ့ ဆင်းရဲ မွဲတေနေတဲ့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် အတူတကွ အားကြိုးမာန်တက် ပူးပေါင်း ဆောင်ရွက်ကြဖို့ အစောတလျင် လိုနေပြီလို့ ကျွန်တော့်အမြင်နဲ့ ကဗျာတွေ စာတွေ သီကာပတ်ကုံး ပြောမနေဘဲ ရိုးရှင်းစွာ လိုရင်းတိုရှင်းပဲ ပြောလိုပါတယ်။ ဒီနေရာမှာ ပြောလိုတာကတော့ အားလုံးတန်းတူ ရည်တူ အခြေခံအောက်မှာ တိုင်းပြည်ရဲ့ အနာဂတ်အတွက် ညှိနှိုင်းအဖြေရှာ ဆွေးနွေးကြဖို့နဲ့ ပြည်သူလူထုတရပ်လုံး အကျိုးစီးပွားကို ရှေ့တန်းတင် ပူးပေါင်းလုပ်ဆောင်ကြဖို့က ပိုအရေးကြီးပါတယ်။

ဒါကြောင့် နောက်ဆုံးအနေနဲ့ ပြောလိုတာကတော့ ဒီညီလာခံဟာ ဖွင့်ပွဲ အခမ်းအနားသာ ဖြစ်တယ် ဆိုပေမယ့် ကျွန်တော်တို့တိုင်းပြည်ရဲ့ အနာဂတ်အရေးကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာနိုင်ဖို့အတွက် ပထမ ခြေလှမ်းမှု ဖြစ်တာကြောင့် နောင်အဆက်ဆက် ကျင်းပပြုလုပ်မယ့် ညီလာခံတွေအတွက် သေချာစေ့စပ်စေဖို့ ခင်းကျင်းပေးတဲ့ လမ်းကြောင်းအစလည်း ဖြစ်ပါတယ်။ ဒီအစပျိုးမှုဟာလည်း ကောင်းမွန်တဲ့ အစပျိုးမှု ဖြစ်ပါစေကြောင်း ဆန္ဒပြု ရင်းနိဂုံးချုပ်ပါတယ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြောကြားသည့်မိန့်ခွန်း

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားသို့ ကြွရောက်လာကြသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါသည်။ ယခုလိုသမိုင်းတွင်မည့် အခမ်းအနားကြီးမှာ ကရင်တိုင်းရင်းသားတဦးဖြစ်တဲ့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် အမှာစကား ပြောကြားခွင့်ရတဲ့အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ ဖြစ်မြောက်လာအောင် အားကြိုးမာန်တက် ဆောင်ရွက်ပေးပါသော နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းသီးသီးမှပုဂ္ဂိုလ်များကိုလည်း အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံဟာ လွတ်လပ်ရေးရရှိခဲ့တာ ကြာမြင့်ပြီဖြစ်ပေမယ့် ငြိမ်းချမ်းရေး မရရှိတာလည်း ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပတ်ဝန်းကျင်က နိုင်ငံအသီးသီးဟာ ဖွံ့ဖြိုးတိုးတက်နေပေမယ့် ကျွန်တော်တို့နိုင်ငံဟာ ငြိမ်းချမ်းရေး မရရှိခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှု မရှိခဲ့ဘဲ အရှေ့တောင်အာရှနိုင်ငံများထဲမှာ နောက်ဆုံးမှာ ဖြစ်နေရပါတယ်။ ငြိမ်းချမ်းရေး မရရှိတဲ့အတွက် စစ်ပွဲများဖြစ်ပွားပြီး စစ်ဘေးစစ်ဒဏ်ကို အထူးသဖြင့် ခံစားနေရတာကတော့ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ နေထိုင်နေတဲ့ ဒေသများဖြစ်ပါတယ်။ ငြိမ်းချမ်းရေး မရရှိတော့ ကိုယ့်ရဲ့ဒေသဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ဘဲ စစ်ဘေးကိုရှောင်ရင်း မိမိတို့ရဲ့အိုးအိမ် မိမိတို့ကျေးရွာများကို စွန့်ခွာထွက်ပြေးရပြီး ဒုက္ခမျိုးစုံခံစားနေရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ စစ်ဘေးစစ်ဒဏ် မခံစားရတဲ့ ကျွန်တော်တို့တွေအတွက်ကတော့ ကောင်းမွန်စွာနေထိုင်စားသောက်နေရပြီး ကလေးသူငယ်များဆိုရင်လည်း ဝတ်ကောင်းစားလှနဲ့ ပညာသင်ကြားနေရပေမယ့် စစ်ဘေးစစ်ဒဏ်သင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကတော့ ဒုက္ခမျိုးစုံခံစားနေရပြီး ကလေးသူငယ်များဟာလည်း မိဘများနဲ့အတူ ဒုက္ခမျိုးစုံကို ရင်စည်းခံစားနေကြရပါတယ်။ မီဒီယာစာမျက်နှာများမှာလည်း စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်နေကြရတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ပုံရိပ်များ အထူးသဖြင့် အနာဂတ်ရဲ့ ကြယ်ပွင့်လေးများဖြစ်လာမယ့် ကလေးသူငယ်များရဲ့ သနားစရာပုံရိပ်တွေကို တွေ့မြင်နေရလို့ များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း နိုင်ငံသူနိုင်ငံသားအားလုံးက ငြိမ်းချမ်းရေးရရှိရေးကို မျှော်လင့်စောင့်စားနေကြပါတယ်။

အဲ့သလို နိုင်ငံသူ နိုင်ငံသားအားလုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးဟာ အခုဆိုရင် လက်တကမ်း အကွာမှာ ရောက်ရှိလို့နေပြီ ဖြစ်ပါတယ်။ လက်တကမ်းအကွာမှာ ရောက်ရှိနေပြီးဖြစ်တဲ့

နိုင်ငံသူ နိုင်ငံသား အားလုံးကလည်း လိုလားတောင်းတနေတဲ့ ငြိမ်းချမ်းရေးကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ မှာ ပါဝင်ဆွေးနွေးကြမယ့် တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအနေနဲ့ ရယူပေးကြပါလို့ မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်။ ငြိမ်းချမ်းရေးကို ရယူဖို့ ဆွေးနွေးကြရာမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခမျိုးစုံခံစားနေကြရတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ကလေးသူငယ်များဟာ ငါ့ရဲ့ဘိုးဘွားများ ဖြစ်ခဲ့ရင်၊ ငါ့ရဲ့ မိခင်ဖခင်များဖြစ်ခဲ့ရင်၊ ငါ့ရဲ့ညီအစ်ကိုမောင်နှမများဖြစ်ခဲ့ရင်၊ ငါ့ရဲ့သားသမီး မြေးမြစ်များဖြစ်ခဲ့ရင် ဆိုတဲ့အတွေးနဲ့ ပြည်သူလူထုကို ဦးစားပေးတဲ့ စိတ်ထားများမွေးမြူပြီး မိမိတို့ရဲ့ အတ္တမာန်မာနများကို ဖယ်ရှားကာ ငြိမ်းချမ်းရေးကို မရ ရအောင်ယူမယ်ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ချမှတ်ပြီး ဆောင်ရွက်ပေးကြဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်များဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ညှိနှိုင်းတိုင်ပင်လို့ ပေါ်ပေါက်လာတဲ့ ပင်လုံစာချုပ်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိခဲ့တာ အားလုံးအသိဖြစ်ပါတယ်။ အဲ့ဒီအစဉ်အလာကောင်းကို နမူနာယူပြီး ယခု ၂၁ရာစု ပင်လုံမှာ ငြိမ်းချမ်းရေး ရရှိအောင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းပေးကြပါလို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။ ငြိမ်းချမ်းရေး ရရှိမှလည်း ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

ယခုကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမျိုးဟာ နောင်မှာပေါ်ပေါက်လာဖို့ မလွယ်ကူတာကြောင့် ပေါ်ပေါက်လာတဲ့ ယခုလိုအချိန်အခါကောင်းမှာ နိုင်ငံသူ နိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို အရယူပေးရင်း မိမိတို့ရဲ့ လုပတဲ့သမိုင်းကို ရေးထိုးပေးကြပါလို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံမှာ ပါဝင်ဆွေးနွေးကြမယ့် တိုင်းရင်းသားခေါင်းဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များကို မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ၂၁ ရာစု ပင်လုံညီလာခံ တွင်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြောကြားသည့်မိန့်ခွန်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ရာစုပင်လုံသို့ တက်ရောက်လာကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါလို့ လှိုက်လှဲစွာ ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားတဲ့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျာ ကျွန်တော်တို့နိုင်ငံဟာ တမြေထဲနေ တရေထဲ သောက်ကြတဲ့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ စည်းလုံးညီညွတ်မှုနဲ့ ဆန္ဒတူညီမှုတို့အပေါ် အခြေခံပြီး စုပေါင်းဖွဲ့စည်းထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားများရဲ့ တန်းတူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ အခြေခံမူဝါဒအခွင့်အရေးများကို လေးစားခြင်း၊ ပြည်ထောင်စုသား အချင်းချင်း သဟဇာတဖြစ်ရေးကိုပြုစုခြင်း၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ပြည်ထောင်စုကြီးရဲ့ ငြိမ်းချမ်းရေးအောင်မှတ်ကိုရွေ့လျားနိုင်မယ်လို့ ခံယူချက်၊ တူညီချက်ရှိခဲ့တဲ့အတွက် လွန်ခဲ့တဲ့ ၇၈ လောက်ကတည်းက ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပင်လုံညီလာခံကြီး တက်လိုသော ပြည်ထောင်စုကြီး၏ အနာဂတ် ခရီးလမ်းစဉ်များကိုချမှတ်နိုင်မည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသား ညှိနှိုင်းမှု ညီလာခံတရပ် ခေါ်ယူကျင်းပမယ်လို့ ကြေညာချက်အမှတ်(၉) ကို ထုတ်ပြန်ပြီးတော့ တရားဝင်ရေးသားခဲ့ပါတယ်။ တိုင်းရင်းသားအရေးများစပ်လျဉ်းပြီး နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားနယ်မြေ အသီးသီးတွေ စီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုအတွက် ဦးတည်ပြီး ပြည်ထောင်စုတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် ပွင့်လင်းမြင်သာသောစီမံချက်များ ချမှတ်ဆောင်ရွက်မည်။ သဘာဝအရင်းအမြစ်များထုတ်ယူရန်မှ ရရှိသည့်အကျိုးအမြတ်များကို ဖက်ဒရယ်ပြည်ထောင်စု မူနှင့်အညီ ဒေသအလိုက်မျှတစွာ တိုးဝင် ခံစားမှုရရှိစေရမည်။ တိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝရေးနှင့် ပြည်ထောင်စုကြီးတခုလုံး သာယာဝဖြိုးရေးတို့ သဟဇာတဖြစ်စေမှုမှုကို လက်ကိုင်ကျင့်သုံး၍ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းရေး ဖော်ထုတ်မည်။ တိုင်းရင်းသားများ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံရေးညှိနှိုင်းဖြေရှင်းမှု လိုအပ်သည်ဟုယုံကြည်သည်။ ပြည်တွင်းလက်နက်ပဋိပက္ခများ၏ အရင်းအမြစ်များကို ဖယ်ရှား၍အာဃာတကင်းစေပြီး ပင်လုံစိတ်ဓာတ်ကို အခြေခံသော နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများမှတဆင့် ပြည်သူလူထုဘဝ လုံခြုံအေးချမ်းစေပြီး စသည်ဖြင့် မူဝါဒများကို ယခင်ကတည်းကချမှတ်ခဲ့ပါသည်။ ယခုဟာ ယင်း ရည်မှန်းချက်၊ ခံယူချက်၊ တူညီချက်နဲ့ မူဝါဒများကို အကောင်အထည်ဖော်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိုယ်ခံအားကို ဖွဲ့စည်းကာ ပြည်ထောင်စုကြီးငြိမ်းချမ်းရေးကို အလေးထားပြီး ဦးစားပေး ဆောင်ရွက်လျှက်ရှိပါတယ်။

လေးစားအပ်တဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျာ။ ပြည်တွင်း ငြိမ်းချမ်းရေးရရှိ

ရေးဟာ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေးတို့နဲ့ ဆက်စပ် ပတ်သက်လျှက်ရှိပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိလျှင် အထက်ပါအရေးတွေ ရရှိဖို့ ဆိုတာ ဝမရှိဘဲ ဝိလုပ်ဖို့ဖြစ်နေမယ်လို့ ကျွန်တော်အနေနဲ့ထင်မြင်ယူဆမိပါတယ်။ နှစ်ကာလရှည်ကြာ များစွာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ကြောင့်ပြည်ထောင်စုဖွား တိုင်းရင်းသားများရဲ့အသက်၊ ကိုယ် လက် အင်အားတို့ စွန့်လွှတ်ရခြင်းဟာ နိုင်ငံတော်ရဲ့လူသားအရင်းအမြစ်များ စွန့်လွှတ်ရခြင်းပဲ ဖြစ်ပါတယ်။ အိုးအိမ် စည်းစိမ်ဥစ္စာကိုလည်း ပြိုကွဲပျက်စီးကြရပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေမှ စစ်ရေးအသုံးစရိတ် အများအပြားကုန်ကျနေရခြင်းဟာ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းအတွက် နှောင့်နှေးစေပါတယ်။ ဒါ့အပြင် ကျွန်တော်တို့တိုင်းပြည်မှာ ပြည်တွင်းငြိမ်းချမ်းရေး မရှိ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်အရေးတွေဟာ ထိန်းညှိနိုင်ခြင်းမရှိဘဲနဲ့ ဟန်ချက်တွေလည်း ပျက် ယွင်းစေပါတယ်။ စစ်ဘေးစစ်ဒဏ်ကြောင့် စစ်ပြေးစစ်ရှောင်ဒုက္ခသည်တွေဟာလည်း သူတို့ရဲ့ရှိစုမဲ့စု ပိုင်ဆိုင်မှုတွေကို စွန့်ခွာခဲ့ကြရပါတယ်။ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးများမှ ရသမျှအထောက်အပံ့ လေးတွေနဲ့ ဘဝ ရှင်သန်ရေးအတွက် ရပ်တည်ကြရပါတယ်။ သူတို့ရဲ့ဘဝတွေ မျှော်လင့်ချက် တွေ၊ အိမ်မက်တွေ ပျောက်ကွယ်ကြရပါတယ်။ ဒါကြောင့်ပြည်သူလူထုရဲ့ဘဝလုံခြုံမှုနဲ့ စိတ်လုံခြုံမှု တို့အတွက် ကျွန်တော်တို့လွှတ်တော်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် အင်တိုက်အားတိုက် အစဉ်တစ်စိုက် ထောက်ခံနေမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား ကျွန်တော်တို့ အားလုံးဟာ မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်နေထိုင်လျှက်ရှိကြတဲ့ ပြည်ထောင်စုကြီးရဲ့ မိသားစုဝင်များ ဖြစ်ကြပါတယ်။ လူသားများဖြစ်ကြသည့်အားလျော်စွာ မိသားစုတွေ ကျွန်တော်တို့ အချင်းချင်းကြားမှာ အဆင်မပြေမှုတွေ ကတောက်အဆဖြစ်မှုတွေ၊ အယူအဆကွဲပြားမှုတွေ၊ အထင် အမြင်လွဲမှားမှုတွေဖြစ်ကြတာ သဘာဝကျပါတယ်။ ဒါတွေကို ကျွန်တော်တို့အားလုံး တဦးနဲ့တဦး၊ တစုနဲ့တစု၊ တဖွဲ့နဲ့တဖွဲ့ သဘောထားအချင်းချင်း စိတ်ရှည်ညှိနှိုင်းခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ယုံကြည်မှုရှိခြင်းတို့ဖြင့် ပူးပေါင်းဖြေရှင်း ကြပါက အောင်မြင်မှာဖြစ်ပါတယ်။ မိသားစုစိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် ကျွန်တော်တို့တတွေ ပါဝင်မွေးမြူကြ ထိန်းသိမ်းကြလျှက် ဇွဲစပ်ညှိနှိုင်းဆွေးနွေးကြပါက ငြိမ်းချမ်း ရေး ပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား။ အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်ခဲ့တဲ့ ၂၀ရာစုပင်လုံက လွတ်လပ်ရေးရရှိခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ထောင်ပေးခဲ့ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီးရဲ့သမီးဖြစ်တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ခေါင်းဆောင်သော ၂၁ရာစုပင်လုံက ကာလရှည်ကြာနေတဲ့ ပြည်တွင်းစစ်ကြီးကို ချုပ်ငြိမ်းစေပြီး ပြည်တွင်းငြိမ်းရေးရရှိရန် ဒီမိုဂရေစီဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်နိုင်ဖို့ ဦးတည်လျှက်ရှိပါတယ်။ ပြည်သူလူထုတရပ်လုံးကလည်း အာသာ ဆန္ဒပြည့်ဝရန် မျှော်လင့်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယမ်းခိုး၊ ယမ်းငွေ့၊ ယမ်းနံ့တွေအစား

လူ့အခွင့်အရေးရန့်တွေနဲ့ သင့်မြတ်စေချင်ပါတယ်။ တိုင်းရင်းသားများအချင်းချင်း၊ လူမျိုးကြီး လူမျိုးငယ် အစွဲအလမ်းမထားဘဲနဲ့ တောင်ပေါ်မြေပြန့် မခွဲခြားဘဲနဲ့ ဒီမိုကရေစီအသီးအပွင့် ခံစားလို ကြပါတယ်။ ပြည်ထောင်စုအတွင်း ဆယ်စုနှစ်များစွာ အနိဋ္ဌာရုံတွေဖုံးခဲ့တဲ့ကာလကိုနိဂုံးချုပ်ပြီး သိက္ခာဝင့်ကြွားစွာနဲ့ ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုကြီးကို ပုံဖော်ကြရန် အချိန်ကောင်းလို့လည်း ပြည်သူတွေ ယုံကြည်နေကြပါတယ်။ နယ်ပယ်အသီးသီး၌ ကျွန်တော်တို့တိုင်းရင်းသားများ အချင်း ချင်း ပူးပေါင်း ဆောင်ရွက်မှု၊ ကူညီရိုင်းပင်းမှု၊ ဝိုင်းဝန်းပံ့ပိုးမှုတို့ဖြင့် ပြည်ထောင်စုကြီးတခုလုံးနဲ့ ပြည်ထောင်စုကြီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နိုင်မယ်လို့လည်း မျှော်လင့်နေကြပါတယ်။ ဒါကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးတို့ရဲ့ စည်းလုံးညီညွတ်မှုကို ယိုယွင်းပြိုကွဲစေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံတွင် ဒုက္ခပင်လယ်ဝေလျက်ရှိတဲ့ ပြည်ထောင်စုအတွင်း စစ်မက်ဖက်ပြိုင်မှုများ အပြီးအပိုင် ချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေးဆွေးနွေးချက်များအကြား နိုင်ငံ ရေး၏ ယဉ်ကျေးမှုသစ်တရပ် တည်ထောင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အနာဂတ် မျိုးဆက်သစ်တို့အတွက် Globalization ခေတ်တွင် အတွေးသစ်အမြင်သစ်တို့ဖြင့် စေ့စပ်ညှိနှိုင်း ဆွေးနွေးနိုင်ကြပါစေ။ တိုင်းရင်းသားများအားလုံး လက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်လျှက် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီးတည်တံ့ ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးတို့အတွက် အောင်မြင်ပြီးစီးခြင်းနှင့် အခြေခံ အကြောင်းတရားများဖြစ်တဲ့ ပြင်းထန် သောဆန္ဒ၊ မလျော့သော လုံ့လဝီရိယ၊ ခိုင်ခံ့သောစိတ်ဓာတ်၊ အမှားအမှန်ကို ခွဲခြားနိုင်သော ဉာဏ် ပညာတို့နှင့် စေတနာမေတ္တာ ရှေ့ထား၍ ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေလို့ အလေးအနက်ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

# ၂၁ ရာစု ပင်လုံညီလာခံ အဖွင့်တွင်
# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက
# ဦးတင်ဦး၏မိန့်ခွန်း

ဒီနေ့ဟာ အင်မတန်ထူးခြားတဲ့နေ့ဖြစ်ပါတယ်။ ပိုမိုထူးခြားတာ ဘယ်လိုအချက်လဲလို့ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ တချိန်တုန်းက ကမ္ဘာမှာ နိုင်ငံရေးသိက္ခာ အကြီးမားဆုံးဖြစ်တဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ ဒီလိုဖြစ်ခဲ့တာကလည်းပဲ ကျွန်တော်တို့လွတ်လပ်ရေးဖခင်ကြီး ဗိသုကာဖြစ်တဲ့ ပုဂ္ဂိုလ်ကြီး တိုင်းရင်းသား အားလုံးတို့၏ တမျိုးသားလုံးရဲ့ ခေါင်းဆောင်ကြီး တပ်မတော်ကြီးရဲ့ ဖခင်ကြီးဖြစ်သူ ဗိုက်ချုပ်အောင်ဆန်းဟာ တိုင်းရင်းသားချစ်ကြည် စည်းလုံးမှုရအောင် အင်မတန် မွန်မြတ်တဲ့စိတ်ဓာတ်နဲ့ ဆောင်ရွက်ပေးခဲ့တဲ့ ကျေးဇူးတရားဟာ အင်မတန်မှ ကြီးမားခဲ့ပါတယ်။ အဲ့ဒီတုန်းက မြန်မာနိုင်ငံတော်ရဲ့ သိက္ခာဟာ ကြီးမားထက်မြက်နေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ကြွရောက်လာတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ မစ္စတာဘန်ကီမွန်း ကြွရောက်လာတဲ့အတွက်လည်း နိုင်ငံတော်ရဲ့ သိက္ခာအကြောင်းကို သွားပြီး စိတ်ကူးပေါက်ပါတယ်။ အဲ့ဒီတုန်းက ကုလသမဂ္ဂဟာ အထွေထွေ အတွင်းရေးမှူးချုပ် ကျဆုံးကွယ်လွန်သွားတဲ့အခါမှာ ကုလသမဂ္ဂကြီးထဲမှာ အထွေထွေ အတွင်းရေးမှူးချုပ် ရွေးချယ်တဲ့ကိစ္စဟာ ကြီးမားတဲ့ ပြဿနာဖြစ်ပါတယ်။ စစ်အေးအုပ်စုတိုက်ပွဲနှစ်ခုကြားထဲမှာ သူ့လူတင်မယ်၊ ငါ့လူတင်မယ်လို့ အငြင်းပွားပြီး အလုပ်မဖြစ်တဲ့ အခြေအနေမှာ ကုလသမဂ္ဂဟာ အင်မတန်စိုးရိမ်ဖွယ်ရာ အခြေအနေမျိုးမှာ မြန်မာနိုင်ငံတော်ရဲ့ သိက္ခာဟာ ကြီးမားတဲ့အတွက် တတိယ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ဒီနိုင်ငံက သားကောင်းရတနာဖြစ်တဲ့ ဦးသန့်ကို ရွေးချယ်လိုက်တယ်ဆိုတဲ့ နိုင်ငံတော်ရဲ့သိက္ခာက ကြီးမားခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ ကြုံတုန်း ဒီစကားကို လေးလေးနက်နက် ကြုံကြိုက်တာနဲ့ ပြောရခြင်းဖြစ်ပါတယ်။ အခုလည်းပဲ အင်မတန်မှ အချိန်အခါကောင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဟာ ၂၁ ရာစု ပင်လုံကော်မတီရဲ့ဥက္ကဋ္ဌအဖြစ် ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်မယ်ဆိုတဲ့ သံန္နိဋ္ဌာန်နဲ့ ကြိုးစားလုံးပန်းနေတဲ့ အချိန်အခါမှာ အခု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး မစ္စတာဘန်ကီမွန်း ကြွရောက်လာတဲ့အချိန်အခါနဲ့ တိုက်တိုက်ဆိုင်ဆိုင်မို့လို့ အတိတ်နိမိတ်ဟောလျှင် အောင်မြင်မယ်၊ ဒီကြိုးပမ်းမှုဟာဖြင့် ဖြစ်မြောက် ကျိုးဆောင်ပြီး တတိုင်းပြည်လုံး ကနေပြီးတော့ အင်မတန် လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို အစပြုပျိုးထောင်မယ့် ညီလာခံ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်တခဲနက် ယုံကြည်တဲ့ စိတ်ဓာတ်နဲ့ ပြောကြားခြင်းဖြစ်ပါတယ်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စား တက်ရောက်ပြောခွင့်ရတဲ့အတွက် အလွန်ပဲ ဝမ်းမြောက်ပါတယ်။ ၂၁ ရာစု ပင်လုံညီလာခံကို ငြိမ်းချမ်းရေးရရှိဖို့ တကယ့်ကို ငြိမ်းချမ်းရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လာပြီး တက်ရောက်ပြီး အောင်မြင်အောင် ကျင်းပမယ်ဆိုတဲ့ အခမ်းအနား ဖြစ်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ ငြိမ်းချမ်းရေးကို လိုချင်နေတာကဖြင့် ဒီနေ့တပြည်လုံးမှာ ပြည်သူပြည်သား အားလုံးဟာ တရားမျှတမှုရှိရေး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စတဲ့ ဖြစ်မြောက်အောင်

တခဲနက်တည်ထောင်ချင်တဲ့ စိတ်ဓာတ်တွေကြောင့် ဖြစ်ပါတယ်။ နိုင်ငံသူနိုင်ငံသား အားလုံးဟာ ဒုက္ခပင်လယ်ဝေပြီး အခြေအနေက မထွက်နိုင်သေးပါဘူး။ အများစု ယုံကြည်စွာဖြင့် ပျော်ရွှင်စွာနေဖို့ အခြေအနေကို ရောက်ချင်နေကြပြီဆိုတာ စွဲမြဲယုံကြည်နေကြပါတယ်။ ကျွန်တော့်အနေနဲ့ ၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်အားလုံးဟာ ဒါတွေကို စဉ်းစဉ်းစားစား ဆုံးဖြတ်ပါ၊ ဘာတွေကို ပြောခွင့်မရှိဘူး၊ ဘာတွေကို သုံးခွင့်မရှိလို့ ဆိုတာလည်း လုပ်နိုင်တဲ့ အခြေအနေမျိုး မဟုတ်ပါ။ ဒီနေရာမှာ ရောက်လာတဲ့လူတွေဟာ မိမိတို့အကျိုးအတွက်ဖြစ်စေ ပါတီအကျိုးအတွက်ဖြစ်စေ မိမိတို့တိုင်းပြည် အကျိုးအတွက်ဖြစ်စေ မိမိတို့ရဲ့ကိုယ်ကျိုးအတွက်ဖြစ်စေ ဘယ်လိုစိတ်ကူးမျိုးနဲ့ လာခဲ့ပါစေ ဒီနေရာမှာ ရောက်လာပြီး ဆက်ပြီးလုပ်ရမယ့် ကိစ္စကတော့ဖြင့် တို့တွေအားလုံးဟာ ငြိမ်းချမ်းရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အပြီးအသတ် အဆက်မပြတ် ဆက်လက်ဆွေးနွေးရင်း အောင်မြင်အောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ရောက်လာတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တွေက ကြွရောက်လာတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို မေတ္တာရပ်ခံချင်တာကတော့ အားလုံးငြိမ်းချမ်းရေးစကား ငြိမ်းချမ်းရေးအမြင် ငြိမ်းချမ်းရေး အပြောအဆို ပြည်သူလူထုတရပ်လုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးအတွက် စကားပြောကြပါလို့ လေးလေးနက်နက် ကျွန်တော် တိုက်တွန်းခြင်းဖြစ်ပါတယ်။

ဒီလိုတွေ့ဆုံပြီး စကားပြောတဲ့နေရာမှာ ရိုးသားမှု ဖြောင့်မတ်မှန်ကန်မှု မေတ္တာသစ္စာတရား ကိုယ်ချင်းစာတရား စသည်တို့ကို လက်ကိုင်ထားပြီး ပြောဆိုကြမှသာလျှင် တတိုင်းပြည်လုံးက အားလုံး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကို မိမိတို့ရည်ရွယ်ထားသည့်အတိုင်း တိုင်းပြည်သူပြည်သားအားလုံး ချမ်းမြေ့စွာ နေထိုင်ဖို့အတွက် အခြေအနေကောင်းကို ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးချိန်မှ စပြီးတော့ တိုင်းပြည်ရဲ့ ပဋိပက္ခကြောင့် ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူ အားလုံးဟာ ခါးသီးဆိုးဝါးလှတဲ့ ဒုက္ခတွေခံစားတွေ့ကြုံရတာတွေ အချို့နေရာတွေမှာ ရှိနေခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ ညီအစ်မောင်နှမ အရင်းများဟာ အားလုံးဟာ အရင်တုန်းက စိတ်ဓာတ်အတိုင်းပဲ ညီအစ်ကိုမောင်ရင်းနှမ ဆိုတဲ့ ယုံကြည်မှုကို ပျောက်ကွယ်နေသလို ဖြစ်နေတဲ့ အနေအထားကနေပြီး ပြန်လည် ယုံကြည်မှုရအောင် ဆောင်ရွက်နိုင်ကြဖို့အတွက် ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ပြောနေကြအတိုင်းပဲ ဗိုလ်ချုပ်အောင်ဆန်း ကျေးဇူးတင်လောက်အောင် ပေးခဲ့တဲ့ ပင်လုံစိတ်ဓာတ်ကိုပေးခဲ့တဲ့ ပင်လုံစိတ်ဓာတ်ကို အခြေခံပြီး ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထူထောင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အပြန်အလှန် နားလည်မှု ယုံကြည်မှုရရှိအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အပြန်အလှန် နားလည်မှု မရှိဘူးဆိုလို့ရှိရင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ရာဇဝင်ကြီးမားတဲ့ ၂၁ ရာစု ပင်လုံညီလာခံ အနှစ်သာရဟာ အပြန်အလှန် ဆွေးနွေးခဲ့ကြရင်း တဦးကိုတဦး ယုံကြည်စွာဖြင့် နားလည်မှုရှိစွာဖြင့် အပြန်အလှန် လေးနက်စွာ ဆွေးနွေးပြီး ဒီနိုင်ငံတော်ကြီး တိုးတက်ကြီးပွားလာအောင် မျှော်လင့်ချက်ကောင်းတွေထားပြီး ဆောင်ရွက်သွားရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆောင်ရွက်ကြတာလို့ ယုံကြည်ပါတယ်။ ဒီလိုမျိုးနေရာမှာ ကတိကဝတ်တွေ ပေးရုံနဲ့ မဖြစ်ပါဘူး။ တဦးပေါ်တဦး ထားရှိတဲ့ ယုံကြည်မှုတွေ တဦး၊ တဦးချင်းရှိတဲ့ ဂုဏ်သိက္ခာတွေ အခွင့်အရေးတွေ တန်းတူညီမျှမှုတွေကို အားလုံး တရားဥပဒေနဲ့အညီ အခိုင်အမာ အာမခံချက်ရအောင် ဆောင်ရွက်လုံးပန်းကြရမှာ ဖြစ်ပါတယ်။

အဲဒီလိုယုံကြည်ဖို့ကိုလည်း ကျွန်တော်တို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ စတင်တည်

ထောင်ခဲ့စဉ် ကတည်းက ဒီလိုဖက်ဒရယ်စိတ်ဓာတ် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ဖြစ်ရမယ်ဆိုတဲ့ ပြောဆိုချက်ကိုပဲ အဖန်ဖန်အလဲလဲ ပြောဆိုခဲ့ပြီး ဆွေးနွေးခဲ့ကြပြီး ကြိုးပမ်းခဲ့ကြတာ ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ် ထွန်းကားလာရင် ဒေသတွင်းမှာ ရှိနေကြတဲ့ နိုင်ငံသူနိုင်ငံသားတွေဟာ တရားဥပဒေ စိုးမိုးမှုနဲ့အညီ ငြိမ်းချမ်းစွာ နေထိုင်နိုင်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အပါအဝင် မြို့ပေါ်ကျေးလက် ပြည်သူလူထုတရပ်လုံးဟာ တရားဥပဒေ စိုးမိုးမှုရဲ့အောက်မှာ နေထိုင်ခွင့် မရရှိကြသေးဘဲ သေနတ်သံတွေ ဗုံးသံတွေ အကြောက်တရားတွေကြားထဲမှာ နေထိုင်ကြီးပြင်းဆဲ ရှိနေကြပါတယ်။ သံနတ်တချက် ဖောက်လိုက်တာနဲ့ လူတွေရဲ့ အသက်တချောင်း ပစ္စည်းတွေ ဆုံးရှုံးသွားတာတောင်မှ လူ့ဂုဏ်သိက္ခာ ပိုင်ဆိုင်မှုကို စွန့်လွှတ်လိုက်ရတဲ့ ပေးဆပ်လိုက်ရတဲ့အထိ ဖြစ်ခဲ့ရတယ် ဆိုတာကို သဘောပေါက် နားလည်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့တရားဥပဒေ စိုးမိုးမှု ငြိမ်းချမ်းသာယာမှု အားလုံး ပြန်လည်ပြီးတော့ ဒီလိုအဖြစ်မျိုး မဖြစ်ရအောင် ပြန်မသွားကြရအောင် ဖြစ်တဲ့အတွက် ဒီလိုရလဒ်မျိုးကို ရရှိအောင် ကြိုးပမ်းကြဖို့ လိုပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေဟာ ကမ္ဘာ့နိုင်ငံတွေမှာ မျက်နှာငယ်ငယ်နဲ့ ဒုက္ခပင်လယ်ဝေပြီး နေရပါတယ်။ ကလေးငယ်တွေ အမျိုးသမီးငယ်တွေ စသဖြင့် လူတန်းစားအသီးသီးဟာ နှိပ်စက်ခံနေရပါတယ်။ လူငယ်တွေအတွက် ဆိုပြန်ရင်လည်း အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု ကင်းဝေးလျက်ရှိနေပါတယ်။ အခု လူငယ်တွေဘက်မှာ ပြန်ကြည့်လျှင် မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်တွေ ဖြစ်နေတာတွေ အဓမ္မစေခိုင်းမှုတွေ ဖြစ်နေတာတွေ ဆက်လက် မြင်တွေ့နေရတာ အားလုံးအသိပါ။ ဒါကြောင့်မို့ ကျွန်တော်တို့တမျိုးသားလုံးဟာ ငြိမ်းချမ်းရေးကို တကယ်ဖြစ်မြောက်အောင် လိုချင်နေခဲ့ပါပြီ။ ဒီလိုလိုချင်နေတာကိုလည်း ဆောင်ရွက်နိုင်အောင် အခုလိုညီလာခံကို စတင်ပြီးတော့ ကျင်းပနိုင်ပြီ ဖြစ်နေပါပြီ။ အဲ့ဒီလိုကျင်းပတာ အရေးကြီးဆုံးကတော့ အဓိကအောင်မြင်ဖို့က အပစ်အခတ်ကို လုံးဝရပ်စဲကြရမှာပဲ ဖြစ်ပါတယ်။ ဆက်ပြီးတော့ တိုက်နေမယ့်အစား အေးချမ်းသောနည်း တည်ငြိမ်သောနည်း လူအချင်းချင်း ပြန်လည်ပြီး လူသားရဲ့ ဂုဏ်သိက္ခာကို အလေးအနက်ထားဖို့ လိုပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း အပြန်အလှန် အပြင်းအထန် အငြင်းပွားကြတာ ပြည်သူလူထု အင်မတန်လိုလားနေတဲ့ ငြိမ်းချမ်းရေးရနိုင်မယ့် အဖြေကိုလည်း အေးချမ်းသောနည်းနဲ့ ကောင်းမွန်စွာ ရှာဖွေနိုင်ကြပါစေလို့ တိုက်တွန်းလိုပါတယ်။

ဆွေးနွေးညှိနိုင်းအဖြေရှာတဲ့ သဘောကတော့ မိမိရဲ့ဆန္ဒချည်းပဲ မိမိအဖွဲ့အစည်းရဲ့ အကျိုးချည်းပဲ ကြည့်ပြီး ရှေ့တန်းတင်လို့ ရလိမ့်မယ် မဟုတ်ပါဘူး။ သို့သော်လည်းပဲ ဖွဲရှိရှိနဲ့ စိတ်ရှည်ရှည်နဲ့ သည်းခံမှုတွေနဲ့ မိမိတို့လာရတဲ့ ရည်ရွယ်ချက်အကြောင်းတရား အကျိုးပေါ်မှာ မူတည်ပြီးတော့ ငြိမ်းချမ်းရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီတိုင်းပြည်အတွင်းရှိ တိုင်းရင်းသားအားလုံး ဒေသအားလုံး လုံခြုံဖွံ့ဖြိုးတိုးတက်ရေး မရမနေ အဖြေရှာမယ်ဆိုတဲ့ ဖွဲမျိုးနဲ့ ဆက်လက်ပြီး လုပ်ကိုင်ခြင်းအားဖြင့် ညှိနှိုင်းမှု ဆွေးနွေးမှုကို ဆောင်ရွက်ဖို့အတွက် စိတ်ရှည်ရှည်ထားပြီးတော့ ကြိုးပမ်းဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ၂၁ ရာစုပင်လုံညီလာခံ ကျင်းပတယ်ဆိုတာဟာ နိုင်ငံတော် လုံခြုံရေးမှာ ဒေသအသီးသီးက ပူးပေါင်းဆောင်ရွက်နိုင်မယ့် နိုင်ငံရေး အခင်းအကျင်းကို ပိုမိုကောင်းမွန် တိုးတက်လာအောင် ဖွံ့ဖြိုးလာအောင် ဆောင်ရွက်နိုင်ကြပါစေ။

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းမှ အစီရင်ခံတင်ပြခြင်း

# ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၏ လုပ်ငန်းအစီရင်ခံစာ

လေးစားအပ်ပါသော သဘာပတိကြီးများနှင့်တကွ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ၂၁ရာစုပင်လုံ ပထမအစည်းအဝေးကို တက်ရောက်လာကြတဲ့ ခေါင်းဆောင်ကြီးများခင်ဗျား– အခုလို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ရဲ့ လုပ်ငန်းအစီရင်ခံစာကို ဤသမိုင်းဝင်ညီလာခံသို့ တင်သွင်းခွင့် ရရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဟာ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်တွင် ပါရှိသည့် နိုင်ငံရေးလမ်းပြမြေပုံအတိုင်း နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် ကော်မတီတရပ်ဖြစ်ပါတယ်။ ထိုကော်မတီကို အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်ကိုယ်စား ပါဝင်သည့် အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့မှကိုယ်စားလှယ် ၁၆ ဦး၊ စုစုပေါင်း ၄၈ ဦးဖြင့် ဖွဲ့စည်းထားပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ ဥက္ကဋ္ဌတာဝန်ကို အစိုးရဖက်မှတာဝန်ယူ ထမ်းဆောင်ခြင်းဖြစ်ပြီး ယင်း၏ ဒုတိယဥက္ကဋ္ဌများကို အစိုးရ၊ လွှတ်တော်နှင့် တပ်မတော် အစုအဖွဲ့မှတဦး၊ တိုင်းရင်းသားလက်နက်ကိုအဖွဲ့အစည်း အစုအဖွဲ့မှတဦးနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့မှတဦး၊ စုစုပေါင်း ဒု–ဥက္ကဋ္ဌ ၃ ဦးကို ရွေးချယ်တာဝန်ပေးထားပါတယ်။ ထို့အပြင် အတွင်းအရေးမှူးအဖွဲ့ကိုလည်း အစုအဖွဲ့တခုမှ ၃ ဦးစီဖြင့်၊ စုစုပေါင်း ၉ ဦးဖြင့် ဖွဲ့စည်းထားပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ယနေ့တိုင် ပုံမှန်အစည်းအဝေး ၇ ကြိမ်တိုင်တိုင် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ယခု အစိုးရလက်ထက်မှာ ပထမအကြိမ်ဖြစ်ပြီး အစည်းအဝေးအစဉ်အရ ဆဋ္ဌမအကြိမ်ဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ၂ ရက်တိုင်တိုင် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၄ ရပ်ကို ချမှတ်နိုင်ခဲ့ပါတယ်။

ထိုဆုံးဖြတ်ချက်များအနက် – ဆုံးဖြတ်ချက် နံပါတ် (၁) အရ – အစိုးအရအဖွဲ့ကို ကိုယ်

စားပြုတဲ့ UPDJC အဖွဲ့ဝင် ၁၆ ဦးကို အတည်ပြုနိုင်ခဲ့ပါတယ်။ ထိုဆုံးဖြတ်ချက်အတိုင်း အစိုးရဖက်မှ အဆိုပြုတင်သွင်းသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို UPDJC ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးကျော်တင့်ဆွေနှင့် ဒေါက်တာတင်မျိုးဝင်း တို့ကို ဒု–ဥက္ကဋ္ဌ (၁) နှင့် (၂) များအဖြစ်လည်းကောင်း၊ အငြိမ်းစားဒုတိယ ဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဗိုလ်ချုပ် စိုးနိုင်ဦး နှင့် ဦးလှမောင်ရွှေတို့ကို အတွင်းရေးမှူးအဖွဲ့ဝင်များအဖြစ် သော်လည်းကောင်း၊ ကျန်တဲ့ခေါင်းဆောင်များကို အဖွဲ့ဝင်များအဖြစ်သော်လည်းကောင်း အတည်ပြုနိုင်ခဲ့ပါတယ်။

ထိုအစည်းအဝေးဆုံးဖြတ်ချက် (၂) အရ – တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ကိုယ်စားပြုတဲ့ UPDJC အဖွဲ့ဝင် ၁၆ ဦးကို အတည်ပြုနိုင်ခဲ့ပါတယ်။ ထိုဆုံးဖြတ်ချက်အရ KNU – ကရင်အမျိုးသားအစည်းအရုံးရဲ့ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းကို ဒုတိယဥက္ကဋ္ဌအဖြစ် သော်လည်းကောင်း၊ ချင်းအမျိုးသားတပ်ဦး၏ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာလျန်မှုန်းဆာခေါင်း၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ တွဲဖက်အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးစိုင်းလ နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ၏ ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်း တို့ကို အတွင်းရေးမှူးအဖွဲ့ဝင်များအဖြစ်သော်လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ပြီး ကျန်ခေါင်းဆောင်များကို အဖွဲ့ဝင်များအဖြစ် ရွေးချယ်ခဲ့ကြပါတယ်။

ထိုအစည်းအဝေးဆုံးဖြတ်ချက် (၃) အရ – နိုင်ငံရေးပါတီအစုအဖွဲ့မှ UPDJC အဖွဲ့ဝင် ၁၆ ဦး အမည်စာရင်းကို ၎င်းနေ့တွင် ပေးသွင်းနိုင်ခြင်းမရှိခဲ့သော်လည်း ဇွန်လ ၂၈ ရက်နေ့တွင် ပေးသွင်းအတည်ပြုနိုင်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်အရ – ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ ဥက္ကဋ္ဌ ဦးသုဝေကို နိုင်ငံရေးပါတီများကို ကိုယ်စားပြုတဲ့ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ အတွင်းရေးမှူး စိုင်းကျော်ညွန့်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ဦးနိုင်ငံလင်း နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ဦးမြင့်စိုး တို့ကို အတွင်းရေးမှူးအဖွဲ့ဝင်များအဖြစ် သော်လည်းကောင်း ရွေးချယ်နိုင်ခဲ့ကြပါသည်။

သတ္တမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ဩဂုတ်လ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့များတွင် နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ထိုအစည်းအဝေးတွင် ဆုံးဖြတ်ချက် ၁၉ ခုကို ချမှတ်နိုင်ခဲ့ပါတယ်။ ထိုအစည်းအဝေးဆုံးဖြတ်ချက်အများစုမှာ ယခုကျင်းပနေတဲ့ 'ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ' ကျင်းပခြင်းနဲ့ သက်ဆိုင်နေပါတယ်။ ဆုံးဖြတ်ချက် (၁) အရ – ဤညီလာခံကြီးကို ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း သတ်မှတ်နိုင်ခဲ့ပါတယ်။

– အားလုံးပါဝင်၍ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ် စတင်နိုင်ရန် နှင့်

– နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် တို့ဖြစ်ကြပါတယ်။

ထိုဆုံးဖြတ်ချက် (၁) အရ – အားလုံးပါဝင်ရေးကို – တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဤညီလာခံသို့ လွတ်လွတ်လပ်လပ်ပါဝင်တက်ရောက်နိုင်ရေးအတွက် ဆုံးဖြတ်ချက်

(၂) တွင် – 'ညီလာခံကိုယ်စားလှယ်များ' ဟူသော စကားရပ်အစား 'ညီလာခံတက်ရောက်သူများ' ဟု ခေါ်ဝေါ်သုံးစွဲရန် သဘောတူခဲ့ကြပါသည်။ ကျန်တဲ့ဆုံးဖြတ်ချက်များကတော့ ဤညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မည်သို့မည်ပုံဆောင်ရွက်၍ မည်ကဲ့သို့သော လုပ်ငန်းကော်မတီ များကို မည်သို့မည်ပုံ ဖွဲ့စည်းရမည်ဆိုတဲ့ ဆုံးဖြတ်ချက်များ ဖြစ်တဲ့အတွက် အသေးစိတ်ဖော်ပြခြင်း မပြုတော့ပါဘူး။

သို့ရာတွင် နိုင်ငံရေးအရ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တရပ်ကိုတော့ အသေးစိတ်ဖတ်ဖို့ လိုပါတယ်။ ဒီဆုံးဖြတ်ချက်ဟာ အခုကျင်းပနေတဲ့ ညီလာခံကြီးနဲ့ တိုက်ရိုက်ပတ်သက်ခြင်းမရှိဘဲ ညီလာခံပြီးပြီးချင်း ဆောင်ရွက်ရမယ့် နိုင်ငံရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဒါကတော့ ဆုံးဖြတ်ချက် နံပါတ် (၁၄) ဖြစ်ပါတယ်။ သတ္တမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးဆုံးဖြတ်ချက် နံပါတ် (၁၄) မှာ – 'အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ ပထမ အစည်းအဝေး ကျင်းပပြီးသည်နှင့် စတင်ကျင်းပရန် သဘောတူသည်' ဆိုတဲ့ အချက်ပဲ ဖြစ်ပါ တယ်။

ဒါ့ကြောင့် ဤညီလာခံ ကျင်းပပြီးပြီးချင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် သော်လည်းကောင်း ပြည်ထောင်စု တဝှမ်း လုံးတွင် ကျင်းပသွားရန် ဆုံးဖြတ်တဲ့ အလွန်အရေးကြီးသော ဆုံးဖြတ်ချက်ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြချင်တာကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC) ရဲ့ လုပ်ငန်းလမ်းညွှန်အရ– UPDJC ရဲ့ လုပ်ငန်းဆောင်ရွက်မှုအားလုံးနဲ့ အစည်းအဝေးဆုံးဖြတ်ချက်များကို 'တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)' သို့ တင်ပြ၍ အတည်ပြုချက် ရယူ ရမည်ဟု ဖော်ပြထားသောကြောင့် – UPDJC ၏ လုပ်ငန်းဆောင်ရွက်ချက်အားလုံးနှင့် အစည်း အဝေးဆုံးဖြတ်ချက်အားလုံးကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ကျင်းပခဲ့သော JICM အစည်း အဝေးသို့ တင်ပြပြီး အတည်ပြုချက် ယူခဲ့ပြီး ဖြစ်ပါကြောင်း ဤညီလာခံကြီးသို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လေ့လာစောင့်ကြည့်ရေး ပူးတွဲကော်မတီ (JMC) ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်မှ အစီရင်ခံတင်ပြခြင်း

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ သို့ပြည်ထောင်စုအဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ မှ တင်ပြချက်များ

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်**

၁။ ညီလာခံသဘာပတိကြီးများနှင့် ညီလာခံတက်ရောက်သူများခင်ဗျား။

၂။ ကျွန်တော်ကတော့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဖြစ်ပါတယ်။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ် ရေးထိုးပြီးနောက်ပိုင်းကနေ ယနေ့အချိန်အထိ JMC ရဲ့ ဆောင်ရွက်ချက်များနဲ့ လက်မှတ်ရေးထိုးထားတဲ့အဖွဲ့များအကြား ဖြစ်ပေါ်တိုးတက်မှုများကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံသို့ JMC-U ကိုယ်စားတင်ပြသွားမှာ ဖြစ်ပါတယ်။

၃။ NCA ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့တို့အကြား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ယင်းစာချုပ်အရ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပူးတွဲအကောင်အထည်ဖော်နိုင်ဖို့အတွက် (Joint Ceasefire Monitoring Committee - JMC) ကို ဖွဲ့စည်းခဲ့ကြပါတယ်။

၄။ JMC ၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ချမှတ်ထားပါတယ် – 'တနိုင်ငံလုံး အတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ NCA သဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအားဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။' ဆိုတဲ့ ရည်ရွယ်ချက်ဘဲ ဖြစ်ပါတယ်။

၅။ JMC ရဲ့ ဖွဲ့စည်းပုံကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နဲ့ ဒေသဆိုင်ရာ အဆင့်ဆိုပြီး JMC ယန္တရားကို အလွှာ ၃ ခုနဲ့ ဖွဲ့စည်းထားပါတယ်။ ကော်မတီအလွှာတိုင်းမှာ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အရပ်သား ကိုယ်စားလှယ်များဆိုပြီး အစု ၃ စုနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ဒေသဆိုင်ရာအဆင့်မှာ ရပ်ကွက်

ကျေးရွာများက ရွေးချယ်တင်မြှောက်ထားတဲ့ ဒေသခံပြည်သူများကိုယ်တိုင်က စောင့်ကြည့်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ စုဖွဲ့ထားတာဖြစ်ပါတယ်။ အထူးသဖြင့် အရပ်သားများကို အကာအကွယ်ပေးရေးအတွက် ပြည်သူလူထုရဲ့ပါဝင်မှုကို JMC က အသိအမှတ်ပြုထားတာ ဖြစ်ပါတယ်။ ပြည်နယ်အဆင့်ကော်မတီများကနေစပြီး အရပ်သားကိုယ်စားလှယ်များအကြား အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်းထက်မနည်းပါဝင်နိုင်ဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

၆။ ပြည်ထောင်စုအဆင့် JMC အနေနဲ့ ပုံမှန်အစည်းအဝေး ၆ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပဋိပက္ခ ဖြေရှင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ JMC အနေနဲ့ ယန္တရားတခုလုံးရဲ့ စုဖွဲ့မှုအသေးစိတ်၊ လုပ်ငန်းလမ်းညွှန်၊ ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များကို ရေးဆွဲအတည်ပြုနိုင်ခဲ့ပါတယ်။

၇။ 'နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ' (Military Code of Conduct - COC) ကိုလည်း ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှာ ကျင်းပတဲ့ ဒုတိယအကြိမ် အစည်းအဝေးမှာ သဘောတူညီခဲ့ပြီး JICM ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကနေ အတည်ပြုပေးခဲ့ပါတယ်။

၈။ JMC ကော်မတီအဆင့်ဆင့်ရဲ့ လုပ်ငန်းအကောင်အထည်ဖော်မှုအတွက် ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ရုံးအဖွဲ့များ၏ ဖွဲ့စည်းပုံကိုလည်း အတည်ပြုခဲ့ကြပါတယ်။ လုပ်ငန်းလမ်းညွှန်၊ ယင်းရုံးအဖွဲ့များအတွက် လိုအပ်သောရန်ပုံငွေ ဘတ်ဂျက်ခန့်မှန်းခြေတို့ကိုလည်း အတည်ပြု သဘောတူညီခဲ့ကြပါတယ်။ ယခုအခါ ပြည်ထောင်စုအဆင့် JMC ရဲ့ ပင်မရုံးအဖွဲ့ (Technical Secretariat Center-TSC) ကို ကနဦး ယာယီရုံးအနေနဲ့ ဖွဲ့စည်းလည်ပတ်နေပြီ ဖြစ်ပါတယ်။

၉။ ပစ်ခတ်တိုက်ခိုက်မှု စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းတွေအတွက် အဓိကကျတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် JMC ဖွဲ့စည်းရေးတွေကို ဦးစားပေးဆောင်ရွက်ခဲ့တဲ့အတွက် ယခုအခါ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာ ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီနှစ်မကုန်မီ ပဲခူးတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်တွေမှာ ကျန်ရှိနေတဲ့ ပြည်နယ်အဆင့် JMC-S ၂ ခုကို အပြီးသတ် ဖွဲ့စည်းနိုင်ဖို့ကို လျာထားပြီး ဖြစ်ပါတယ်။

၁၀။ ဖွဲ့စည်းပြီးသား ပြည်နယ်အဆင့် JMC ကော်မတီများကလည်း လစဉ်ပုံမှန်အစည်းအဝေးများကျင်းပပြီး ပဋိပက္ခဖြေရှင်းရေးတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အဆင့်မှာလည်း လိုအပ်တဲ့ရုံးအဖွဲ့တွေကို ဆက်လက်ဖွဲ့စည်းသွားဖို့ အစီအစဉ်များ ချမှတ်ထားပြီး ဖြစ်ပါတယ်။

၁၁။ JMC အဆင့်ဆင့်ရုံးအဖွဲ့များအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ ကော်မတီအသီးသီး၏ အစည်းအဝေးဆုံးဖြတ်ချက်၊ လုပ်ငန်းလမ်းညွှန်မှုအတိုင်း လုပ်ငန်းကျွမ်းကျင်မှု၊

ဘက်မလိုက်မှုအခြေခံဖြင့် ဆောင်ရွက်သောရုံးအဖွဲ့များ ဖြစ်ပါတယ်။

၁၂။ JMC လုပ်ငန်း အကောင်အထည်ဖော်မှုရဲ့ အဓိက ဆောင်ရွက်ချက်ကတော့ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့စည်းများအကြား တိုက်ပွဲများလျှော့ချနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ NCA လက်မှတ်မရေးထိုးမီအချိန်နဲ့ လက်မှတ်ရေးထိုးပြီးချိန် ကာလတူ နှစ်ခုကိုယှဉ်ကြည့်တဲ့အခါ နှစ်ဘက်စစ်တပ်မှ တိုက်ပွဲများ တတ်နိုင်သမျှ မဖြစ်ရေးကို ရှေးရှုပြီး ထိတွေ့မှုများကို အဆပေါင်းများစွာ လျှော့ချနိုင်ခဲ့ပါတယ်။

၁၃။ JMC အနေနဲ့ NCA ကိုအခြေခံပြီး လုပ်ငန်းအကောင်အထည်ဖော်ရာမှာ ပူးတွဲဆွေးနွေး၊ ပူးတွဲတိုင်ပင်၊ ပူးတွဲအဖြေရှာ၊ ပူးတွဲအကောင်အထည်ဖော် ဆိုတဲ့ မူတွေကို အခြေခံထားပါတယ်။ NCA ရဲ့ အနှစ်သာရဖြစ်တဲ့ ပဋိပက္ခဖြေရှင်းခြင်းကို လက်ကိုင်ထားပြီး ညီညွတ်မှုရှိရှိနဲ့ စိန်ခေါ်မှုတွေကို ပူးတွဲဖြေရှင်းနေကြတာ ဖြစ်ပါတယ်။

၁၄။ နိဂုံးချုပ်အနေနဲ့ JMC ယန္တရားကို ထိရောက်အောင် အကောင်အထည်ဖော်ခြင်းကြောင့် သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို နှစ်ဖက်တပ်များ လိုက်နာ စောင့်ထိန်းစေရန် ကြိုးကြပ်နိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုအပေါ် ဝန်ထုတ်ဝန်ပိုး မဖြစ်စေဖို့၊ နှစ်ဖက်တပ်များအကြားရန်လိုမှုများကို လျှော့ချနိုင်ဖို့၊ ယုံကြည်မှု တည်ဆောက်နိုင်ဖို့အတွက် တည်ငြိမ်ကောင်းမွန်တဲ့အခြေအနေများကို ဖန်တီးတည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံရေးဆွေးနွေးပွဲများကို အထောက်အကူပြုနိုင်မှာဖြစ်ပြီး ထိုမှတဆင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။

၁၅။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ဆွေးနွေးချက်များကို စိုင်းကျော်ညွှန့်မှ အစီရင်ခံတင်ပြခြင်း

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကိစ္စ အစီရင်ခံစာတင်သွင်းခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်

လေးစားအပ်ပါသော ကြွရောက်လာတဲ့ နိုင်ငံတော်အစိုးရအဖွဲ့က ခေါင်းဆောင်ကြီးများ၊ လွှတ်တော်များက ခေါင်းဆောင်ကြီးများ၊ တပ်မတော်က ခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးပါတီများက ခေါင်းဆောင်ကြီး များနှင့်တကွ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များကို ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာစေကြောင်း ကျနော် စိုင်းကျော်ညွှန့်က ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ရေးဆွဲခြင်း၊ ပြန်လည်သုံးသပ်ခြင်းနဲ့ ပတ်သက်တဲ့ ကိစ္စရပ်များကို နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စား ဖတ်ကြားအစီရင်ခံ တင်ပြအပ်ပါတယ်။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပုဒ်မ ၂၁(က)(၂)တွင် ဖော်ပြထားသည့် 'ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရန်ကိုလည်း တာဝန်ရှိသည်။' ဟူသည့်အတိုင်း ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်တွင်ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှာ အဖွဲ့ဝင် ၂၄ ဦးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မူကြမ်းရေးဆွဲရေး ကော်မတီ (Framework for Political Dialogue Drafting Committee) ကိုဖွဲ့စည်းခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မူကြမ်းရေးဆွဲရေး ကော်မတီက ရေးဆွဲတင်ပြလာတဲ့ မူဘောင်ကို UPDJC အစည်းအဝေးမှာ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးနောက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်မှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အတည်ပြုနိုင်ခဲ့ပါတယ်။

တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ရေးဆွဲအတည်ပြုနိုင်ခဲ့သလို ၎င်းမူဘောင်ကိုအခြေခံပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်ဖြင့် ဖွဲ့စည်းခဲ့သည့် အစိုးရသစ်မှ အားလုံး ပါဝင်ရေးမူကို အခြေခံပြီး ဆက်လက်ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံမှာ NCA လက်မှတ်ရေးထိုး ထားခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ညီလာခံတက်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ရေးဆွဲခြင်းလုပ်ငန်းစဉ်မှာ မပါဝင်နိုင်ခဲ့တဲ့ NCA လက်မှတ် ရေးထိုးထားခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို လည်း ဖိတ်ကြားပြီး မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ပထမအကြိမ်နှင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်မှ ၂၂ ရက်နေ့အထိ

ဒုတိယအကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြတဲ့ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များဖြစ်ကြသော ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ရှမ်းပြည် တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် ( SSPP/ SSA)၊ မွန်ပြည်သစ်ပါတီ (NMSP )၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP)၊ ရခိုင်အမျိုးသား ကောင်စီ (ANC)၊ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU)၊ 'ဝ'အမျိုးသား အဖွဲ့ချုပ် (WNO) စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၇ ဖွဲ့ နှင့် အထူးဒေသ(၄) ဖြစ်တဲ့ အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေးတပ်မတော်– မိုင်းလားတပ်ဖွဲ့ (NDAA) တို့ပါဝင် တက်ရောက် ဆွေးနွေးခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး နှစ်ကြိမ်မှ မူဘောင်ကို အပြီးသတ်ဆွေးနွေးနိုင်ခြင်းမရှိသေးသော်လည်း ယခုကျင်းပနေတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံကို တက်ရောက်ဖို့ နိုင်ငံတော်အစိုးရက ဖိတ်ကြားခဲ့သလို NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လည်း ညီလာခံတက်ရောက်ဖို့သဘောတူခဲ့ကြပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ အပြီးမှာ ဆက်လက်ကျင်းပရန်လဲ သဘောတူညီမှု ရရှိခဲ့ပါတယ်။

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ဟာ များစွာအရေးကြီးလှပါတယ်။ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာ မူဘောင်အရ ငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပနေခြင်းဖြစ်ပါတယ်။ နောင်ဆက်လက်ကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံမှာ အားလုံးပါဝင်ရေးမူကို အလေးထားတဲ့ အနေနဲ့ ယခုအကြိမ်မှာ ပါဝင်တက်ရောက်ခွင့် မရရှိသေးတဲ့ အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကြိုးစားပေးကြဖို့နဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးကို အထောက်အကူဖြစ်စေမယ့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက သဘောထားကြီးစွာနဲ့ ပါဝင်ပေးကြပါလို့တိုက်တွန်းရင်း ကျွန်တော့်ရဲ့ တင်ပြမှုကို ရပ်နားခွင့်ပြုပါခင်ဗျား။

## အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကိစ္စရပ်များကို ပဒိုစေ‌ာကွယ်ထူးဝင်းမှ အစီရင်ခံတင်ပြခြင်း

# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆိုင်ရာအကြောင်းအရာများ

### နိဒါန်း

မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၆၀ ကြာမြင့်သောပဋိပက္ခများကို နိုင်ငံရေးနည်းအားဖြင့် ဖြေရှင်းနိုင်ရန် ရည်ရွယ်ပြီး တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုပြီး နောက် နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်သွားရန် သဘောတူချက်ရှိပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများ၏ ဖြစ်စဉ်တခုဖြစ်သော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာအကျဉ်းချုပ်ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်အပေါ် အခြေခံပြီး ရေးဆွဲထားသော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် နိုင်ငံရေးဆွေးနွေးမှုများကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကျင်းပခြင်းအားဖြင့်သော်လည်းကောင်း၊ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများ ကျင်းပခြင်းအားဖြင့် သော်လည်းကောင်း ကျင်းပရန်ဖြစ်သည်။

၎င်းနိုင်ငံရေးဆွေးနွေးပွဲအား မည်သူပါဝင်ပြီး မည်ကဲ့သို့ ကျင်းပမည်၊ မည်သည့်အကြောင်းအရာများဆွေးနွေးမည်ဆိုသည့် အကြောင်းအရာများပါဝင်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲပြီး ဆောင်ရွက်ရန်ဖြစ်သည်။ ထိုနိုင်ငံရေးဆွေးနွေးပွဲများ၏ ဖြစ်စဉ်တခုဖြစ်သော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာအကျဉ်းချုပ်ကို အောက်ပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်။

### အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများဆိုသည်မှာ လူမျိုးအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ အကြောင်းအရာအလိုက်သော်လည်းကောင်း ကျင်းပသော ဆွေးနွေးပွဲများဖြစ်သည်။

၂။ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖိုရမ်သည် အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ဖြစ်သည်။

### ကျင်းပပုံကျင်းပနည်း

၁။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ ပထမအစည်းအဝေး ကျင်းပပြီးသည်နှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ရေးဆွဲ အတည်ပြုခြင်း ပြုလုပ်ကာ ဆွေးနွေးပွဲများစတင်မည်ဖြစ်သည်။

ဆွေးနွေးမည့် ခေါင်းစဉ်များအပေါ်မူတည်၍ လုပ်ငန်းကော်မတီများ အသီးသီးဖွဲ့စည်း၍ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျင်းပသွားရမည်။

၂။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် သဘောတူညီထားသော ခေါင်းစဉ်များအတိုင်း ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသွားမည်။

၃။ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများအား ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းကော်မတီများမှ ဦးဆောင်လမ်းညွှန်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အစုအဖွဲ့တဖွဲ့ချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပါဝင်ဆွေးနွေးမည့်သူများအကြား ညှိနှိုင်း၍ ကျင်းပနိုင်သည်။

၄။ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ လွှတ်တော်များမှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်သည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ၂၁ရာစုပင်လုံသို့ တင်ပြခြင်း

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများမှ ရရှိလာသော အဆိုပြုချက်နှင့် အကြံပြုချက်များအား ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံတွင် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများတွင် အချက်အလက်စိစစ်မှုများ ပြုလုပ်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ တဆင့် တင်ပြသွားရမည်။

## သက်တမ်း

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ၏ သက်တမ်းသည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ၏ သက်တမ်းအတိုင်း ဖြစ်စေရမည်။

## အထွေထွေ

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ၏ လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အညီ ပြည်ထောင်စု ငြိမ်းချမ်းရေး

ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က ပြင်ဆင် ဖြည့်စွက်နိုင်သည်။

**နိဂုံး**

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် အများပြည်သူများ ကဏ္ဍအလိုက်ကျွမ်းကျင်သူများကို ရည်ရွယ်ပြီး ဒေသအလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း၊ အကြောင်းအရာ အလိုက်သော်လည်းကောင်း သတ်မှတ်ကာ ကျင်းပမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မကြာခင်ကျင်းပရန် ပြင်ဆင်နေသော အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် အများပြည်သူများ ကျယ်ပြန့်စွာပါဝင်နိုင်ရန် ပံ့ပိုးရန်လိုအပ်ကြောင်းပြောကြားရင်းနဲ့ နိဂုံးချုပ် တင်ပြအပ်ပါသည်။

## ညီလာခံအကြိုပြင်ဆင်ရေးကော်မတီ၏ ဆောင်ရွက်ချက်များကို ဦးလှမောင်ရွှေမှ အစီရင်ခံတင်ပြခြင်း

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ ပထမအစည်းအဝေးသို့ အကြိုပြင်ဆင်ရေးကော်မတီ၏ အစီရင်ခံစာ

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်**

မင်္ဂလာပါခင်ဗျား။ ကျနော် လှမောင်ရွှေပါ။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ ရာစု ပင်လုံ ပထမအစည်းအဝေးသို့ အကြိုပြင်ဆင်ရေး ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီကိုယ်စား ကျနော့်အနေနဲ့ အစီရင်ခံတင်ပြပါ့မယ်။

ညီလာခံ သဘာပတိကြီးများ၊ ညီလာခံ တက်ရောက်သူများ၊ လေ့လာသူများနဲ့ ဖိတ်ကြားထားသူများခင်ဗျား။

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးဖြစ်စဉ် စတင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးတရပ်ကို နေပြည်တော် သမ္မတအိမ်တော်၌ ခေါ်ယူခဲ့ပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်တွင် NRPC ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များနှင့် ၂၁ရာစု ပင်လုံ အကြိုပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးတရပ်ကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၃။ အဆိုပါအစည်းအဝေးမှ ချမှတ်ပေးသော မူဝါဒများနှင့်အညီ မေလ ၁၉ ရက်နေ့၊ ရန်ကုန်မြို့ရှိ NRPC ရုံး၌ ၂၁ရာစုပင်လုံ အကြိုပြင်ဆင်ရေးအတွက် တာဝန်ပေးအပ်ခြင်း ခံရသူများ တွေ့ဆုံပြီး လုပ်ငန်းတာဝန်များကို ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

၄။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ၂၁ရာစုပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်လာရေးနှင့် ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် 'ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – ၂၁ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ'နှင့် ဆပ်ကော်မတီ (၁) နှင့် (၂) တို့အား နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်က မေလ ၃၁ ရက်တွင် တရားဝင်အမိန့်စာအမှတ် (၂၆/ ၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာကာ ဖွဲ့စည်းပေးခဲ့သည်။

အမိန့်ကြေညာစာမှာ 'နိုင်ငံတော် အစိုးရသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ဦးစားပေးလုပ်ငန်းစဉ်တရပ်အနေဖြင့် ဆောင်ရွက်လျှက် ရှိပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးကို မျှော်မှန်း၍ ပြည်ထောင်

စု တိုင်းရင်းသားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ – ၂၁ရာစုပင်လုံကို ကျင်းပသွားမည် ဖြစ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးသည် နိုင်ငံသူနိုင်ငံသားများအတွက် အရေးတကြီးလိုအပ်ချက် ဖြစ်သည့်အပြင် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း မရှိမဖြစ် လိုအပ်ချက် ဖြစ်နေပါသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်ရေးမှာ အထူးပင် အရေးကြီးလှပါသည်။ သို့ပါ၍ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစု ပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်လာရေး၊ ညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် အတွက် 'ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ' ကို ဖွဲ့စည်းလိုက်သည်' ဟုဖော်ပြပါရှိပါသည်။

၆။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာ တင်မျိုးဝင်းနှင့် အဖွဲ့ဝင် ၁၆ ဦးပါဝင်သည်။ ကော်မတီတွင် ဆပ်ကော်မတီ ၂ ရပ် ပါရှိပါသည်။

၇။ NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ဆပ်ကော်မတီ(၁)ကို ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၄ ဦးတို့ ပါဝင်ပါသည်။

၈။ NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးသော အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ဆပ်ကော်မတီ(၂) အား ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်မျိုးဝင်းက ဦးဆောင်ပြီး အဖွဲ့ဝင် ၈ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၉။ ဆပ်ကော်မတီ(၂) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သည် NCA လက်မှတ်မရေးထိုးရသေးသောအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့သို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်တွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ ဖွဲ့စည်းထားသော အဖွဲ့ ၇ ဖွဲ့ကို ကိုယ်စားပြုသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် တွေ့ဆုံကာ အစိုးရ၏ ဆောင်ရွက်နေသော မူဝါဒများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ညီလာခံတွင် ပါဝင်လာနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

– ညီလာခံ တက်ရောက်သူများ ခင်ဗျား။

၁၀။ ဆပ်ကော်မတီ(၁) အနေဖြင့် ဇွန်လ ၉ ရက်မှ ၁၂ ရက်ထိ ၄ ရက်ကြာ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အကြို ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ရန်ကုန်မြို့၊ NRPC ရုံးတွင် ပြုလုပ်ခဲ့သည်။

၁၁။ ဇွန်လ ၁၇ ရက်တွင် ဆပ်ကော်မတီ(၂) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့်အဖွဲ့သည် အထူး

ဒေသ(၂) ဝပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် အထူးဒေသ(၄) မိုင်းလားအဖွဲ့များနှင့် မိုင်းလားမြို့၌ သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ NCA လက်မှတ်မရေးထိုးရသေးသော 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် NDAA အဖွဲ့တို့ ညီလာခံ တက်ရောက်နိုင်ရေး ဆွေးနွေးရှင်းပြကာ ဖိတ်ကြားခဲ့ပါသည်။

၁၃။ ဇွန်လ ၂၆ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) နှင့် နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံကို ဩဂုတ်လ နောက်ဆုံးရက်သတ္တပတ်ထက် နောက်မကျစေဘဲ ကျင်းပသွားနိုင်ရန် ညှိနှိုင်းခဲ့ကြသည်။

၁၄။ ဇူလိုင်လ ၁ ရက်တွင် ခူဦးရယ် ခေါင်းဆောင်သော DPN ကိုယ်စားလှယ်များကလည်း ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီ၏ ဖိတ်ခေါ်ချက်အရ ရန်ကုန်မြို့သို့ လာရောက်ကာ မူဘောင်ပြန်လည်သုံးသပ်ရေးတွင် ပါဝင်နိုင်ရေးနှင့် ၂၁ရာစုပင်လုံ တက်ရောက်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

၁၅။ ဇူလိုင် ၂ ရက်တွင် NSCN – K နာဂအဖွဲ့ နှင့် ဆပ်ကော်မတီ(၂) တို့ ရန်ကုန်မြို့ NRPC ရုံး၌ပင် တွေ့ဆုံခဲ့ကြပြီး ညီလာခံတွင် ပါဝင်နိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

၁၆။ ဇူလိုင် ၃ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီ အစည်းအဝေး၊ ဇူလိုင် ၅ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အကြိုပြင်ဆင်ရေးကော်မတီတို့၏ အစည်းအဝေး၊ ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဆပ်ကော်မတီ(၁)၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတို့ကို နေပြည်တော်၌ ဆက်တိုက် ကျင်းပခဲ့သည်။

၁၇။ ဇူလိုင် ၁၁ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ငြိမ်းချမ်းရေးကော်မရှင်၊ အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ငြိမ်းချမ်းရေး ကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာ တင်မျိုးဝင်း၊ အတွင်းရေးမှူးအဖြစ် ဦးခင်ဇော်ဦး၊ အဖွဲ့ဝင် ၃ ဦး၊ အကြံပေးအဖွဲ့ ၃ ဦး၊ အထောက်အကူပြု အဖွဲ့ဝင် ၇ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ (အမိန့်ကြေညာစာ ၅၁/ ၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့)

၁၈။ ဇူလိုင် ၁၆ နှင့် ၁၇ နံနက်ပိုင်းတို့တွင် DPN ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံတွင် ပါဝင်သွားနိုင်ရေး ကိစ္စရပ်ကို ရန်ကုန်မြို့၊ NRPC ရုံးတွင် အကြိုပြင်ဆင်ရေး ကော်မတီနှင့် ဆွေးနွေးခဲ့ကြသည်။

၁၉။ ဇူလိုင်လ ၁၇ ရက် ညနေပိုင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် UNFC ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့တို့ မိသားစုသဖွယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြသည်။

၂၀။ ဇူလိုင်လ ၂၀ ရက်တွင် ဆပ်ကော်မတီ(၂)သည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် DPN အဖွဲ့

နှင့် ထပ်မံတွေ့ဆုံ ဆွေးနွေးကာ ၎င်းတို့၏ အဆိုပြုချက်များကို ယူဆောင်လာခဲ့သည်။

၂၁။ ဇူလိုင်လ ၂၃ ရက်နေ့တွင် ငြိမ်းချမ်းရေးကော်မရှင် အနေဖြင့် ဇူလိုင် ၂၆ မှ ၃၀ ထိ မိုင်ဂျာယန်တွင် ပြုလုပ်မည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေးနှင့် ပတ်သက်၍ NCA ကို အခြေခံ၍ ပေါ်ပေါက်လာသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံသို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ စုံညီစွာ တက်ရောက်နိုင်စေမည့် ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၂၂။ ဇူလိုင်လ ၁၉ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဝ နှင့် မိုင်းလားအဖွဲ့ခေါင်းဆောင်များနှင့် နေပြည်တော်၌ တွေ့ဆုံကာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံတွင် ပါဝင်နိုင်ရေးနှင့် ငြိမ်းချမ်းရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

၂၃။ ဩဂုတ် ၁ ရက်တွင် ငြိမ်းချမ်းရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိုင်းလား၊ အထူးဒေသ(၄) နှင့် ရန်ကုန်မြို့ NRPC ရုံး၌ တွေ့ဆုံခဲ့ကြသည်။

၂၄။ အစိုးရသည် ဩဂုတ်လ ၈ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစု ပင်လုံကျင်းပရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို အမိန့်ကြေညာစာအမှတ်(၅၇/၂၀၁၆) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂၅။ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ငြိမ်းချမ်းရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ်၊ အထူးဒေသ(၄) မိုင်းလားမြို့တွင် TNLA, AA, MNDAA သုံးဖွဲ့နှင့်တွေ့ဆုံ၍ ညီလာခံနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

၂၆။ အကြိုပြင်ဆင်ရေးကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးများကို ဩဂုတ်လ ၁၁ ရက်တွင် UPDJC အဖွဲ့ဝင် နိုင်ငံရေးပါတီများနှင့်လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA လက်မှတ်ထိုး ၈ ဖွဲ့၊ DPN ၇ ဖွဲ့၊ မိုင်းလား) နှင့်လည်းကောင်း၊ ဩဂုတ်လ ၁၃ ရက်တွင် အစုအဖွဲ့ နှစ်ခုလုံးနှင့်လည်းကောင်း ရန်ကုန်မြို့၊ NRPC တွင် ပြုလုပ်ခဲ့သည်။

၂၇။ ဩဂုတ်လ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သတ္တမအကြိမ်မြောက် UPDJC အစည်းအဝေးကို နေပြည်တော်တွင် ပြုလုပ်ကာ ဩဂုတ်လ ၃၁ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – ၂၁ရာစုပင်လုံ ပထမအစည်းအဝေးကိုပြုလုပ်ရန် အတည်ပြုခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံ ပထမအစည်းအဝေး ကျင်းပရေး ပူးတွဲကော်မတီကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ NCA လက်မှတ်ထိုးသော အဖွဲ့များနှင့် လက်မှတ် မထိုးရသေးသော အဖွဲ့များပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦးစီဖြင့်လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေး လုပ်ငန်းကော်မတီကို ဒေါက်တာ တင်မျိုးဝင်း ဥက္ကဋ္ဌအဖြစ် ခေါင်းဆောင်ကာ အစုအဖွဲ့သုံးဖွဲ့မှ ကိုယ်စားလှယ် ၃ ဦးစီဖြင့်လည်းကောင်း ဖွဲ့စည်း

ခဲ့သည်။

၂၈။ ဩဂုတ်လ ၂၀ ရက်တွင် ဆပ်ကော်မတီ(၂) နှင့် DPN အဖွဲ့ အစည်းအဝေးကိုလည်းကောင်း၊ ဩဂုတ်လ ၂၁ နှင့် ၂၂ တွင် အကြိုပြင်ဆင်ရေးကော်မတီ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA လက်မှတ်ထိုး ၈ ဖွဲ့၊ DPN ၇ ဖွဲ့၊ မိုင်းလား) နှင့် UPDJC အဖွဲ့ဝင် နိုင်ငံရေးပါတီများ ပါဝင်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (မူကြမ်း) သုံးသပ်ခြင်းအစည်းအဝေးကိုလည်းကောင်း ပြုလုပ်ခဲ့သည်။

၂၉။ ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တို့ တွေ့ဆုံပွဲနှင့် ညနေပိုင်းတွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ကျင်းပကာ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ ပထမအစည်းအဝေးအား ဩဂုတ်လ ၃၁ ရက်တွင် ကျင်းပရန်အတွက် ပြင်ဆင်ဆောင်ရွက်မှုများကို အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

၃၀။ ဩဂုတ်လ ၂၈ ရက်တွင် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးကိုလည်းကောင်း၊ ဩဂုတ်လ ၂၉ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – ၂၁ ရာစုပင်လုံ ပထမအစည်းအဝေး ကျင်းပရေး ပူးတွဲကော်မတီ အစည်းအဝေးကိုလည်းကောင်း ကျင်းပခဲ့သည်။

– ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးများ ပိုမိုပါဝင်နိုင်ရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ ချိတ်ဆက်ပါဝင်လာနိုင်ရေးနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်ရေးတို့အတွက်လည်း တွေ့ဆုံပွဲ၊ ဆွေးနွေးပွဲပေါင်းများစွာ ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း တင်ပြလိုပါသည်။

– အချုပ်အားဖြင့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းလာရေးတို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– ၂၁ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီအနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို အစွမ်းကုန် ကြိုးစားထမ်းဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုရင်း ကော်မတီ၏ ညီလာခံသို့ အစီရင်ခံတင်ပြမှုအား နိဂုံးချုပ်ပါတယ်။

– အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။




KNU-DOI နှင့် Research Institute for Society and Ecology (RISE) တို့မှ
၂၀၁၇ ဇန်နဝါရီလတွင် ထုတ်ဝေသည်။